# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၆ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၀၄၇)


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘားအံမြို့ရှိ ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေး

## ကရင်ပြည်နယ်အတွင်း မြေနိမ့်ကော်ဖီများအား စိုက်ပျိုးဖြစ်ထွန်းအောင်ဆောင်ရွက်ခြင်းဖြင့် ဒေသဝင်ငွေကို တိုးတက်စေမည်

နေပြည်တော် နိုဝင်ဘာ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်မိရပ်ဖများအား ယနေ့နံနက်ပိုင်းတွင် တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဘားအံမြို့ရှိပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ MSME လုပ်ငန်းရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။


*စာမျက်နှာ ၃ ကော်လံ ၁* ❑




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး (MSME)လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

**ယနေ့ ဇာတ်စရာ**


ပညာရေးအဆင့် မြင့်မားပါမှ ..... ဆောင်းပါး စာ ၈

အဓိက ဦးစားပေးစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်သွားမည်ဟု လာအိုအစိုးရ ထပ်မံကတိပြု နိုင်ငံတကာသတင်း စာ ၁၄

မြန်မာ့အလင်း

# လူဦးရေဆုလာဘ် အနာဂတ်အင်အား

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် လူငယ်လူရွယ်များကို မှန်ကန်ထိရောက်အကျိုးရှိစွာ ဆောင်ရွက်စီမံပေးနိုင်ရန် အရေးကြီးသည်။ မိမိတို့နိုင်ငံတွင် လက်ရှိကာလအတွင်း အလုပ်လုပ်နိုင်သည့်အရွယ် လူငယ်လူရွယ်ဦးရေသည် များပြားနေဆဲ၊ တစ်နည်းအားဖြင့် လူဦးရေဆုလာဘ် ရရှိနေဆဲကာလဖြစ်ရာ နိုင်ငံတွင် ပိုင်ဆိုင်ထားသည့် လူသားအရင်းအမြစ်ကို မြှင့်တင်ပေးပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်စွာအသုံးချသွားရမည်ဖြစ်သည်။

မိမိတို့နိုင်ငံတွင် အလုပ်လုပ်နိုင်သည့် လူငယ်များ ပြည်ပသို့ ရွှေ့ပြောင်းသွားလာမှု များပြားလျက်ရှိရာ ယင်းသို့ရွှေ့ပြောင်းရန်အတွက် ပြည်တွင်းနှင့် ပြည်ပအခြေအနေအရပ်ရပ်တို့က တွန်းအားနှင့်ဆွဲအားတို့ကို ဖြစ်ပေါ်စေခြင်းကြောင့်ဖြစ်သည်။ ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်း၊ လူမှုစီးပွားရေး အခြေအနေ၊ နိုင်ငံရေးတည်ငြိမ်မှု စသည်တို့က လူငယ်တို့ ပြည်ပထွက်ခွာရန် တွန်းအားတို့ကိုဖြစ်စေပြီး အိမ်နီးချင်းနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှု၊ လုပ်ခလစာဆွဲဆောင်မှု စသည်တို့က လူငယ်များကို ဆွဲအားတို့ဖြစ်ပေါ်စေသည်။

လူငယ်များကို နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမြင့်မားသည့်လူ့စွမ်းအားအရင်းအမြစ်များဖြစ်လာစေရန် အသိပညာ၊ အတတ်ပညာ၊ အသက်မွေးဝမ်းကျောင်းပညာများကို သင်ကြားပေးပြီး အခွင့်အလမ်းများ ဖန်တီးပေးရန်လိုသည်။ လူငယ်တစ်ဦးချင်းစီတိုင်း ပညာတတ်မြောက်နေခြင်းအားဖြင့် ၎င်းတို့တစ်ဦးတစ်ယောက်ချင်းစီ၏ ဘဝများအတွက် ကောင်းမွန်စွာ တည်ဆောက်သွားနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံတော်၏ကဏ္ဍအသီးသီးအတွက် လိုအပ်သောလူ့စွမ်းအားအရင်းအမြစ်ကို ဖြည့်ဆည်းကာ နိုင်ငံကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။

"လက်ရှိအချိန်တွင် နိုင်ငံတော်၏ အနိမ့်ဆုံးပညာရေးရည်မှန်းချက်အဖြစ် KG+9 အထိ မသင်မနေရ ပညာရေးစနစ်ကို ချမှတ်ထားပြီး ပညာတတ်လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိနေကြောင်း။

"မိမိတို့နိုင်ငံ၏ ပညာရေးစနစ်သည် အတန်းပညာမှတစ်ဆင့် အတတ်ပညာ၊ အသိပညာအထိ ပြည့်စုံအောင် ဖန်တီးပေးထားသည့် စနစ်ကောင်းတစ်ခုပင်ဖြစ်ကြောင်း၊ အတတ်ပညာ၊ အသိပညာပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများကသာလျှင် နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း" နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က YMBA (ဗဟို) (၇၅) ကြိမ်မြောက် စိန်ရတု (၃၈) ဖြာ မင်္ဂလာတရားတော်နှင့် ဗုဒ္ဓဝင်စာမေးပွဲဆုချီးမြှင့်ပွဲအခမ်းအနား အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အလုပ်လုပ်နိုင်သည့် လူငယ်လူရွယ်ဦးရေ များပြားသည့် မိမိတို့နိုင်ငံတွင် လူငယ်များကို မြေတောင်မြှောက်ပြုစုပျိုးထောင်ပေးခြင်း၊ လူငယ်ကဏ္ဍတွင် အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံပေးခြင်းဖြင့် မကြာသော အနာဂတ်ကာလတွင် နိုင်ငံအတွက် ကောင်းကျိုးဖြစ်ထွန်းလာမည်ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုပါက အရည်အသွေးမြင့်မားသည့် လူငယ်များသည် နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်အားဖြစ်လာပြီး လူဦးရေဆုလာဘ်၏ ကောင်းကျိုးများကို လက်ဝယ်ပိုင်ဆိုင် ဆုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ လူငယ်လူရွယ်များ အရည်အသွေးမြင့်မားရေးအတွက် စီမံဆောင်ရွက်ပေးခြင်း၊ အခွင့်အလမ်းများနှင့် မျှော်လင့်ချက်များ ဖန်တီးပေးခြင်း၊ ပညာရေးကို လုပ်သားဈေးကွက်နှင့် ချိန်ညှိပေးပြီး ခိုင်မာသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ထူထောင်ပေးခြင်း၊ နည်းပညာနှင့် မောင်းနှင်သည့် အနာဂတ်မိမိတို့၏ လုပ်သားအင်အားကို ပြင်ဆင်ခြင်း၊ နိုင်ငံအတွင်း၌ ရေရှည်တည်တံ့ပြီး အရည်အသွေးရှိသည့် အလုပ်အကိုင်များဖန်တီးပေးခြင်း၊ ယနေ့ကျောင်းစာသင်ခန်းတွင် ရှိနေသည့်ကလေးတိုင်း မြန်မာနိုင်ငံ၏အနာဂတ်ကို ပခုံးပြောင်းပုံဖော်မည့် အသိပညာရှင်၊ အတတ်ပညာရှင်အဖြစ် မှတ်ယူပြီး ပညာရေးကို မြှင့်တင်ပေးခြင်းဖြင့် နိုင်ငံ၏ အနာဂတ်စွမ်းအား လူငယ်များကို ပြုစုပျိုးထောင်ကြရပါမည့်အကြောင်း။ ။

## နေ့သင်တန်းများဖွင့်လှစ်ကြောင်း ကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

**နေ့သင်တန်းများ ဖွင့်လှစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၏ သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှ စတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ကြေညာချက်

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန**
**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များနှင့် Polytechnic University များ၏ သင်တန်းနှစ်များအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်မှ စတင်ဖွင့်လှစ်သွားမည်ဖြစ်ရာ ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ ပိတ်ရက်မရှိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန**

## ကြေညာချက်

**သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန**
**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**
**ကြေညာချက်**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ အစိုးရနည်းပညာကောလိပ်များ၏ B.Tech ဘွဲ့သင်တန်းများအားလုံးကို ၂၄-၁၁-၂၀၂၅ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ပါသည်။ ကျောင်းအပ်လက်ခံခြင်းကို ၁၇-၁၁-၂၀၂၅ ရက်မှစတင်၍ လက်ခံဆောင်ရွက်မည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

**၁၅ - ၁၁ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉ . ၂၅ ဂရမ် / ကုဗစင်တီမီတာနှင့် အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ ၅၉၈၀၀၀၀ ကျပ် ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး သတ်မှတ်ရေးကော်မတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၆ - ၁၁ - ၂၀၂၅ — ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၈၅ | ၂၇၀၀ | ၂၆၆၅ | ၂၆၀၀ | ၂၇၀၅ | ၂၇၂၀ | ၂၇၃၅ | ၂၆၅၅ | ၄၅၀၅ | ၂၉၅၀ | ၂၆၇၀ | ၂၈၉၀ | ၂၇၄၅ | ၂၇၁၀ | ၂၇၃၀ | ၂၉၀၅ |
| 95 Ron | ၂၆၆၀ | ၂၇၇၅ | ၂၇၄၀ | ၂၆၇၅ | ၂၇၈၀ | ၂၇၉၅ | ၂၈၀၅ | ၂၇၃၀ | ၄၅၆၀ | ၃၀၂၅ | ၂၇၅၀ | ၂၉၇၅ | ၂၈၂၀ | ၂၇၈၅ | ၂၈၀၀ | ၃၀၆၅ |
| HSD (500 ppm) | ၂၅၄၀ | ၂၆၅၅ | ၂၆၂၀ | ၂၅၅၅ | ၂၆၆၀ | ၂၆၇၅ | ၂၆၉၅ | ၂၆၁၅ | - | ၂၉၀၅ | ၂၆၃၀ | ၃၂၉၀ | ၂၇၀၀ | ၂၆၆၅ | ၂၆၉၀ | ၂၉၄၅ |
| HSD (50 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၁၆၅ | ၃၁၀၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၃၅ | ၃၁၅၅ | ၄၈၃၀ | ၃၄၅၀ | ၃၁၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |
| HSD (10 ppm) | ၃၀၈၅ | ၃၂၀၀ | ၃၁၆၅ | ၃၁၀၀ | ၃၂၀၅ | ၃၂၂၀ | ၃၂၃၅ | ၃၁၅၅ | - | ၃၄၅၀ | ၃၁၇၅ | ၃၃၄၅ | ၃၂၄၅ | ၃၂၁၀ | ၃၂၃၀ | ၃၄၉၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၂၈ | ၂၅၁၀ |
| 95 Ron | ၂၅၀၃ | ၂၅၈၆ |
| HSD (500 ppm) | ၂၃၈၇ | ၂၄၆၄ |
| HSD (50 ppm) | ၂၉၁၃ | ၃၀၀၁ |
| HSD (10 ppm) | ၂၉၁၃ | ၃၀၀၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။
(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

မြန်မာ့အလင်း

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဟန်လင်းအောင် | | **သတင်းထောက်မှူး** - ခင်ရတနာ | |
| **စာတည်းမှူး** - မြင့်စိုး | | **အကြီးတန်း** - ကျော်သူဝင်း၊ တင်မောင်လွင်၊ | |
| **စာတည်းများ** - ကျော်ဇေယျာမြင့်၊ နေဇာဇာထွန်း | | **သတင်းထောက်များ** ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) | |
| **ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်၊ ဇော်ဝိုင်းအောင်၊ ဝေသူနွယ် | | **ဓာတ်ပုံသတင်းထောက်** - တင်စိုး | |
| | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - မို့မို့အေးနှင့် နွဲ့မွှန်တို့အဖွဲ့ | |
| **သုတေသန** - အိအိခင်နှင့် အဖွဲ့ | | **အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့ | |
| **စာပြင်** - ဇော်မင်းသန်းနှင့် အဖွဲ့ | | | |

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်ပြည်နယ် ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားစဉ်။

❖ နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့် ဒေသများတွင် တိုးတက်မှုများ ရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်မဟုတ်

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန် လိုအပ်သကဲ့သို့ ဒေသတွင်နေထိုင်သည့်သူများကလည်း အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်

❖ နိုင်ငံရေးမောင်းနှင်အားကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အား ကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အား ကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေအရေးကြီး

❑ *ရှေ့မှ*

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ်က ရွေးကောက်ပွဲကျင်းပပြုလုပ်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိမှု၊ ပြည်နယ်ဆိုင်ရာအချက်အလက်များ၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် တစ်ဧကအထွက်နှုန်းတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ငါး/ပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်လုပ်မှုများ တိုးတက်စေရေး သင်တန်းများပို့ချပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများဆောင်ရွက်လျက်ရှိမှု၊ ဒေသဝမ်းစာဖူလုံမှု၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်လျက်ရှိမှု၊ ဒေသအတွင်း ခရီးသွားလုပ်ငန်းများဆောင်ရွက်လျက်ရှိမှုနှင့် ပြည်တွင်း ပြည်ပ ခရီးသွားများဝင်ရောက်မှု၊ ပြည်နယ်အတွင်း ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း တရားမဝင်ရောက်ရှိနေသည့် ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးလျက်ရှိမှု၊ ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့မှုများဆောင်ရွက်ပေးလျက်ရှိမှု၊ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ရန်လျာထားဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက ဘားအံမြို့တွင် သံလွင်မြစ်၏ မြစ်ရေများ ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများ ရေဘေးသင့်ခဲ့မှုကြောင့် နိုင်ငံတော်အစိုးရနှင့် တိုင်းဒေသကြီးပြည်နယ်အစိုးရမှ အစားအသောက်များနှင့် လိုအပ်သည်များကို ထောက်ပံ့ပေးခဲ့မှုနှင့် ဘားအံမြို့တွင် သံလွင်မြစ် ရေကြီးရေလျှံမှုမရှိစေရေးအတွက် လိုအပ်သည့် မြစ်ကြောင်းရှင်းလင်းရေးလုပ်ငန်းများအား ဆောင်ရွက်ပေးစေလိုမှု၊ မွေးမြူရေးလုပ်ငန်းအတွက်လိုအပ်သည့် ရင်းနှီးမြှုပ်နှံငွေများ ထပ်မံထုတ်ချေးပေးစေလိုမှု၊ စပါးစိုက်ပျိုးရေးအတွက် လိုအပ်သောသွင်းအားစုများ ပံ့ပိုးကူညီပေးစေလိုမှု၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ တိုင်းရင်းသားဘာသာစကား သင်ကြားလျက်ရှိသည့် တိုင်းရင်းသားဆရာ ဆရာမများအား ထောက်ပံ့ကြေးတိုးမြှင့်ပေးစေလိုမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများနှင့်ပတ်သက်၍ ပြည်နယ်အဆင့်တာဝန်ရှိသူများက သံလွင်မြစ် ရေကြီးရေလျှံမှုလျော့နည်းစေရေး လိုအပ်သည့်မြစ်ကြောင်းနေရာများအား သောင်တူးဖော်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်စီစဉ်ဆောင်ရွက်လျက်ရှိမှု၊ ဘားအံမြို့အား ရေကြီးရေလျှံမှုလျော့ပါးစေရေး ရေထိန်းတမံများတည်ဆောက်ရန်အတွက် လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများအား ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

## ဝိုင်းဝန်းဆောင်ရွက်သွားရန်လို

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့်ပတ်သက်၍ ဘားအံမြို့၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်နှင့် အခြားမြို့များ၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်များအား တွက်ချက်၍ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘားအံမြို့ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ အထက်ပိုင်းဒေသတွင် မိုးများစွာရွာသွန်းသည့်အချိန်နှင့် ဒီရေတက်သည့်အချိန်များတွင် ရေကြီးရေလျှံမှုများကို ပိုမိုဖြစ်ပေါ်စေကြောင်း၊ ဘားအံဒေသအတွင်း ယခင်ကစီမံဆောင်ရွက်ခဲ့သည့် ဟတ်ကြီးရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်မည်ဆိုပါက ရေကြီးရေလျှံမှုများကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် ဒေသအတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည် ဖြစ်သကဲ့သို့ သဘာဝအရဖြစ်ပေါ်လာသည့် ရေကြီးရေလျှံမှုများကိုလည်း အထိုက်အလျောက် လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသခံပြည်သူများအနေဖြင့် အဆိုပါ ရေအားလျှပ်စစ် စီမံကိန်းအောင်မြင်စွာဆောင်ရွက်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကရင်ပြည်နယ်သည် သာယာလှပသည့်ဒေသတစ်ခုဖြစ်ပြီး ပြည်တွင်းပြည်ပ ခရီးသွားများ စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိသည့်နေရာတစ်ခုဖြစ်ကြောင်း၊ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့သာယာလှပရေးနှင့် ဒေသသာယာလှပရေးအတွက် ဆောင်ရွက်ကြရန်လိုသကဲ့သို့ ဒေသရိုးရာအစားအသောက်များကိုလည်း ပိုမိုသန့်ရှင်းပြီး ခရီးသွားများအား ဆွဲဆောင်မှုရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းသည် ဒေသအတွက်ဝင်ငွေများစွာရရှိစေသဖြင့် ဒေသအတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းမည်ဆိုပါက ခရီးသွားလုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သဖြင့် ဒေသခံပြည်သူများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများက နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည့်မြေနေရာများအား ဥပဒေနှင့်အညီ ခွင့်ပြုဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ ဘားအံမြို့အတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်မှုကို တားဆီးကာကွယ်နိုင်ရေးအတွက် မြေပြင်ကွင်းဆင်းလေ့လာဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဒေသဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံထုတ်ပေးသွားမည့်အခြေအနေများ၊ စပါးစိုက်ပျိုးရေးအတွက် သွင်းအားစုများ ပံ့ပိုးပေးလျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း မြေနိမ့်ကော်ဖီ (ရိုဘတ်စတာမျိုး) များ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နိုင်မှု၊ ငရုတ်ကောင်းစိုက်ပျိုးမှု တိုးတက်စေရေးအတွက်လည်း ဆောင်ရွက်စေလိုမှု၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်စေရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိမှု၊ လယ်ယာမြေများကို ဥပဒေနှင့်အညီ အသုံးပြုဆောင်ရွက်ရန်လိုအပ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်သွင်းအားစုများ ရရှိစေရေး ဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးလိုအပ်သည့် လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေးနှင့် အခြားလိုအပ်သည်များအား ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိမှု၊ ကျေးလက်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြစိမ်းရောင်စီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိမှု၊ စက်မှု၊ စိုက်ပျိုးမွေးမြူရေးသင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိမှု၊ ကရင်ပြည်နယ်အတွင်း သစ်ပင်သစ်တောများ တိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် အခြားကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်အေးချမ်းသာယာပြီး ငြိမ်းချမ်းပါစေကြောင်း၊ ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အနေဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မကြာမီကာလအတွင်း ရွေးကောက်ပွဲကျင်းပပြုလုပ်တော့မည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြီးဆုံးပြီးချိန်တွင် ရွေးကောက်ခံကိုယ်စားလှယ်များနှင့် အစိုးရအသစ်ဖြင့် နိုင်ငံတော်တာဝန်ကို

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ လိုလားချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်တွင် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်ကြောင်း၊ ကောင်းမွန်သည့် ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် ကောင်းမွန်သည့် နိုင်ငံရေးလမ်းကြောင်းကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **နယ်မြေတည်ငြိမ်အေးချမ်းမှုရှိသည့်ဒေသများတွင် တိုးတက်မှုများရရှိနိုင်မည်ဖြစ်သကဲ့သို့ တည်ငြိမ်အေးချမ်းမှုမရှိသည့်ဒေသများတွင် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနိုင်မည်မဟုတ်ကြောင်း။**

**အမှန်တကယ်အလုပ်လုပ်ရန် လိုအပ်**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ငြိမ်အေးချမ်းမှုရှိရန်လိုအပ်သကဲ့သို့ ဒေသတွင်နေထိုင်သည့်သူများကလည်း အမှန်တကယ်အလုပ်လုပ်ရန်လိုအပ်ကြောင်း၊ အလားတူ ပညာရည်မြင့်မားရေးသည်လည်း မဖြစ်မနေလိုအပ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဖွဲ့စည်းပြီးချိန်တွင် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"** ၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့"** ၊ **"နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစို့"** ဆိုသည့် ဆောင်ပုဒ်များကို ချမှတ်ထားကြောင်း၊ ဒေသတစ်ခု၊ နိုင်ငံတစ်ခုအနေဖြင့် အလုပ်လုပ်ကိုင်မှသာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းကို ဆောင်ရွက်ခြင်းသည် ပုဂ္ဂလိကနှင့် နိုင်ငံတော်အတွက် အကျိုးရှိသည့်လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အတတ်ပညာများ လိုအပ်ကြောင်း၊ အတတ်ပညာရှိရန်အတွက် အတန်းပညာများမြင့်မားရန်လိုအပ်သဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပညာရည်အားနည်းသူများကို ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန်အတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံတွင် တက္ကသိုလ်ဝင်တန်း စာမေးပွဲဝင်ရောက်ဖြေဆိုခဲ့ပြီး အောင်မြင်မှုမရှိခဲ့သည့် ကျောင်းသား ကျောင်းသူများ များစွာရှိကြောင်း၊ ၎င်းတို့အား နိုင်ငံတော်အတွက် မည်ကဲ့သို့အသုံးချနိုင်မည်ကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် တာဝန်ရှိသူများ၊ ပညာရှင်များနှင့် တိုင်ပင်၍ သက်ဆိုင်ရာပညာရပ်များအလိုက် လုပ်ငန်းခွင်ဝင်ရောက်နိုင်သည့် Polytechnic ကျောင်းများ ဖွင့်လှစ်သင်ကြားနိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်း။

တိုးတက်သည့်နိုင်ငံတိုင်းသည် ပညာတတ်များ ပေါကြွယ်ဝပြီး ရာနှုန်းပြည့်နီးပါးခန့် အဆင့်မြင့်ပညာများ တတ်မြောက်သည့်နိုင်ငံများဖြစ်သည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အခြေခံပညာအဆင့်၊ အလယ်တန်းပညာအဆင့်၊ အထက်တန်းပညာအဆင့်နှင့် အဆင့်မြင့်ပညာအဆင့်များအလိုက်




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုစဉ်။

## " ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများ ပင်ဖြစ် "

ပြီးဆုံးမှုများမှာ ရာခိုင်နှုန်းအလိုက် နည်းပါးမှုရှိသည်ကို တွေ့ရကြောင်း၊ ကရင်ပြည်နယ်အတွင်း အလုပ်အကိုင်အခွင့်အလမ်းများစွာရှိပြီး အမှန်တကယ်လုပ်ကိုင်နိုင်ကြရန်နှင့် နည်းစနစ်တကျဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

ကရင်ပြည်နယ်အတွင်း တစ်ဇကေအထွက်နှုန်းပန်းတိုင်ရည်မှန်းချက်ပြည့်မီရေးအတွက် လိုအပ်လျက်ရှိနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဝမ်းစာဖူလုံမှုနှင့် ဒေသဝင်ငွေတိုးတက်ရေးကို များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ငွေကြေးတန်ဖိုး တိုးတက်စေရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်များ ပိုမိုတိုးတက်ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့နိုင်ရန်လိုကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံအတွင်း ငွေကြေးလည်ပတ်မှုများ တိုးတက်ကောင်းမွန်လာပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်း ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများ လိုအပ်ကြောင်း၊ **နိုင်ငံရေးမောင်းနှင်အားကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အားကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေအရေးကြီးသည့်**ကဏ္ဍမှ ပါဝင်သဖြင့် စီးပွားရေးအားကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း။

ကရင်ပြည်နယ်အတွင်း လယ်ယာမြေအများစု၌ ရေများဖုံးလွှမ်းလျက်ရှိသည်ကို တွေ့ရကြောင်း၊ ထိုသို့ရေများဖုံးလွှမ်းလျက်ရှိခြင်းကြောင့် ဆောင်းသီးနှံများ အချိန်မီ စိုက်ပျိုးရန်အတွက် အခက်အခဲရှိသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ရေဖုံးလွှမ်းမှုများ လျော့နည်းစေရေးအတွက် နည်းလမ်းများ ရှာဖွေ၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကရင်ပြည်နယ်အတွင်း ပုစွန်မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်သဖြင့် ပိုမိုတိုးချဲ့ဆောင်ရွက်သွားမည်ဆိုပါက ဒေသအကျိုးအတွက် များစွာအထောက်အကူပြုစေမည် ဖြစ်ကြောင်း၊ အလားတူ ဒေသအတွက်လိုအပ်သည့် အသား၊ ငါးနှင့် ဥများ ထုတ်လုပ်မှုတိုးတက်စေရေး မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် ထိုက်သင့်သည့် အသား၊ ငါးဈေးနှုန်းများ ဖြစ်လာမည်ဖြစ်ကြောင်း။

**ပညာရည်ဖွံ့ဖြိုးတိုးတက်စေရေး**

ကရင်ပြည်နယ်အတွင်း ပညာရည်မြင့်မားစေရေးအတွက် တန်းစဉ်ကူးပြောင်းမှုများ မြင့်မားနေရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးအရ တန်းစဉ်ကူးပြောင်းမှုများ နည်းပါးနေသေးကြောင်း၊ ပညာရေးကို အားပေးမှသာ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ အထက်တန်းပညာအဆင့် ပြီးဆုံးအောင်သင်ကြားနိုင်မှုမရှိသူများအတွက်လည်း အလုပ်အကိုင်များရရှိရေး ဆောင်ရွက်ပေးသွားရန် လိုကြောင်း၊ ရှိပြီးသား လူသားအရင်းအမြစ်များ လုပ်ငန်းခွင်များတွင် အလုပ်လုပ်ကိုင်နိုင်စေရေး သင်တန်းများဖွင့်လှစ်ဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ခရိုင်များအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုအထက်တန်းကျောင်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းဖြင့် အထွက်နှုန်းများ တိုးတက်လာပြီး တောင်သူတစ်ဦးချင်း၏ ဝင်ငွေများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း ပညာရည်ဖွံ့ဖြိုးတိုးတက်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ကရင်ပြည်နယ်သည် နိုင်ငံလွတ်လပ်ရေးရပြီးချိန်ကတည်းက လက်နက်ကိုင်သောင်းကျန်းမှုများကြောင့် တည်ငြိမ်အေးချမ်းမှုများ ပျက်ယွင်းပြီး ပြည်နယ်အတွင်းနေထိုင်သည့် ပြည်သူများထိခိုက်သကဲ့သို့ နိုင်ငံတော်အနေဖြင့်လည်း ထိခိုက်မှုများရှိကြောင်း၊ **ကရင်ပြည်နယ် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင်လုပ်ဆောင်နေသူများသည် ကရင်ပြည်နယ်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းများ ပင်ဖြစ်**ကြောင်း၊ တည်ငြိမ်အေးချမ်းမှု ရှိမှသာလျှင်

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လူငယ်စင်တာအတွင်း လူငယ်စကားဝိုင်းပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

*စာမျက်နှာ ၄ မှ*

ပညာသင်ကြားနိုင်မည်၊ ပြည်သူများ၏ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကိုဆောင်ရွက်နိုင်မည်၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင်ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်း နေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လို**ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကရင်ပြည်နယ်အတွင်း ဒေသတည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် လုပ်ဆောင်နေမှုများကို ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း၊ **အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ KK park နေရာအား တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

**ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးရန်လို**

မကြာမီကာလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲအား လုံခြုံရေးပိုင်းဆိုင်ရာအရ အပိုင်းသုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြုလုပ်ရာတွင် မဲမသမာမှုများလုပ်ဆောင်၍ မရနိုင်သည့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုမဖြစ်စေရေးနှင့် ဆန္ဒမဲများပေးနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံရေးစနစ်ကိုကျင့်သုံးရာတွင် မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် ဖက်ဒရယ်စနစ်ကိုဆောင်ရွက်ရမည်ဖြစ်ပြီး လူကိုအခြေခံသည့် ဖက်ဒရယ်စနစ်မဟုတ်ဘဲ ဒေသကိုအခြေခံသည့် ဖက်ဒရယ်စနစ်ကို ကျင့်သုံးဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့ကျင်းပသည့် ရွေးကောက်ပွဲသည် သိက္ခာရှိသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲများပေးရန်လိုကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အနေဖြင့် မိမိတို့နိုင်ငံ၏ နည်းလမ်းတကျဖြစ်သည့် နိုင်ငံရေးစနစ်ဖြစ်စေရေး ရွေးကောက်ပွဲသည် အခြေခံဖြစ်သဖြင့် ရွေးကောက်ပွဲအောင်မြင်စေရေး ဆောင်ရွက်ပေးကြရန်လိုကြောင်း။

ဆန္ဒမဲပေးရာတွင်လည်း ဒေသအကျိုးကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်သူ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံ့အကျိုးကို ဆောင်ရွက်ပေးနိုင်သူ၊ နိုင်ငံတော်မှတရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများနှင့်အတူတကွ ပူးပေါင်း၍ နိုင်ငံတော်၏အကျိုးကို ဆောင်ရွက်နိုင်သည့် စိတ်ရှိသူ၊ မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာနှင့် ယဉ်ကျေးမှုကို ကာကွယ်စောင့်ရှောက်လိုစိတ်ရှိသူ၊ ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်သည့်သူများကို ရွေးချယ်နိုင်ရန်လိုကြောင်း။

စိုက်ပျိုးရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကုန်းမြင့်ကော်ဖီများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသကဲ့သို့ မြေနိမ့်ကော်ဖီဖြစ်သည့် (ရိုဘက်စတာမျိုး) များစိုက်ပျိုးဖြစ်ထွန်းသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံမှထွက်ရှိသည့် ကော်ဖီများသည် ပြည်ပဈေးကွက်ဝင်ထုတ်ကုန်များဖြစ်ကြောင်း၊ ထို့ကြောင့် ကရင်ပြည်နယ်အတွင်း စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် မြေနိမ့်ကော်ဖီများအား စိုက်ပျိုးဖြစ်ထွန်းအောင် ဆောင်ရွက်ခြင်းဖြင့် ဒေသဝင်ငွေကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်းရှိ သရက်၊ ရော်ဘာ၊ ဒူးရင်း၊ ကွမ်းစသည့် စိုက်ပျိုးရေးခြံများ၌ မြေနိမ့်ကော်ဖီများကို သီးညှပ်အဖြစ် စိုက်ပျိုးသွားမည်ဆိုပါက ဒေသအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

ကရင်ပြည်နယ်အတွင်း ဝါးများ ပေါများစွာ ထွက်ရှိသဖြင့် ဝါးကိုအခြေခံသည့် လက်မှုပစ္စည်းများ၊ ပျော့ဖတ်များကို ထုတ်လုပ်နိုင်ကြောင်း၊ ထိုသို့ ဝါးပျော့ဖတ်များကို ထုတ်လုပ်နိုင်ခြင်းဖြင့် ပြည်ပမှ စက္ကူများတင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ ရော်ဘာစိုက်ပျိုးမှုနှင့် ပတ်သက်၍လည်း မိမိတို့နိုင်ငံမှထွက်ရှိသည့် ရော်ဘာများကို တရားမဝင်လမ်းကြောင်းများမှ ပြည်ပသို့ တင်ပို့လျက်ရှိသဖြင့် နိုင်ငံတော်အနေဖြင့် ထိခိုက်မှုများရှိကြောင်း၊ ရော်ဘာများထုတ်လုပ်ရာတွင်လည်း အရည်အသွေးပြည့်မီစွာဖြင့်ထုတ်လုပ်နိုင်ရန်လိုပြီး ပြည်နယ်အတွင်း၌ ရော်ဘာကိုအခြေခံသည့် စက်ဘီးနှင့် မော်တော်ဆိုင်ကယ်တာယာများကို ထုတ်လုပ်သွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွား ကြရန်လိုကြောင်း။

ငရုတ်ကောင်းစိုက်ပျိုးရေးနှင့် ပတ်သက်၍ ဥယျာဉ်ခြံမြေများ၌ သီးညှပ်အဖြစ် စိုက်ပျိုးသွားမည်ဆိုပါကဒေသဝင်ငွေကို တိုးတက်စေမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများမှဝင်ငွေများ တိုးတက်လာခြင်းဖြင့် ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပြီး ဒေသတွင်းစီးပွားရေးများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အမှန်တကယ်အလုပ်လုပ်ကြရန်လိုကြောင်း၊ ထိုသို့ အလုပ်လုပ်နိုင်ရန်အတွက် တည်ငြိမ်အေးချမ်းမှုရှိရန်နှင့် ပညာရေးအားပေးကြရန် မဖြစ်မနေလိုအပ်ကြောင်း ပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖွဲ့ကပင်မိုးလုံလေလုံအားကစားရုံတည်ဆောက်နေမှုလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**“ ပြည်နယ်၏ဖွံ့ဖြိုးတိုးတက်မှုကို ဖျက်ဆီးနေသည့် တည်ငြိမ်အေးချမ်းမှု ပျက်ယွင်းအောင် ဆောင်ရွက်နေမှုများကို ပြည်နယ်အတွင်း နေထိုင်ကြသူများအနေဖြင့် နည်းလမ်းပေါင်းစုံဖြင့် ကာကွယ်ဆောင်ရွက်သွားကြရန်လို ”**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ခင်းကျင်းပြသထားသည့် ကရင်ပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများမှ ထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများအား စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကရင်ပြည်နယ် လူငယ်စင်တာသို့ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် ပြည်နယ်လူမှုရေးရာဝန်ကြီးက စင်တာတည်ဆောက်မှုဆိုင်ရာများ၊ သင်တန်းများ ဖွင့်လှစ်ခဲ့မှုနှင့် နည်းပညာရပ်ဆိုင်ရာဟောပြောပွဲများ ပို့ချပေးခဲ့မှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ခေါင်းဆောင်မှုပညာရပ်များသင်ကြား**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက စင်တာအား အကျိုးရှိရှိအသုံးချသွားရန်လိုပြီး ကရင်ပြည်နယ်အတွက် တိုက်ရိုက်အကျိုးဖြစ်စေနိုင်မည့်သင်တန်းများ၊ လုပ်ငန်းခွင်တွင် တိုက်ရိုက်အသုံးချနိုင်မည့် အတတ်ပညာသင်ကြားပေးခြင်းများဖြစ်ရန် လိုကြောင်း၊ လူငယ်များသည် နောင်အနာဂတ်တွင် လူကြီးများ၏ တာဝန်များကို လွှဲပြောင်းထမ်းဆောင်ကြမည့်သူများ ဖြစ်သဖြင့် သိသင့်သိထိုက်သည့်၊ တတ်သင့်တတ်ထိုက်သည့် အသိပညာ၊ အတတ်ပညာများ၊ နိုင်ငံ့အရေးများ၊ ခေါင်းဆောင်မှုပညာရပ်များကိုလည်း အခြေခံအားဖြင့် သင်ကြားပေးရန်လိုကြောင်း၊ စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာတတ်ပြီး အသိအမြင်ကောင်းစွာဖြင့် လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရေး ဆောင်ရွက်ပေးသွားရန်လိုကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် လူငယ်စင်တာအတွင်း လူငယ်များ Indoor Game များ လေ့ကျင့်နေမှု၊ လူငယ်စကားဝိုင်းပြုလုပ်နေမှု၊ အိမ်တွင်းမှုလုပ်ငန်းများ သင်ကြားဆောင်ရွက်နေမှု၊ ဂီတခန်းအတွင်း ဂီတပညာများ သင်ကြားပေးနေမှု၊ ပန်းချီသင်တန်း သင်ကြားပို့ချပေးနေမှု၊ ကွန်ပျူတာနည်းပညာများ သင်ကြားပြသပေးနေမှု၊ စာကြည့်တိုက်အတွင်း လူငယ်များ စာပေဖတ်ရှုလေ့လာနေမှုများနှင့် အိပ်ခန်းများနှင့် စားသောက်ခန်းတို့အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဘားအံတက္ကသိုလ်ဝင်းအတွင်းနှင့် ဘားအံမြို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် လှာကမြင်ကွက်သစ်ရှိ ဖွဲ့ကပင်မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုအား သွားရောက်ကြည့်ရှုစစ်ဆေးရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက အားကစားရုံအား ဘဏ္ဍာရေးနှစ်အလိုက် တည်ဆောက်ပြီးစီးမှုအခြေအနေများ၊ အခန်းများ ထည့်သွင်းဖွဲ့စည်းတည်ဆောက်ထားမှုအခြေအနေများ၊ ကျင်းပပြုလုပ်နိုင်သည့် အားကစားနည်းများနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အားကစားရုံအား တည်ဆောက်ရာတွင် စနစ်တကျဖြစ်စေရေးနှင့် သတ်မှတ်စံချိန်စံညွှန်းများကိုက်ညီမှုရှိစေရေး စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဖွဲ့ကပင်မိုးလုံလေလုံအားကစားရုံ တည်ဆောက်နေမှုလုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**“ အွန်လိုင်းငွေကြေးလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသည့် မြန်မာ-ထိုင်းနယ်စပ်အနီးရှိ KK park နေရာအား တပ်မတော်အနေဖြင့် ရှင်းလင်းဆောင်ရွက်နေပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အပြီးပြတ်ရှင်းလင်းဆောင်ရွက်သွားမည်ဖြစ် ”**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်မြို့ ကျိုက်သလ္လံစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်မြို့ ကျိုက်သရေဆောင် ကျိုက်သလ္လံ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည် ဖူးမြော်ကြည်ညိုစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များနှင့်အတူ ယနေ့ညနေပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ကျိုက်သရေဆောင် ကျိုက်သလ္လံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုသည်။

**ဖူးမြော်ကြည်ညို**

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စေတီတော်မြတ်ကြီးအားလက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညို၍ မော်လမြိုင်မြို့ ညနေ နေဝင်ချိန်ရှုခင်းအား ကြည့်ရှုသည်။

**ကပ်လှူပူဇော်**

ထို့နောက် စေတီတော်မြတ်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ပြီး အလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**ညဈေးတန်းကြည့်ရှု**

အလားတူ ယနေ့ညနေပိုင်းတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ကမ်းနားလမ်းသို့ ရောက်ရှိပြီး ကမ်းနားလမ်းရှိ ညဈေးတန်း၌ ဒေသရိုးရာအစားအသောက်များ၊ ဈေးဆိုင်ခန်းများဖွင့်လှစ်ရောင်းချနေမှုများကို လိုက်လံကြည့်ရှုပြီး ဈေးရောင်းချနေသူများနှင့် လာရောက်စားသုံးကြသည့် ပြည်သူလူထုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ကမ်းနားလမ်း မြစ်ကမ်းဘက်ခြမ်း၌ အားကစားပြုလုပ်ရန်နှင့် အပန်းဖြေရန်နေရာများပြုလုပ်သွားရန်နှင့် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ ကမ်းနားလမ်းတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မော်လမြိုင်မြို့ ကမ်းနားလမ်းရှိ ညဈေးတန်း၌ လာရောက်စားသုံးကြသည့် ပြည်သူများနှင့် ဈေးရောင်းချနေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

# ကချင်ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားတို့၏ ရိုးရာကောက်သစ်စား (အင်လုံ အင်နန်ရှား)ပွဲတော်ကျင်းပ

**မြစ်ကြီးနား နိုဝင်ဘာ ၁၅**

ကချင်ပြည်နယ်အတွင်းရှိ ဌာနေတိုင်းရင်းသားတို့၏ ထင်ရှားသည့် ရိုးရာပွဲတော်တစ်ခုဖြစ်ပြီး နှစ်စဉ် ဆန်စပါးနှင့် ကောက်ပဲသီးနှံ ရိတ်သိမ်းပြီးချိန်တွင် ကျင်းပသည့် ရိုးရာကောက်သစ်စား (အင်လုံ အင်နန်ရှား)ပွဲတော်ကို ယခု ၂၀၂၅ ခုနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှု အသင်းချုပ်တို့ပူးပေါင်း၍ ယနေ့နံနက် ၉ နာရီက မြစ်ကြီးနားမြို့ စီတာပူမနောကွင်းအတွင်းရှိ မဂ္ဂယ်ခန်းမ၌ ဌာနေတိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း၊ ဒေါက်တာ မျိုးသိန်းကျော်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဗဟိုအကြံပေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး မနောကွင်းအတွင်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တာဝန်ရှိသူများ၊ ဝမ်ပေါင်ဘင်ခရာအဖွဲ့၊ ရိုးရာညှိနှိုင်းကြိုအကအဖွဲ့၊ ဘင်ခရာပန်းဖွားအဖွဲ့တို့က ကြိုဆိုကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် ရိုးရာကောက်သစ်စားပွဲတော်မုခ်ဦး၌ ကတ်သလစ်အသင်းတော် ဖာသာ ဒေါက်တာယုံဝါက အမွှေးနံ့သာရည်ပက်ဖျန်း၍ ကောင်းချီးတောင်းခံဆုတောင်းပေးပြီး ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့၏ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှု အသင်းချုပ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ယာပုံ)** ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ သိက္ခာတော်ရဆရာတော်များ၊ တိုင်းရင်းသားများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ရိုးရာကောက်သစ်စား ကျေးဇူးတော် ချီးမွမ်းပွဲအခမ်းအနားကို ခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ပေါင်ဘင်ခရာအဖွဲ့ဦးဆောင်၍ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား တိုင်းရင်းသူများက ကောက်ဦးပလိုင်းများကို သယ်ဆောင်နေရာချထားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားသည်။

### ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကောက်သစ်စားပွဲတော်၏ အနှစ်သာရဖြစ်သည့် စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ ဘိုးဘေးများ၏ ရိုးရာဓလေ့ကို တန်ဖိုးထားထိန်းသိမ်းခြင်းနှင့် ဆန်ရေစပါးပေါကြွယ်ဝခြင်းကို ဖော်ဆောင်ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ခြင်းကို ထုတ်ဖော်ပြသခြင်းဖြစ်သည့်အတွက် နိုင်ငံတော်အတွက် သာမက ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု၊ စည်းလုံးညီညွတ်မှုနှင့် ငြိမ်းချမ်းသာယာဝပြောမှုတို့ ယခုထက်ပိုမိုတိုးတက် မြင့်မားလာပါစေကြောင်း ပြောကြားသည်။

ထို့နောက် ဘာသာရေးအသင်းအဖွဲ့အသီးသီးမှ ဖာသာများ၊ သိက္ခာတော်ရဆရာများက ဦးဆောင်၍ အဖွင့်ကျမ်းစာဖတ်ကြားခြင်း၊ ဆုတောင်းဆက်ကပ်ခြင်း၊ ဓမ္မတေးသီချင်းသီဆိုခြင်းနှင့် တိုင်းရင်းသား တိုင်းရင်းသူလေးများ၏ ကောက်ပဲသီးနှံ တေးကဗျာရွတ်ဆိုခြင်း၊ ဓမ္မဒေသနာတော် ဟောပြောခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ကောက်ဦးပလိုင်းလက်ဆောင်များကို အခမ်းအနားတက်ရောက်ကြသည့်ပြည်ထောင်စုဝန်ကြီးများ၊ ဗဟိုအကြံပေးအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များထံ ပေးအပ်ကြသည်။

ဆက်လက်၍ အစားအသောက်အတွက် ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဓမ္မတေးချင်းသီဆိုခြင်းနှင့် ကောင်းချီးတောင်းခံ ဆုတောင်းဆက်ကပ်ပေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကာ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားမျိုးနွယ်စု စာပေယဉ်ကျေးမှုအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်အတူ တစ်နှစ်တာအတွင်း အဦးအဖျားရရှိသော ကောက်သစ် (ဆန်)ဖြင့် ချက်ပြုတ်ထားသော နေ့လယ်စာကို အတူတကွ ရင်းနှီးနွေးထွေးစွာ သုံးဆောင်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် မြစ်ကြီးနားမြို့ အမှတ်(၂) နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ရာ သင်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် သင်တန်းကျောင်းအုပ်က သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကချင်ပြည်နယ် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးမှူးရုံးနှင့် သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး နယ်စပ်ဒေသရှိ ဝေးလံခေါင်ဖျားသော ဒေသများမှ တိုင်းရင်းသားကျောင်းသား ကျောင်းသူများအား စုစည်း၍ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများတွင် တက်ရောက်ပညာသင်ကြားခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိပြီး သင်တန်းကျောင်းများမှ အခြေခံပညာတတ်မြောက်ပြီးပါက အဆင့်မြင့်ပညာရပ်များအား ဆက်လက်သင်ကြားနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေးကို နယ်စပ်ရေးရာဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယခုလို ကျောင်းသားအရွယ်ကတည်းက တိုင်းရင်းသားတိုင်းကို ချစ်ခင်လေးစားတတ်ရန်နှင့် ပြည်ထောင်စုစိတ်ဓာတ်မွေးရန် လိုအပ်ကြောင်း မှာကြားပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ပေးအပ်သည်။



### ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းဝင်းအတွင်းရှိ ကျောင်းသား ကျောင်းသူအိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ရာသီသီးနှံများ စိုက်ပျိုးထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးရိပ်သာနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ အမှတ်(၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းအိပ်ဆောင်များနှင့် စားရိပ်သာတို့ကိုလည်းကောင်း၊ ရှောရပ်ကွက်အတွင်းရှိ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ထမ်းအိမ်ရာဝင်းအတွင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဝန်ထမ်းအိမ်ရာ လိုင်းခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရွှေစက်ရပ်ကွက်အတွင်းရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး ရုံးအတွင်းရှိ ဌာနေတိုင်းရင်းသားများ၏ ဝတ်စားဆင်ယင်မှုပြသထားသော ပြခန်းအား ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများနှင့်တွေ့ဆုံရာ ပြည်နယ်တာဝန်ခံက ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဦးစီးဌာနအလိုက် အရာထမ်း/ အမှုထမ်းဝန်ထမ်းများက အသီးသီးမိတ်ဆက်တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ထိန်းသိမ်းနိုင်အောင် ကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့အပြင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုနှင့် ယုံကြည်မှုပျက်ပြားစေနိုင်သော အချက်များကို ဖော်ထုတ်ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း မှာကြားပြီး ဝန်ထမ်းများအား ချီးမြှင့်ငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကျောက်တံခါးမြို့နယ်၌ အီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းပြုလုပ်



**ကျောက်တံခါး နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ အီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ် မဲပေးခြင်းကို ယမန်နေ့က ကွင်းတောင်ရပ်ကွက် စဥ့်အိုးလှမူလွန်ကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးအုန်းမြင့်က အီလက်ထရောနစ် (MEVM)မဲပေးစက်အသုံးပြု၍မဲပေးပုံအဆင့်ဆင့်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး ရည်ရွယ်၍ အသိပညာပေး ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပမည့်ပုံစံ (အပိုင်းလိုက်) တို့ကို ရှင်းလင်းပြောကြားပြီး အီလက်ထရောနစ် မဲပေးစက် (MEVM) အကြောင်း သိကောင်းစရာများ၊ ၎င်းစက်အသုံးပြု၍ မဲပေးခြင်းနှင့် ရရှိလာမည့် အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တက်ရောက်လာသူများအား အီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြု၍ လက်တွေ့ စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေးပြီး မဲရလဒ်မှန် မမှန် စိစစ်ခြင်း စသည့် မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ အီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ အသိပညာပေး ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကျောက်တံခါးမြို့နယ်အတွင်း နယ်မြေဒေသခွဲ၍ တစ်ပြိုင်တည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# ပညာရေးအဆင့် မြင့်မားပါမှ .....

တာရာ

**ယုန်နဲ့ မြေခွေးက ငါးကြင်းတစ်ကောင်ရလာတယ်။ ငါးကို ဘယ်လိုခွဲဝေယူရမှန်းမသိဘူး။ ဒီလိုအခြေအနေမှာ ခြသေ့်တစ်ကောင်ရောက်လာပြီး သူစီမံပေးမယ်ဟုဆိုကာ ရှေ့ပိုင်းက ခေါင်းပိုင်းယူ၊ ရှေ့ပိုင်းက အမြီးပိုင်းယူ၊ ငါကတော့ စီမံခန့်ခွဲပေးရတဲ့သူဆိုတော့ အလယ်ပိုင်းယူမယ်ဆိုပြီး (Lion Share) အကောင်းဆုံးဝေဆုကို ယူသွားတယ်။**

ယုန်နဲ့ မြေခွေးတို့က အတွေ့အကြုံနည်း၊ ဗဟုသုတနဲ့ ပညာဉာဏ်မရှိတဲ့အတွက် အခွင့်အရေးကို လက်လွှတ်လိုက်ရပါတယ်။ ယုန်နဲ့မြေခွေးတို့ရဲ့ ဖြစ်စဉ်က လူမှုဘဝတွေမှာလည်း တွေ့ကြုံရလေ့ရှိတဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ ပညာမတတ်ရင် အခြားသူက စီမံခန့်ခွဲတာကို လက်ခံလိုက်ရပြီး သူများရဲ့ စီမံခန့်ခွဲမှုအောက်မှာ မိမိအခွင့်အရေးတွေ ဆုံးရှုံးရနိုင်ကြောင်း ဒီပုံပြင်က သတိပေးနေပါတယ်။

ငါးကြင်းတစ်ကောင်လုံးရပါလျက်နဲ့ ခေါင်းပိုင်းနဲ့ ကျေနပ်လိုက်ရတာမျိုး၊ အမြီးပိုင်းနဲ့ ကျေနပ်လိုက်ရတာမျိုးတွေက စဉ်းစားဆင်ခြင်နိုင်စွမ်း၊ ဆုံးဖြတ်လုပ်ကိုင်နိုင်စွမ်းမရှိလို့ ဖြစ်ပါတယ်။ ပြဿနာကို ကိုယ်တိုင်ဖြေရှင်းနိုင်စွမ်း အားနည်းပြီး သူတစ်ပါးကို မှီခိုရတဲ့အတွက် ရလာတဲ့ရလဒ်ဖြစ်ပါတယ်။

### ဉာဏ်ပညာရှိသူတွေသာလုပ်ကိုင်နိုင်

ခြသေ့်က ယုန်နဲ့မြေခွေးတို့ကို **"စီမံခန့်ခွဲပေးသူ"** အဖြစ် အကောင်းဆုံးအပိုင်းကို ယူနိုင်ခဲ့ပါတယ်။ စီမံခန့်ခွဲပေးရတဲ့ အခွင့်အရေးကို အသုံးချပြီး အကျိုးစီးပွားအတွက် ရေးရှုဆုံးဖြတ်လုပ်ကိုင်သွားပါတယ်။ ဒီလို မိမိရှေ့မှာပေါ်လာတဲ့အခွင့်အလမ်းကို အမိအရ ဖမ်းဆုပ်တတ်နိုင်ဖို့ဆိုတာက ဉာဏ်ပညာရှိသူတွေသာ လုပ်ကိုင်နိုင်တယ်ဆိုတာ ဒီပုံပြင်က ညွှန်ပြနေပါတယ်။

ယုန်နဲ့မြေခွေးကဲ့သို့ ပညာမတတ်သူတွေက မိမိရဲ့အခွင့်အရေးကို မကာကွယ်နိုင်ဘဲ အခြားသူတွေရဲ့ လှည့်ဖြားမှုကို ခံရနိုင်ပါတယ်။ ဒီဖြစ်စဉ်မှာ သင်ခန်းစာယူစရာက မိမိတို့အခွင့်အရေး၊ ကိုယ်ကျိုးစီးပွားကိုကာကွယ်နိုင်ဖို့ ပညာတတ်ရပါမယ်။ အခြေအနေနဲ့ အချိန်အခါကို နားလည်ပြီး မှန်မှန်ကန်ကန် ဆုံးဖြတ်လုပ်ကိုင်တတ်ဖို့ ပညာတတ်ရပါမယ်။ ပညာက လွတ်လပ်စွာရပ်တည်နိုင်မှုကို ဖန်တီးပေးပါတယ်။ သတိတရားနဲ့ မှန်မှန်ကန်ကန်ဆုံးဖြတ်ဆောင်ရွက်တတ်စေပြီး သူတစ်ပါးရဲ့ လိမ်လည်ခံရမှုတွေက ကာကွယ်ပေးနိုင်ပါတယ်။

ဒီပုံပြင်မှာ ပညာမတတ်ခြင်းရဲ့ဆိုးကျိုးနဲ့ ပညာရဲ့အရေးပါပုံကို မီးမောင်းထိုးပြထားပါတယ်။ ပညာက ဘဝတစ်သက်တာမှာ လူသားတိုင်း လိုအပ်တဲ့ အရာဖြစ်ပြီး လူ့ဘောင်သစ်ကို တည်ဆောက်ရာမှာ အဓိကကျတဲ့ အခြေခံအုတ်မြစ်ဖြစ်ပါတယ်။ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ ခံစားသိမြင်မှုဉာဏ်နဲ့ ကိုယ်ရည်ကိုယ်သွေး ဖွံ့ဖြိုးတိုးတက်မှုတို့ကလည်း ပညာက ဆက်စပ်ဖြစ်ပေါ်လာတဲ့ အရည်အသွေးတွေ ဖြစ်ပါတယ်။

**"ပညာ"** ဆိုတဲ့စကားလုံးက အဓိပ္ပာယ်ကျယ်ဝန်းပါတယ်။ ကျောင်းပညာရေး၊ ကျောင်းပြင်ပပညာရေးနဲ့ ကိုယ်တိုင်သင်ယူပညာရေးစသဖြင့် ပညာရယူနည်းတွေရှိရာမှာ စာသင်ခန်းတွေက ပညာသင်ကြားရေးရဲ့ အခြေခံအုတ်မြစ်ဖြစ်ပြီး အမှန်တကယ် ပညာရေးက ဘဝတစ်လျှောက်လုံး ဆက်လက်လေ့လာသင်ယူနေရတဲ့ (Lifelong Learning) ခရီးတစ်ခု ဖြစ်ပါတယ်။

> ❖ **KG +9 အထိပြီးမြောက်ပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက်သင်ယူဖို့ အခက်အခဲရှိသူတွေအနေနဲ့ အသက်မွေးဝမ်းကျောင်းပညာတွေ ဆက်လက်သင်ယူနိုင်ဖို့အခွင့်အလမ်းတွေ ဖန်တီးပေးထားပါတယ်။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေတက်ရောက်နိုင်ပြီး ကျွမ်းကျင်လုပ်သားတွေ၊ နည်းပညာကျွမ်းကျင်သူတွေ၊ အင်ဂျင်နီယာပညာရှင်တွေ၊ ကွန်ပျူတာပညာရှင်တွေအဖြစ် ပျိုးထောင်ပေးလျက်ရှိပါတယ်။**

ပညာရေးက အရည်အသွေးရှိတဲ့ လူသားအရင်းအမြစ်တွေကို ပျိုးထောင်ပေးတဲ့ ဥယျာဉ်တစ်ခုဖြစ်ပါတယ်။ နိုင်ငံကုန်ထုတ်စွမ်းအားမြင့်မားဖို့၊ စီးပွားရေးဖွံ့ဖြိုးဖို့၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ ပညာတတ်တွေနဲ့သာ တည်ဆောက်ရတာဖြစ်တဲ့အတွက် ပညာရေးက ဖွံ့ဖြိုးတိုးတက်မှုရဲ့ မောင်းနှင်အားပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူဦးရေက ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၅၁၃၁၆၇၅၆ ဦးရှိပြီး အမျိုးသား ၁၅၁၀၅၂၁၅ ဦး၊ အမျိုးသမီး ၁၇၀၈၆၁၉၂ ဦး၊ အမျိုးသား ၄၆ ဒသမ ၉ ရာခိုင်နှုန်း၊ အမျိုးသမီး ၅၃ ဒသမ ၁ ရာခိုင်နှုန်း ရှိတယ်လို့ သိရပါတယ်။

ကျောင်းအပ်နှံမှုအနေနဲ့ ၂၀၂၁ -၂၀၂၂ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၅ ဒသမ ၃ သန်း၊ ၂၀၂၂ -၂၀၂၃ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၇ ဒသမ ၂၃ သန်း၊ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ်မှာ ကျောင်းသားဦးရေ ၈ သန်းကျော်နဲ့ ၂၀၂၄ -၂၀၂၅ ပညာသင်နှစ်မှာ ၇ ဒသမ ၃ သန်းကျော် ကျောင်းအပ်နှံခဲ့ကြပါတယ်။

### ပညာရှင်တွေဖြစ်အောင် မြေတောင်မြှောက်ပေး

ဖွံ့ဖြိုးတိုးတက်မှုတိုင်းက ပညာနဲ့သာ အခြေခံရတာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရက ပညာရေးအထူးအလေးထားပြီး လူငယ်တွေကို ပညာတတ်အောင်၊ ပညာရှင်တွေဖြစ်အောင် ပျိုးထောင်မြေတောင်မြှောက်ပေးလျက်ရှိပါတယ်။ အခြေခံပညာအဆင့် ကျောင်းနေအရွယ်ကလေးအားလုံး KG + 9 အထိ မသင်မနေရပညာရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေပါတယ်။

ကျောင်းပြင်ပပညာရေးကို နှစ်စဉ်ဇူလိုင်လအတွင်း ကျောင်းနေအရွယ်လွန် ကလေးများ (သတ်မှတ်အသက်အုပ်စုနှင့် ကိုက်ညီသူများ) ကို သက်ဆိုင်ရာ လျာထားမြို့နယ်သီးသီးရဲ့ ကျောင်းပြင်ပ ပညာရေးစခန်းတွေမှာ တက်ရောက်သင်ယူခွင့်ရရှိရေး စီစဉ်ပေးလျက်ရှိပါတယ်။ ကျောင်းပြင်ပပညာရေးတက်ရောက်နေတဲ့ ကလေးတွေအပြင် ကျောင်းပညာရေး တက်ရောက်ရာမှာ အကြောင်းအမျိုးမျိုးနဲ့ ဆက်လက်မတက်ရောက်နိုင်တဲ့ ကလေးတွေကိုလည်း သတ်မှတ်အုပ်စုအတွင်း ရောက်ရှိနေပါက လက်ခံသင်ကြားပေးလျက်ရှိပါတယ်။

### အခွင့်အလမ်းတွေ ဖန်တီးပေးထား

**KG +9 အထိပြီးမြောက်ပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက်သင်ယူဖို့ အခက်အခဲရှိသူတွေအနေနဲ့ အသက်မွေးဝမ်းကျောင်းပညာတွေ ဆက်လက်သင်ယူနိုင်ဖို့ အခွင့်အလမ်းတွေ ဖန်တီးပေးထားပါတယ်။ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းတွေ တက်ရောက်နိုင်ပြီး ကျွမ်းကျင်လုပ်သားတွေ၊ နည်းပညာကျွမ်းကျင်သူတွေ၊ အင်ဂျင်နီယာပညာရှင်တွေ၊ ကွန်ပျူတာပညာရှင်တွေအဖြစ် ပျိုးထောင်ပေးလျက်ရှိပါတယ်။**

စက်မှု၊ လျှပ်စစ်၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းနည်း၊ စက်ပစ္စည်းအစိတ်အပိုင်း ထုတ်လုပ်ခြင်းနည်းပညာ၊ အဆောက်အအုံပြုပြင်ထိန်းသိမ်းမှုနည်းပညာတွေ၊ စိုက်ပျိုးမွေးမြူရေးနဲ့ ဆိုင်တဲ့ ပညာရပ်တွေကို သင်ကြားပေးနေပြီး လက်တွေ့လုပ်ငန်းခွင်နဲ့ ချိတ်ဆက်လုပ်ကိုင်နိုင်တဲ့အထိ ကျွမ်းကျင်ပိုင်နိုင်အောင် လေ့ကျင့်သင်ကြားပေးနေပါတယ်။ ထူးချွန်သူတွေကို စက်မှုလက်မှုသိပ္ပံ၊ နည်းပညာကောလိပ်နဲ့ နည်းပညာတက္ကသိုလ်တွေ ဆက်လက်တက်ရောက်ပညာသင်ယူနိုင်ဖို့ အခွင့်အလမ်းတွေလည်း လမ်းဖွင့်ပေးထားပါတယ်။

> ❑ **ခေတ်မီဖွံ့ဖြိုးတဲ့ ပညာရေးစနစ်တစ်ရပ်က နိုင်ငံသားတိုင်းကို အခြေခံပညာ အဆင့်မှသည် အဆင့်မြင့်ပညာ၊ နည်းပညာ၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနဲ့ စီမံခန့်ခွဲနိုင်စွမ်းတွေ ရရှိအောင် သင်ကြားပေးပါတယ်။ ပညာက အမှန်အမှား ခွဲခြားတတ်စေပြီး ယုတ္တိတန်တဲ့ ဆင်ခြင်တုံတရားဖွံ့ဖြိုးစေပါတယ်။ အတွေးအမြင်တွေ ကျယ်ပြန့်စေပြီး ဒီမိုကရေစီစနစ်၊ လူ့အခွင့်အရေးနဲ့ တရားမျှတမှုတွေကို နားလည်လာစေဖို့ ပညာက ဦးဆောင်ပေးပါတယ်။**

ကျောင်းတွေက ဆရာသမားကောင်းတွေ၊ မိတ်ဆွေကောင်းတွေနဲ့ တွေ့ဆုံခွင့်ရပြီး လူမှုဆက်ဆံရေးနယ်ပယ်ကို ကျယ်ပြန့်စေပါတယ်။ နာခံတတ်မှု၊ အတူတကွ လက်တွဲလုပ်ဆောင်တတ်မှုတွေ ထွန်းကားလာအောင် သင်ကြားပေးပါတယ်။ အသိဉာဏ်ကိုမြှင့်တင်ပေးပြီး စိတ်ဓာတ်ရေးရာကို ပြုပြင်ပေးပါတယ်။ အမျိုးချစ်စိတ် နိုင်ငံချစ်စိတ်တွေကို မွေးဖွားပေးနိုင်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတဲ့ ပညာရေးစနစ်တစ်ရပ်က နိုင်ငံသားတိုင်းကို အခြေခံပညာအဆင့်မှသည် အဆင့်မြင့်ပညာ၊ နည်းပညာ၊ စဉ်းစားတွေးခေါ်နိုင်စွမ်းနဲ့ စီမံခန့်ခွဲနိုင်စွမ်းတွေရရှိအောင် သင်ကြားပေးပါတယ်။ ပညာက အမှန်အမှား ခွဲခြားတတ်စေပြီး ယုတ္တိတန်တဲ့ ဆင်ခြင်တုံတရားဖွံ့ဖြိုးစေပါတယ်။ အတွေးအမြင်တွေ ကျယ်ပြန့်စေပြီး ဒီမိုကရေစီစနစ်၊ လူ့အခွင့်အရေးနဲ့ တရားမျှတမှုတွေကို နားလည်လာစေဖို့ ပညာက ဦးဆောင်ပေးပါတယ်။

### သားသမီးတွေရဲ့ပညာရေးကို ပိုမိုအားပေး

ပညာရေးက လူတစ်ဦးရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေနဲ့ ချိတ်ဆက်နေပြီး လူတစ်ဦးရဲ့ဘဝကိုသာမက မိသားစုတစ်စု၊ လူ့အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်ခုလုံးရဲ့ အနာဂတ်ကိုပါ ပြုပြင်ပြောင်းလဲစေနိုင်တဲ့ စွမ်းအားတွေရှိပါတယ်။ ပညာရပ်ဆိုင်ရာ အသိပညာ၊ အတတ်ပညာတွေက လူတစ်ဦးချင်းစီရဲ့ ဘဝအရည်အသွေးကိုတိုးတက်စေပြီး ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှု၊ ဘဝရပ်တည်မှုအတွက် အာမခံချက်ကို ပေးစွမ်းပါတယ်။ ပညာတတ်မိဘတွေက ပညာရဲ့လေးနက်မှုတန်ဖိုးကို သိရှိနားလည်ကြတဲ့အတွက် သားသမီးတွေရဲ့ ပညာရေးကို ပိုမိုအားပေးကြပြီး ကောင်းမွန်သော ပညာရေးဓလေ့ကို ဖြစ်ထွန်းစေပါတယ်။

ပညာရေးက အရည်အသွေးမြင့်လုပ်သားအင်အား၊ လူ့စွမ်းအားအရင်းအမြစ်ကို မွေးထုတ်ပေးပြီး ထုတ်လုပ်မှုစွမ်းရည်မြင့်မားတဲ့အတွက် ပို့ကုန်နဲ့ GDP တိုးတက်စေပါတယ်။ တန်ဖိုးမြင့်ထုတ်ကုန်တွေကို ထုတ်လုပ်နိုင်တဲ့ နိုင်ငံတွေဟာ ကုန်ကြမ်းအခြေခံစီးပွားရေးထက် ပိုမိုတည်ငြိမ်ပြီး ဝင်ငွေမြင့်မားကြပါတယ်။ ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ပိုမိုထိရောက်စေပြီး ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားစေပါတယ်။

ပညာရေးအဆင့်မြင့်မားခြင်းက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးယှဉ်ပြိုင်နိုင်စွမ်းကို တိုက်ရိုက်အကျိုးပြုပြီး ဖွံ့ဖြိုးတိုးတက်မှုအထိပါ သက်ရောက်မှုအားကြီးမားတဲ့အတွက် နိုင်ငံဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါတယ်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် **၄၂ ရက်** သာ လိုတော့သည်။

- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ၂၀၂၅ ကိုရီးယား-အာဆီယံ မူဝါဒဖလှယ်ရေး အသိုက်အဝန်း၊ နိုင်ငံတကာအစိုးရ မူဝါဒဆိုင်ရာဆွေးနွေးပွဲတက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ Shangri-La Hotel ၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ ကျင်းပသည့် ၂၀၂၅ ကိုရီးယား-အာဆီယံမူဝါဒဖလှယ်ရေးအသိုက်အဝန်း၊ နိုင်ငံတကာ အစိုးရမူဝါဒဆိုင်ရာဆွေးနွေးပွဲသို့ အဓိကဧည့်သည်တော်အဖြစ် တက်ရောက်၍ ဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနား၌ ဂုဏ်ပြုအမှာစကား ပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၃ ရက်က ပြုလုပ်သည့် မူဝါဒဆိုင်ရာ ဆွေးနွေးပွဲ၏ ပထမပိုင်း အစီအစဉ်တွင် Keynote Speaker အဖြစ် Korea-ASEAN Strategic Alliance Toward ASEAN Vision 2025 ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် ကိုရီးယားသမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများအကြား မိတ်ဖက်ဆက်ဆံရေးသည် အလွန်အရေးပါပြီး ဆယ်စုနှစ်များစွာတိုင်အောင် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် မဟာဗျူဟာမြောက် မဟာမိတ်ဖွဲ့ခြင်း၊ ရေတိုစီမံကိန်းများမှတစ်ဆင့် ရေရှည်မျှော်မှန်းချက်များ ချမှတ်နိုင်သည့် ဆက်ဆံရေးကို ပြောင်းလဲဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အနာဂတ် ပူးပေါင်းဆောင်ရွက်မှု၏ အရေးကြီးသော နယ်ပယ်လေးခုဖြစ်သည့် စားရေရိက္ခာဖူလုံရေး၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူကုန်ကူးမှု၊ တရားမဝင်မူးယစ်ဆေးဝါး၊ ဆိုက်ဘာရာဇဝတ်မှုနှင့် တရားမဝင် ကုန်သွယ်မှုကဲ့သို့သော နိုင်ငံတကာရာဇဝတ်မှုများ တိုက်ဖျက်ရေးတို့ကို အထူးအာရုံစိုက်၍ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့ပြင် အာဆီယံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့အကြား ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး ဆောင်ရွက်ရာတွင် အဓိကအခန်းကဏ္ဍများဖြစ်သည့် စီးပွားရေး၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားနိုင်မည့် နည်းလမ်းများကိုလည်း ထည့်သွင်းဆွေးနွေးအကြံပြုပြောကြားသည်။

၂၀၂၅ ကိုရီးယား-အာဆီယံ မူဝါဒဖလှယ်ရေး အသိုက်အဝန်း၊ နိုင်ငံတကာအစိုးရမူဝါဒဆိုင်ရာ ဆွေးနွေးပွဲသို့ အာဆီယံနိုင်ငံများမှ ဝန်ကြီးများ၊ သံအမတ်ကြီးများအပြင် ကိုရီးယားသမ္မတနိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ မူဝါဒချမှတ်သူများ၊ နိုင်ငံတကာသုတေသီများနှင့် ပညာရှင်များ အပါအဝင် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ယမန်နေ့ ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရေဖြူမြို့နယ်၌ မဲစာရင်းများပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင်ပါရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

**ရေဖြူ နိုဝင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ်၌ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲစာရင်းတွင် ပါရှိနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခြင်းကို ယမန်နေ့က ရေဖြူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အောင်သာဝတီခန်းမ၌ ကျင်းပသည်။



၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုရန် ရပ်ကွက်/ကျေးရွာအုပ်စုများ၌ ဒုတိယအကြိမ် မဲစာရင်းကပ်ထားကြေညာရာတွင် မဲဆန္ဒရှင်စာရင်း မှန်ကန်စေရေးအတွက် ရေဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဦးဆောင်မှုဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်များ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများဖြင့် မဲဆန္ဒရှင်စာရင်း တိုက်ဆိုင်စစ်ဆေးခြင်း လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇင်လင်းနိုင်က ကြည့်ရှုစစ်ဆေးပြီး မဲဆန္ဒရှင် စာရင်းများတွင် အမည်တူ နိုင်/ကတ်မတူ၊ နိုင်/ကတ်တူ အမည်မတူ၊ မှတ်ပုံတင်နံပါတ်မှား၊ မဲစာရင်းတွင်မပါဝင်သဖြင့် ပုံစံ(၃) လျှောက်ထားရန် လိုအပ်သူများနှင့် မဲစာရင်းတွင် မပါသင့်သူများပါရှိမှု မဖြစ်စေရေး စသည့် လုပ်ငန်းစဉ်များကို အချိန်မီပြီးစီးအောင်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခဲ့သည်။**ခတ္တာ(ရေဖြူ)**

## ပေါင်းတည်၌ အီလက်ထရောနစ် မဲပေးစက်အကြောင်း အသိပညာပေး ရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေး

**ပေါင်းတည် နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ အီလက်ထရောနစ်မဲပေးစက် အကြောင်း အသိပညာပေးရှင်းလင်းခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို ယနေ့နံနက်ပိုင်းက ဈေး(၂)ရပ်ကွက်ရှိ အမက( ၁၁ လမ်း) တွင် ပြုလုပ်သည်။

ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအာကာစိုးက အီလက်ထရောနစ်မဲပေးစက် (MEVM)အကြောင်း သိကောင်းစရာများ၊ မဲပေးစက်ကိုအသုံးပြု၍ မဲပေးခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်အတွင်းရှိ ပြည်သူများက မြန်မာအီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးခြင်း၊ မဲပေးစက်မှထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိမဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ်မှန်၊ မမှန် စိစစ်ခြင်း စသည့် မဲပေးပုံအဆင့်ဆင့်ကို လက်တွေ့စမ်းသပ်ခဲ့ကြောင်း သိရသည်။ ပေါင်းတည်(ပြန်/ဆက်)

# အွန်လိုင်းရာဇဝတ်ဂိုဏ်းများ၏ လိမ်လည်ငွေရှာမှုများကို သိရှိရှောင်ရှား

## နိုင်ငံတော်အစိုးရ၏ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်

မင်းပြည့်စုံ

ပညာအရည်အချင်းမလို၊ သက်မွေးမှု အတတ်ပညာမလို၊ ပင်ပင်ပန်းပန်း လုပ်စရာမလိုဆိုသည့် အလုပ်ခေါ်စာများ၏ နောက်ကွယ်၊ ဖုန်းမဲပေါက်ပါသည်၊ အဲကွန်းမဲ ပေါက်ပါသည်ဟုဆိုသော မက်လုံးမဲများ၏ နောက်ကွယ်၊ ချောမောလှပသည့် ရုပ်ရည်အသွင်အပြင်ကို လူမှုမီဒီယာတွင် ဖော်ပြထားပြီး ချိုသာသော စကားလုံးများဖြင့် ဆွဲဆောင်မှု၏နောက်ကွယ်၊ အွန်လိုင်းလောင်းကစား အမျိုးမျိုး၏ နောက်ကွယ်တွင် ရှုပ်ထွေးပွေလီစွာ လိမ်ညာလှည့်ဖြားမည့် ဇာတ်လမ်းများစွာ ရှိနေသည်။



မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးရှင်းလင်းနေမှုကို တွေ့ရစဉ်။

အဓိကအားဖြင့် အလုပ်လိုသူကို အလုပ်နှင့် မက်လုံးပေးခြင်းက တစ်မျိုး၊ ငွေကြေး လိုအပ်သူကို ငွေကြေးနှင့် မက်လုံးပေးခြင်းက တစ်နည်း၊ အလှကြိုက်သူကို ရုပ်ရှိရေလျှံ အယောင်ဆောင် ဇာတ်လမ်းဆင်ခြင်းက တစ်ဖုံ၊ ငွေကြေးအင်အားတောင့်တင်းသူထံမှ ငွေချူနည်းက တစ်သွယ် အမျိုးမျိုး၊ အဖုံဖုံ ဇာတ်လမ်း အစုံစုံဖြင့် လုပ်ကြံလိမ်လည်မှုများက ရှုပ်ထွေးများပြားလှသည်။

ဇာတ်လမ်းအဆုံးတွင် အလိမ်ခံသူများ၏ ဘဝသည် ယိမ်းယိုင်ကြရသည်၊ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာကြရသည်။ တစ်ဖက်မှာလည်း ဇာတ်လမ်းမျိုးစုံဖြင့် လိမ်လည်ငွေကြေးရယူနိုင်ရန် အတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ် အတွက် သားကောင်း၊ သမီးကောင်းရတနာများ၏ ဘဝကို စတေးကြရသည်။ အလုပ်အကိုင် အခွင့်အလမ်း ခေါင်းစဉ်အောက်တွင် အနာဂတ် ပျောက်ရှကြရသည်။

> “KK Park မှာ အသုံးပြုတဲ့ ပစ္စည်းအများစု၊ ၁၀၀ မှာ ၉၀ ရာခိုင်နှုန်းလောက်က ထိုင်းနိုင်ငံဘက်ကလာကြတယ်။ သူတို့က ကျွန်တော်တို့ မြန်မာနိုင်ငံက ပစ္စည်းတွေကို ဘာဆိုဘာမှ မသုံးကြပါဘူး။ တရားမဝင်ဂိုဏ်တွေကနေတစ်ဆင့် ထိုင်းနိုင်ငံကလာတဲ့ လျှပ်စစ်ပစ္စည်းကအစ တစ်ကိုယ်ရေသုံးပစ္စည်းအထိ အားလုံးက ထိုင်းနိုင်ငံက တင်သွင်းတာချည်းပါပဲ။ တရားမဝင်ဂိုဏ်တွေက ကျွန်တော်တို့ တိုင်းရင်းသားတွေနဲ့ နိုင်ငံ့အကျိုးစီးပွားအတွက် မဟုတ်ပါဘူး။ လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ အကျိုးစီးပွားတွေပဲ ဖြစ်တယ်”

အွန်လိုင်းလောင်းကစားနှင့် ငွေလိမ်လုပ်ငန်းများတွင် လုပ်ကိုင်နေသူအများစုမှာ လိမ်လည်စုဆောင်းခံရသူများဖြစ်ကြသည့်အပြင် လူကုန်ကူးခံရသူများလည်း ပါဝင်နေပြီး နေ့စဉ် အလုပ်ချိန် ၁၂ နာရီမှ ၁၄ နာရီအထိ လုပ်ကိုင်ကြရသည်ဟု ဆိုကြသည်။ နစ်နာသူ အလုပ်သမားအများစုသည် ဖွင့်ဟဖော်ထုတ်ရန် ခက်ခဲသော အခြေအနေနှင့် ရင်ဆိုင်ရပြီး ငွေလိမ်လုပ်ငန်းများ၏ ကျေးကျွန်ဖြစ်သွားရသည်။

၎င်းတို့သည် အများအားဖြင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် ဆွဲဆောင်ခြင်း၊ အွန်လိုင်းလောင်းကစားခြင်း၊ ငွေချေးခြင်း၊ ချစ်သူရည်းစားအဖြစ်ဟန်ဆောင်ပြီး လိမ်လည်ငွေညှစ်ခြင်း အစရှိသော လိမ်လည်မှုအကြောင်းအရာမျိုးစုံကို အွန်လိုင်းမှတစ်ဆင့် လုပ်ကိုင်ရပြီး အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်း ဦးဆောင်လုပ်ကိုင်သူများအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာ ဘီလီယံချီသော ငွေရပေါက်လိမ်လည်မှုလုပ်ငန်းများ ဖန်တီးပေးကြရသည်။

ထိုကဲ့သို့ အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းလုပ်ကိုင်သူ ပြည်ပနိုင်ငံသားများသည် အိမ်နီးချင်းနိုင်ငံ အချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေတွင် online လိမ်လည်မှုများ၊ online လောင်းကစားမှုများနှင့် ဒုစရိုက်မှုများကို ကျူးလွန်ခဲ့ကြသည်။



မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးရှင်းလင်းနေမှုကို တွေ့ရစဉ်။

ထိုကဲ့သို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော် ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစု ဖြစ်နေသည်။

“KK Park မှာ အသုံးပြုတဲ့ ပစ္စည်းအများစု၊ ၁၀၀ မှာ ၉၀ ရာခိုင်နှုန်းလောက်က ထိုင်းနိုင်ငံဘက်က လာကြတယ်။ သူတို့က ကျွန်တော်တို့ မြန်မာနိုင်ငံက ပစ္စည်းတွေကို ဘာဆိုဘာမှ မသုံးကြပါဘူး။ တရားမဝင်ဂိုဏ်တွေကနေတစ်ဆင့် ထိုင်းနိုင်ငံကလာတဲ့ လျှပ်စစ်ပစ္စည်းကအစ တစ်ကိုယ်ရေသုံးပစ္စည်းအထိ အားလုံးက ထိုင်းနိုင်ငံက တင်သွင်းတာချည်းပါပဲ။ တရားမဝင်ဂိုဏ်တွေက ကျွန်တော်တို့ တိုင်းရင်းသားတွေနဲ့ နိုင်ငံ့အကျိုးစီးပွားအတွက် မဟုတ်ပါဘူး။ လက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ အကျိုးစီးပွားတွေပဲ ဖြစ်တယ်” ဟု KK Park နယ်မြေအနီးတွင် တည်ရှိသည့် အင်ကြင်းမြိုင်ကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

ထိုကဲ့သို့ တရားမဝင် နည်းလမ်းဖြင့် ဝင်ရောက်လာသူ ပြည်ပနိုင်ငံသားများက ဖွံ့ဖြိုးမှုနည်းသော၊ တရားဥပဒေစိုးမိုးမှု အားနည်းသော၊ နယ်စွန်နယ်ဖျားကျသော တစ်နိုင်ငံနှင့် တစ်နိုင်ငံ ထိစပ်ရာ နယ်နိမိတ်နေရာများကို လိမ်လည်လှည့်ဖြားမှုလုပ်ငန်းများအတွက် အခြေတည် ရွေးချယ်အသုံးပြုကြသည်။

*စာမျက်နှာ ၁၁ သို့*

*စာမျက်နှာ ၁၀ မှ*

“ကျွန်တော်တို့ဒေသက လက်နက်ကိုင်တွေရှိတဲ့၊ တရားဥပဒေစိုးမိုးမှုနည်းတဲ့ ဒေသဖြစ်တဲ့အတွက် တပ်မတော်နဲ့ တိုက်ပွဲတွေ ဖြစ်တဲ့အချိန်မှာ ရှောင်ရတာတွေ ရှိတယ်။ ဒီဘက်ကနေ သူတို့ဘက်သွားရင် ထိုင်းစစ်သားတွေက စုရပ်တစ်ခု လုပ်တယ်။ အဲဒီနေရာကလွဲပြီး ဘယ်မှမသွားရဆိုပြီး တစ်နေရာတည်းမှာ နေခိုင်းတယ်။ တိုက်ပွဲရှောင်တဲ့အနေနဲ့ နိုင်ငံတကာအထောက်အပံ့တွေ ကျွန်တော်တော့ မရဖူးပါဘူး။ ရတဲ့သူတချို့တော့ ရှိပါတယ်။ အကောင်းစားတွေ မဟုတ်ပါဘူး။ ဥပမာ ထမင်းထုပ်၊ စောင်၊ အင်္ကျီတွေ ပေးတယ်လို့ ပြောတယ်။ ဘေထုပ်က ပစ္စည်းတွေပါ။ ပေးရင်လည်း မှတ်တမ်းတင်တာတွေ လုပ်တယ်တဲ့။ တိုက်ပွဲရှောင်တွေ သောင်ရင်းမြစ်ကူးလာတာကစပြီး မှတ်တမ်းတင်ကြတယ်။ တိုက်ပွဲရှောင်ဆိုပြီး ထိထိရောက်ရောက် လုပ်ပေးတာ မရှိပါဘူး။ နိုင်ငံတကာက ထောက်ပံ့ထားတဲ့ တိုက်ပွဲရှောင်တွေအတွက် ဒုက္ခသည်စခန်းဆိုပြီး ဖွင့်ထားတာတွေ ရှိတယ်။ အဲဒီမှာ ကျွန်တော်တို့ကို နိုင်ငံတကာကိုပြပြီး အထောက်အပံ့တွေကို ရယူတယ်။ မျောက်ပြ ဆန်တောင်းတဲ့ ပုံစံပေါ့။ ဒါတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေအနေနဲ့ သိဖို့ လိုအပ်ပါတယ်။ ကျွန်တော်တို့က လက်တွေ့ကြုံခဲ့ရတော့ သိတယ်”ဟု အင်ကြင်းမြိုင် ကျေးရွာမှ ဒေသခံတစ်ဦးက ဆိုသည်။



မြဝတီ-မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ ဖြိုချဖျက်ဆီးရှင်းလင်းမည့် အဆောက်အအုံအား တွေ့ရစဉ်။

လတ်တလော မြန်မာနိုင်ငံ မြဝတီနယ်စပ်တွင် အခြေတည်ထားသော KK Park အရေးက အရှေ့တောင်အာရှနိုင်ငံများတွင် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့သည်။ မီဒီယာ စာမျက်နှာများတွင် ထိထိရောက်ရောက် အရေးယူ ဆောင်ရွက်နိုင်ရေး အလေးပေး ဖော်ပြခဲ့ကြသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စဉ်ဆက်မပြတ် စစ်ဆေး ဖော်ထုတ်လျက်ရှိသည်။

ထိုကဲ့သို့ စစ်ဆေးဖော်ထုတ်ပြီး ဥပဒေနှင့်အညီ ပြည်နှင်ဒဏ်ပေးနိုင်ရေး လုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်၍ သက်ဆိုင်ရာ နိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ယင်းတို့ စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်သည်။ ထို့အတူ တရားမဝင် ကုန်သွယ်မှုပြုသည့် လက်နက်ကိုင် အကြမ်းဖက်သူများ၏ လမ်းကြောင်းများကိုလည်း ပိတ်သိမ်းဖျက်ဆီးမှုများ ဆောင်ရွက်နေပြီဖြစ်သည်။

တစ်ချိန်တည်းတွင် အဆိုပါ အွန်လိုင်းအခြေပြု လိမ်လည်မှုလုပ်ငန်းများသည် မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှဒေသနိုင်ငံများအကြား ပျံ့နှံ့နေသည်မှာ မီဒီယာများ၏ ဖော်ပြလာမှုကြောင့် ဆိုသည်မှာ ပေါ်လွင်လာသည်။ အင်ဒိုနီးရှားနိုင်ငံတွင် အွန်လိုင်းမှုခင်းများနှင့် စပ်လျဉ်း၍ မသင်္ကာသူ တရုတ်နိုင်ငံသား ၈၈ ဦးကို ဩဂုတ်လ ၂၉ ရက်နေ့က ဖမ်းဆီးခဲ့ရကြောင်း သတင်းမီဒီယာများ၏ ဖော်ပြမှုအရ သိရသည်။ ထို့အတူ ထိုင်းနိုင်ငံတွင်လည်း ဩဂုတ်လလယ်ပိုင်းက အွန်လိုင်းငွေကြေးလိမ်လည်မှုများကို ဖော်ထုတ်နှိမ်နင်းမှုများမှတစ်ဆင့် မြန်မာအမျိုးသမီးတစ်ဦး အပါအဝင် တရုတ်နိုင်ငံသူ၊ နိုင်ငံသားအချို့၊ ထိုင်းနိုင်ငံသားအချို့တို့ကို ဖမ်းဆီးရမိခဲ့သည့်အပြင် လိမ်လည်မှုလုပ်ငန်းနှင့် ပတ်သက်သည့် တန်ဖိုးကြီး ဇိမ်ခံကားများ၊ အိမ်ခြံမြေ စာချုပ်စာတမ်းများ၊ ငွေသားများကိုပါ သိမ်းဆည်းနိုင်ခဲ့သည်ဟု သိရှိရသည်။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရ အပါအဝင် အရှေ့တောင်အာရှ နိုင်ငံများရှိ သက်ဆိုင်ရာ အစိုးရအဖွဲ့များ ပူးပေါင်းကာ ဒေသတွင်း အွန်လိုင်းရာဇဝတ်မှုခင်းများ မြင့်တက်နေခြင်းအပေါ် အပူတပြင်းအရေးယူ တုံ့ပြန်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ထိုကဲ့သို့ အရေးယူ တုံ့ပြန်ဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံအစိုးရက အိမ်နီးချင်းနိုင်ငံများ၏ အစိုးရ အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဖော်ထုတ်နှိမ်နင်းလျက်ရှိသည့် အခြေအနေကို နိုင်ငံပိုင်သတင်းစာများတွင် ခပ်စိပ်စိပ် တွေ့မြင်သိရှိလာရသည်။

“နိုင်ငံတော်အစိုးရအနေနဲ့ အခုလို အွန်လိုင်းလိမ်လည်မှုတွေကို အဆက်မပြတ် အမြစ်ကနေ ဖယ်ရှားနေတာကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ KK Park မြေနေရာဟာ အရင်က ကျွန်တော်တို့ရဲ့ လယ်ယာမြေတွေ၊ ဥယျာဉ်ခြံမြေတွေ ဖြစ်ပါတယ်။ ဒေသခံတောင်သူတွေဆီက ပိုက်ဆံပိုပေးပြီး ဝယ်ကြတယ်။ ပြီးတော့ သူတို့က အဆောက်အအုံတွေ ဆောက်ကြတယ်။ ဒီလို ဆောက်လုပ်ပြီး မြို့မှာလိုပဲ အထဲမှာ အကုန်ရှိတယ်ဆိုတာတော့ ကြားဖူးတယ်။ ဘာလုပ်ငန်းတွေ လုပ်နေတယ်ဆိုတာ မသိရဘူး။ မြင်လည်းမမြင်ရဘူး။ အဲဒီထဲကို ဝင်ဖို့၊ ထွက်ဖို့ကလည်း မလွယ်ဘူး။ အုတ်တံတိုင်းကြီးတွေ ကာရံပြီးတော့ CCTV တွေ တပ်ထားတယ်၊ လုံခြုံရေးလည်း တင်းကျပ်တယ်။ ကျွန်တော်တို့ ဒေသခံတော်တော်များများက အဲဒီထဲကို မရောက်ဖူးကြဘူး။ ရောက်ဖူးတဲ့ သူကလည်း အလုပ်ကြမ်းသွားလုပ်တာပါ၊ ဝင်ဖို့ ထွက်ဖို့ ခက်တော့ အဲဒီမှာ မလုပ်ကြဘူး။ သူတို့တွေ က တရားမဝင် လောင်းကစားလုပ်တယ် ပြောကြတယ်။ ကျွန်တော်တို့ ဒေသခံတွေက ကိုယ့်ဒေသမှာ တရားဝင်ဖြစ်တဲ့ ကုန်ထုတ်လုပ်တဲ့အလုပ်တွေကိုပဲ လုပ်စေချင်တယ်။ ဒါမှ ကျွန်တော်တို့ ဒေသခံတွေလည်း အလုပ်အကိုင် အခွင့်အလမ်းတွေရပြီး အဆင်ပြေကြမှာ ဖြစ်ပါတယ်” ဟု မဲ့ထော်သလေး ကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

ယခုအခါ နိုင်ငံသူ၊ နိုင်ငံသားများအတွက် အန္တရာယ်ကြီးမားသည့် အွန်လိုင်းရာဇဝတ်ဂိုဏ်းများအား နိုင်ငံတော်အစိုးရက ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူလျက်ရှိပြီး ထိုသို့ စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်ရာတွင် ကရင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ်အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေစစ်ဆေးရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

“ဒီနေရာမှာ အွန်လိုင်းလိမ်လည်မှုတွေ၊ အွန်လိုင်းလောင်းကစားမှုတွေနဲ့ ဒုစရိုက်မှုတွေ ထပ်မံပြီး မလုပ်ဆောင်နိုင်အောင် KK Park အတွင်းက အဆောက်အအုံအားလုံးကို ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်။ တရားမဝင်ဂိတ်တွေလည်း ရှိနေတယ်။ ဒါတွေကိုလည်း ဖယ်ရှားရှင်းလင်းနေပါတယ်။ အားလုံးကို ဥပဒေနဲ့အညီ အရေးယူနိုင်ဖို့ ကြိုးစားဆောင်ရွက်နေပါတယ်” ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

လက်ရှိအချိန်အထိ စိစစ်လွှဲပြောင်းပေးမှုအနေဖြင့် ပြည်ပနိုင်ငံသား ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကိုလည်း သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရှိရသည်။

“တရားဥပဒေစိုးမိုးမှု အားနည်းတဲ့နေရာမှာ ကျွန်တော်တို့ မြေကို အသုံးချ၊ သောင်ရင်းမြစ်ကို ကျောထောက်နောက်ခံထားပြီးတော့ အခုလို လာလုပ်ကြတာ ဖြစ်တယ်။ တရားဥပဒေစိုးမိုးနိုင်မှ အွန်လိုင်းလိမ်လည်မှုတွေကလည်း ပပျောက်သွားမှာပါ။ ဒါကြောင့် ကျွန်တော်တို့ဒေသမှာ တရားဥပဒေစိုးမိုးမှုကောင်းစေချင်တယ်၊ အုပ်ချုပ်မှုကောင်းစေချင်တယ်။ ဒါမှလည်း ကျန်တဲ့အပိုင်းတွေ လုပ်ရတာ အဆင်ပြေမှာ ဖြစ်တယ်။ ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးမှုလည်း ပိုပြီးရရှိမှာဖြစ်တယ်။ ဒီလိုမျိုး အခြေအနေကိုလည်း မျှော်လင့်ပါတယ်” ဟု အင်ကြင်းမြိုင်ကျေးရွာမှ ဒေသခံပြည်သူတစ်ဦးက ပြောပြသည်။

ထို့ကြောင့် ပြည်သူများအနေဖြင့် လိမ်နည်းမျိုးစုံ၊ မက်လုံးမျိုးစုံ၊ အကြောင်းအရာမျိုးစုံ ဖန်တီးပြီး အွန်လိုင်းရာဇဝတ်ဂိုဏ်းများ၏ လိမ်လည်ငွေရှာမှုများကို သိရှိရှောင်ရှားကာ နိုင်ငံတော်အစိုးရ၏ ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

◆ **ကျွန်တော်တို့ ဒေသက လက်နက်ကိုင်တွေရှိတဲ့၊ တရားဥပဒေစိုးမိုးမှုနည်းတဲ့ ဒေသဖြစ်တဲ့အတွက် တပ်မတော်နဲ့ တိုက်ပွဲတွေ ဖြစ်တဲ့အချိန်မှာ ရှောင်ရတာတွေ ရှိတယ်။ ဒီဘက်ကနေ သူတို့ဘက်သွားရင် ထိုင်းစစ်သားတွေက စုရပ်တစ်ခု လုပ်တယ်။ အဲဒီနေရာကလွဲပြီး ဘယ်မှမသွားရဆိုပြီး တစ်နေရာတည်းမှာ နေခိုင်းတယ်။ တိုက်ပွဲရှောင်တဲ့အနေနဲ့ နိုင်ငံတကာအထောက်အပံ့တွေ ကျွန်တော်တော့ မရဖူးပါဘူး။ ရတဲ့သူတချို့တော့ ရှိပါတယ်။ အကောင်းစားတွေ မဟုတ်ပါဘူး။ ဥပမာ ထမင်းထုပ်၊ စောင်၊ အင်္ကျီတွေ ပေးတယ်လို့ ပြောတယ်။ ဘေထုပ်က ပစ္စည်းတွေပါ။ ပေးရင်လည်း မှတ်တမ်းတင်တာတွေ လုပ်တယ်တဲ့။ တိုက်ပွဲရှောင်တွေ သောင်ရင်းမြစ်ကူးလာတာကစပြီး မှတ်တမ်းတင်ကြတယ်။ တိုက်ပွဲရှောင်ဆိုပြီး ထိထိရောက်ရောက် လုပ်ပေးတာ မရှိပါဘူး။ နိုင်ငံတကာက ထောက်ပံ့ထားတဲ့ တိုက်ပွဲရှောင်တွေအတွက် ဒုက္ခသည်စခန်းဆိုပြီး ဖွင့်ထားတာတွေ ရှိတယ်။ အဲဒီမှာ ကျွန်တော်တို့ကို နိုင်ငံတကာကိုပြပြီး အထောက်အပံ့တွေကို ရယူတယ်။ မျောက်ပြ ဆန်တောင်းတဲ့ ပုံစံပေါ့။ ဒါတွေကို ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေအနေနဲ့ သိဖို့လိုအပ်ပါတယ်။ ကျွန်တော်တို့က လက်တွေ့ကြုံခဲ့ရတော့ သိတယ်”**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် အသိပညာပေးနှိုးဆော်ရေး ရွေးကောက်ပွဲလှုံ့ဆော်တေး ရိုက်ကူးနေမှု ကြည့်ရှုအားပေး

**ရန်ကုန် နိုဝင်ဘာ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရန်အတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်နေမှုတွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)အစီအစဉ်ဖြင့် အသိပညာပေးနှိုးဆော်ရေး ရွေးကောက်ပွဲလှုံ့ဆော်တေး ရိုက်ကူးနေမှုကို ကြည့်ရှုအားပေးသည်။**(ယာပုံ)**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲလှုံ့ဆော်တေးသီချင်းရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ကြမည့် ဂီတအနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် “အနာဂတ်မျှော်ရည် မဲပေးမည်” သီချင်းခေါင်းစဉ်ဖြင့် နာမည်ရတေးသံရှင်များဖြစ်ကြသည့် ရဲထိုက်၊ ကိုလတ်၊ ကြည်ဖြူခင်၊ ရွှေဖြူ၊ မို့မို့ကျော်လွင်၊ ခင်လပြည့်ဝန်းနှင့် ပုလဲသန့်သွယ်တို့ စုပေါင်း၍ သီဆိုမှု၊ ရိုက်ကူးရေးဆောင်ရွက်မှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားကာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ လှုံ့ဆော်တေးသီချင်းကို မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)နှင့် အကော်ဒီယံ အောင်မင်းနိုင်တို့က ရေးသားပြီး ဂီတမှူး အကယ်ဒမီ ဝင်းကိုနှင့်အဖွဲ့က တီးခတ်အသံသွင်းကာ ယနေ့တွင် ရိုက်ကူးရေးဆောင်ရွက်ခြင်းဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်နှင့် တာဝန်ရှိသူများ၊ ရွေးကောက်ပွဲလှုံ့ဆော်တေး သီချင်းဖျော်ဖြေကြမည့် တေးသံရှင်များနှင့် တွေ့ဆုံပြီး ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူများ လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် မှန်ကန်စွာအသိပညာပေးနိုင်ရေး၊ ဆန္ဒမဲပေးခွင့်ရှိသော ပြည်သူများအနေဖြင့် မဲပေးခွင့်မဆုံးရှုံးစေရေးနှင့် နိုင်ငံနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နိုင်မည့်သူများကို မှန်ကန်စွာရွေးချယ်မဲပေးနိုင်ရေးတို့အတွက် အနုပညာရှင်များက ယခုကဲ့သို့ ဆန္ဒအလျောက် တက်ကြွစွာပါဝင်ဆောင်ရွက်မှုအပေါ် ဂုဏ်ယူအသိအမှတ်ပြုပါကြောင်း၊ အနုပညာရှင်များအနေဖြင့်လည်း ပြည်သူချစ်သော အနုပညာရှင်များအဖြစ် အစဉ်အမြဲရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားကာ လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း (MPPA)နှင့် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကုက္ကိုင်းရိပ်သာလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက ပုံနှိပ်ခြင်းလုပ်ငန်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများသည် မီဒီယာလောကအတွက် အရေးကြီးသည့် လုပ်ငန်းများဖြစ်သည်ဟု ခံယူထားပါကြောင်း၊ စာရေးသူများ ခံစားတင်ပြလိုသည့် အကြောင်းအရာများကို ပုံနှိပ်ထုတ်ဝေသူများက စာဖတ်သူပြည်သူများထံသို့ ရောက်ရှိအောင် ဆောင်ရွက်ပေးရသည့် လုပ်ငန်းဖြစ်သည့်အတွက်



အရေးပါသည်ဟု ပြောကြားလိုပါကြောင်း၊ ယနေ့အချိန်တွင် စာပေထုတ်ဝေမှုလုပ်ငန်းများကို ကြိုတင်စိစစ်မှု မရှိတော့ဘဲ မိမိတို့၏ တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခွင့်ပြုထားပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ မှ ၂၀၂၅ ခုနှစ်အထိ စာပေလောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ဝေခြင်းလုပ်ငန်းရှင် ၅၃၅ ဦး၊ ပုံနှိပ်လုပ်ငန်းရှင် ငါးဦး၊ သတင်းအေဂျင်စီလုပ်ငန်းရှင် ၃၇ ဦးတို့အား လုပ်ငန်းအသိအမှတ်ပြု လက်မှတ်များ ခွင့်ပြုပေးထားပါကြောင်း၊ ယနေ့အချိန်သည် နိုင်ငံတော်အတွက် အရေးပါသည့် အချိန်ကာလတစ်ခုဖြစ်သည့်အတွက် ပြည်သူများ အသိပညာမြင့်မားစေမည့်၊ ရွှင်ပြုံးအပန်းပြေစေမည့် စာကောင်းပေမွန်များကို ထုတ်ဝေပေးကြပါရန်နှင့် ပြည်သူများ အတွေးအမြင်လွဲမှားစေမည့် စာပေအဆိပ်သင့်မှုများ မရှိစေရန်အတွက် ဝိုင်းဝန်းထိန်းသိမ်း ကြပ်မတ်ပေးကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းအနေဖြင့် နိုင်ငံတော်၏ အမျိုးသားရေးလုပ်ငန်းများတွင် ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးကြပါရန်နှင့် ပုံနှိပ်လုပ်ငန်းများ၊ ထုတ်ဝေရေးလုပ်ငန်းများအား ဥပဒေစည်းကမ်းများအတိုင်း လိုက်နာနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း(MPPA) ဒုတိယ ဥက္ကဋ္ဌ ဦးထွန်းအောင်နှင့် တက်ရောက်လာကြသူများက ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# ဒက္ခိဏစက်မှုဇုန် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းရှိ၍ စုပေါင်းဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီရုံးသို့ ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ စက်မှုဇုန်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုလုပ်ငန်းရှင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ်ပြည်ထောင်စုဝန်ကြီးက စက်မှုဇုန်များ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေများကို ထုတ်ပြန် ပြဋ္ဌာန်းထားရှိပြီးဖြစ်၍ ပြဋ္ဌာန်းချက်များနှင့်အညီ ဒေသဆိုင်ရာကော်မတီ၊ စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီတို့မှ စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်အောင် အဓိကဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ထို့ပြင် စက်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက်လည်း အမြဲမပြတ် စစ်ဆေးဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ဒက္ခိဏစက်မှုဇုန်အနေဖြင့် အခြေခံအဆောက်အအုံများ ပြည့်စုံကောင်းမွန်သဖြင့် လျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရန် အခွင့်အလမ်းရှိ၍ ညီညွတ်စွာဖြင့် စုပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

စက်မှုဇုန်အတွင်းရှိ စက်ရုံတစ်ခုချင်းစီ၏ လအလိုက် ကုန်ထုတ်လုပ်မှု၊ ဝန်ထမ်းခန့်အပ်ထားမှု၊ ထုတ်ကုန်အမျိုးအစားတို့ကို ပြုစုထားရှိရမည့်အပြင် စက်မှုဇုန်၏ အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်၍ သုံးသပ်ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စက်မှုဇုန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး အစဉ်အမြဲ စီမံဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

ထို့ပြင် စက်ရုံများအလိုက် ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဆောင်ရွက်စဉ် ကြုံတွေ့နေရသည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန်နှင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်တို့အတွက် ဒေသတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် ချိတ်ဆက်၍ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများကိုလည်း စက်မှုဇုန်သို့ ဖိတ်ခေါ်၍ စက်မှုဇုန်၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းပြသသွားရန် လိုအပ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုဇုန်နှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ခံ ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်လျက်ရှိသဖြင့် လိုအပ်ချက်များကို ဆက်စပ်ဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များနှင့် ချိတ်ဆက် ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဥက္ကဋ္ဌက စက်မှုဇုန်အတွင်းရှိ စက်မှုဇုန် လုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှု၊ ပြဋ္ဌာန်းထားရှိသည့် စက်မှုဇုန် ဥပဒေ၊နည်းဥပဒေများနှင့်အညီ လိုက်နာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ နေပြည်တော် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးက စက်မှုဇုန်အတွက် လိုအပ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂဟေဆက်ဘာသာရပ်၊ စိုက်ပျိုးရေးလုပ်ငန်းသုံး အင်ဂျင်အမျိုးမျိုး ပြုပြင်ထိန်းသိမ်းခြင်း ဘာသာရပ်၊ လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း ဘာသာရပ်သင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဘာသာရပ်အလိုက် တက်ရောက်မည့် သင်တန်းသားများ အချိန်မီစာရင်းပေးသွင်းနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားရန်၊ တက္ကသိုလ်ဝင်တန်း တက်ရောက်ခဲ့ဖူးသည့်သူများအား ဝန်ကြီးဌာနမှ ဖွင့်လှစ်လျက်ရှိသည့် စက်မှုသင်တန်းကျောင်းများတွင် တက်ရောက် လေ့ကျင့်သင်ကြားနိုင်ရေး ကူညီ ဆောင်ရွက်ပေးသွားရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုင်းယောင်းမြို့၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာ

**မိုင်းယောင်း နိုဝင်ဘာ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ မဲဆန္ဒရှင် စာရင်းများကို ဒုတိယအကြိမ်အဖြစ် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများ၌ ယနေ့ကပ်ထားကြေညာရာ မဲဆန္ဒရှင်ပြည်သူများက လာရောက်ကြည့်ရှုကြသည်။

ထိုသို့ မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းလာရောက်ကြည့်ရှုနေမှု၊ တာဝန်ရှိသူများ၏ လှည့်လည်နှိုးဆော်နေမှုနှင့် OSS ဖြင့် ဆောင်ရွက်ပေးနိုင်ရေး ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဝေမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် တာဝန်ရှိသူများက မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

# (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေး ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ ဖိတ်ကြားချက်အရ (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ညပိုင်းတွင် ချုံချင့်မြို့သို့ ရောက်ရှိရာ ချုံချင့်မြူနီစီပယ် ဒုတိယမြို့တော်ဝန်က ကြိုဆိုနှုတ်ဆက်ခဲ့ပြီး နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ချုံချင့်ပါတီအတွင်းရေးမှူး၏ ကြိုဆိုမိတ်ဆက်အခမ်းအနားကို HUALUXE Chongqing Science Hall Hotel ၌ ကျင်းပရာ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေးဝန်ကြီး ဦးဆောင်သော အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၅ ခုနှစ် ကုန်း-ရေစင်္ကြံအသစ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖိုရမ်နှင့် ထောက်ပံ့ဆက်သွယ်ရေးပြပွဲ(2025 Land-Sea New Corridor Economic Development Forum and Logistic Expo) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် ပြီး ပြခန်းများကို ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဝန်ကြီးများအစည်းအဝေးကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် အာဆီယံနိုင်ငံ စိုက်ပျိုးရေးဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ဝန်ကြီး Ms. Sun Meijun နှင့် ဖိလစ်ပိုင်နိုင်ငံ စိုက်ပျိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှု နယ်ပယ်(၃.၀)၏ အဆင့်မြှင့်တင်ရေး ဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် အစားအစာဘေးအန္တရာယ်ကင်းရှင်းရေး၊ အပင်နှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် လယ်ယာထွက်ကုန်များ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးတို့တွင် အရေးပါသော အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအရေးပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အာဆီယံ-တရုတ် အပင်နှင့်တိရစ္ဆာန် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် ၂၀၂၆-၂၀၂၇အတွက် မြန်မာနိုင်ငံအနေဖြင့် အပြည့်အဝထောက်ခံပါကြောင်း၊ အာဆီယံတစ်ခုတည်းသော ပြတင်းပေါက်စနစ် (ASEAN Single Window-ASW)မှတစ်ဆင့် အီလက်ထရောနစ် SPS (e-SPS) လက်မှတ်များ ဖလှယ်ခြင်းကဲ့သို့ ဒစ်ဂျစ်တယ်နည်းပညာများ တီထွင်ဖန်တီးခြင်းနှင့် အကောင်အထည်ဖော်ခြင်းတွင် ပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့်တင်ခြင်းသည် အဖွဲ့ဝင်နိုင်ငံအားလုံးအတွက် လယ်ယာထွက်ကုန်များ ကုန်သွယ်မှုလွယ်ကူချောမွေ့ရေးတွင် ပွင့်လင်းမြင်သာမှုနှင့် ထိရောက်မှုကို သိသိသာသာ တိုးတက်စေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချုံချင့်မြို့နယ် ကျန်ကျင်းမြို့ရှိ ဟွာကျောင်း




(မက်ခါ)သီးနှံစိုက်ခင်းနှင့် ဆန်းကစ်သီးစိုက်ခင်းများကို လေ့လာကြည့်ရှုခဲ့ပြီး အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် နိုဝင်ဘာ ၁၂ ရက်တွင် ကျင်းပသည့် (၉)ကြိမ်မြောက် အာဆီယံ-တရုတ် ပိုးမွှားရောဂါကင်းစင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆက်သွယ်ရန်ပုဂ္ဂိုလ်များ အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့မှ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) ဒုတိယဝန်ကြီး Mr. Zhao Zeng Lian ဦးဆောင်သော အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့သည့် ကုမ္ပဏီ ၂၅ ခုနှင့် ငှက်ပျောတင်ပို့သည့် ကုမ္ပဏီ ခုနစ်ခုတို့ကို ပိုးသတ်ဆေးခတ်ကွင်း ပမာဏကြောင့် တင်ပို့ခွင့်ယာယီရပ်ဆိုင်းထားသည့်အတွက် ဖြေလျှော့ပေးရန် ဆွေးနွေးမှုအပေါ် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သဘောတူညီမှုရရှိခဲ့သည်။

ထို့ပြင် လက်မှတ်ရေးထိုးရန် ပေးပို့ထားသည့် Protocol များနှင့် စပ်လျဉ်း၍ GACC ၏ သက်ဆိုင်ရာ သီးနှံ၊ အသား၊ ငါးကဏ္ဍအလိုက် ညွှန်ကြားရေးမှူးချုပ်များနှင့် ဆက်လက်ဆောင်ရွက်ပေးရန် ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ ငှက်သိုက်တင်ပို့မှုလုပ်ငန်းစဉ်အတွက် လိုအပ်သော အထူးသဘောတူညီချက်နှင့်စပ်လျဉ်း၍ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း GACC ဘက်မှ ပြန်လည်ဆွေးနွေးခဲ့သည်။

သတင်းစဉ်

# အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန်ယုံကြည်မှုရှိခြင်းဖြင့် လုပ်ငန်းခွင်ဆက်ဆံရေးကောင်းမွန်စေပြီး ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၅**

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်ရှိ အထည်ချုပ်စက်ရုံများဖြစ်သည့် U Better (Myanmar) Fashion Co., Ltd.၊ Myanmar Huasheng Golden Fashion Co., Ltd. နှင့် Myanmar Guotai Huasheng Fashion Co., Ltd. တို့မှ အလုပ်ရှင်၊ အလုပ်သမား ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး၊



အလုပ်ရှင်နှင့် အလုပ်သမားများ ပူးပေါင်းဆောင်ရွက်ရေး၊ လူမှုဖူလုံရေး အကျိုးခံစားခွင့်များ ရရှိခံစားနိုင်ရေး မှာကြားသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စက်ရုံ၊ အလုပ်ရုံများတွင် အလုပ်သမားရေးရာဥပဒေများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၁၁ ခုနှစ်၊ အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့်အညီ အဖွဲ့အစည်းအဆင့်ဆင့် ဖွဲ့စည်းနိုင်ရေး ဦးစီးဌာနမှ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အလုပ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းရာတွင် အလုပ်သမားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်၊ အလုပ်ရှင်နှင့် အလုပ်သမားများ အကြား ဆက်ဆံရေးကောင်းမွန်စေရန်အတွက် စနစ်တကျ လွတ်လပ်စွာ ဖွဲ့စည်းဆောင်ရွက်နိုင်ကြောင်း။

အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကော်မတီများအနေဖြင့် အလုပ်သမားရေးရာဥပဒေများနှင့်အညီ စည်းကြပ် ဆောင်ရွက်ပေးမှုများကို အလေးထားလိုက်နာရန်၊ အလုပ်ရှင်၊ အလုပ်သမား အပြန်အလှန် ယုံကြည်မှုရှိခြင်းဖြင့် လုပ်ငန်းခွင်ဆက်ဆံရေး ကောင်းမွန်စေပြီး ကုန်ထုတ်လုပ်မှုကို မြှင့်တင်ပေးနိုင်ကြောင်း မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့မှ စက်ရုံများအတွင်း ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) ဖြင့် အာမခံ အလုပ်သမားများကို ဆေးဝါးကုသမှုများ၊ ဓာတ်ခွဲစစ်ဆေးမှုများ၊ ECG စစ်ဆေးခြင်းများ ကွင်းဆင်းဆောင်ရွက်ပေးမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကြို့ပင်ကောက်မြို့နယ်၌ အခြေခံပညာကျောင်းအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုနှင့် အာဟာရကျွေးမွေး

**ကြို့ပင်ကောက် နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ အခြေခံပညာကျောင်းအခြေပြု ကျောင်းကျန်းမာရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ယမန်နေ့က ဇောဓိရက္ခအလယ်တန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းစိုးက ကျောင်းကျန်းမာရေးလှုပ်ရှားမှု အစီအစဉ်များ ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းကျန်းမာရေးကူးစက်ရောဂါတာဝန်ခံဆရာဝန် ဒေါက်တာမေဇော်က သွေးလွန်တုပ်ကွေးရောဂါ၊ ရာသီတုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းကိုက်ရောဂါဖြစ်ပွားရခြင်းနှင့် ကာကွယ်ရမည့် အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား စိတ်ဝင်စားဖွယ်အမေးအဖြေအစီအစဉ်ဖြင့် ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြိုးဖြိုးညွန့်နှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များက KG ကျောင်းသား ကျောင်းသူများအား အာဟာရဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ကြက်ဥ၊ ပဲနီလေးနှင့် အာဟာရမုန့်တို့ပါဝင်သည့် နေ့လယ်စာကျွေးမွေးခဲ့သည်။ မြို့နယ်(ပြန်/ဆက်)



**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

# အဓိက ဦးစားပေးစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်သွားမည်ဟု လာအိုအစိုးရ ထပ်မံကတိပြု

**ဗီယင်ကျန်း နိုဝင်ဘာ ၁၅**

လာအိုအစိုးရသည် လူမှုအလွှာပေါင်းစုံမှ ပြည်သူလူထုအပေါ်သက်ရောက်မှုရှိနေသော အဓိကစီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ရန် ၎င်းတို့၏ ကတိကဝတ်ကို ထပ်မံအတည်ပြုခဲ့ပြီး အဆိုပါ ကြိုးပမ်းအားထုတ်မှုများသည် အမျိုးသားရေး ထိပ်တန်းဦးစားပေးဖြစ်ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ပြည်သူလူထု၏ အသက်မွေးဝမ်းကျောင်းမှုကို ထိခိုက်လျက်ရှိသော ငွေကြေးဖောင်းပွမှု၊ ငွေလဲလှယ်နှုန်း၊ လျှပ်စစ်ဓာတ်အားဈေးနှုန်းနှင့် ကုန်စည်ဈေးနှုန်းများ မြင့်တက်လာခြင်းအပါအဝင် အဓိကစီးပွားရေးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းဆောင်ရွက်ရန် ကတိကဝတ်ပြုထားကြောင်း လာအိုဝန်ကြီးချုပ် စွန်ဆိုင်းစီဖန်ဒုန်းက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားထားသည်။

လာအိုအစိုးရသည် ငွေကြေးဖောင်းပွမှု၊ ငွေလဲလှယ်နှုန်း၊ ကုန်စည်ဈေးနှုန်းနှင့် ကြွေးမြီဖြေရှင်းဆောင်ရွက်ရေးတို့ကို ထိပ်တန်းဦးစားပေးအဖြစ် သတ်မှတ်ထားကြောင်း နိုဝင်ဘာ ၁၄ ရက်ထုတ် Vientiane Mai သတင်းစာတွင် ဖော်ပြထားသည်။ စီဖန်ဒုန်းက ငွေကြေးဖောင်းပွမှုနှုန်းနှင့် ဈေးနှုန်းများ မြင့်တက်ခြင်းက အဓိကမြို့ကြီးများတွင် နေထိုင်ကြသော အိမ်ထောင်စုများ အထူးသဖြင့် လခစားလုပ်သားများအတွက် သိသာသော ဝန်ထုပ်ဝန်ပိုးများဖြစ်ပေါ်စေသည်ဟု ပြောသည်။

ယင်းဖြစ်ရပ်ကို တုံ့ပြန်သည့်အနေဖြင့် အစိုးရသည် ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ရန် ရည်ရွယ်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ခဲ့သည်ဟု ဆိုသည်။ ထို့အပြင် လာအိုအစိုးရသည် တင်သွင်းကုန်များကို လျှော့ချရန်နှင့် နိုင်ငံခြားငွေများ ပြည်ပသို့ စီးထွက်မှုကို ထိန်းချုပ်ရန် ပြည်တွင်းထုတ်ကုန်များ ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေးအတွက် စီစဉ်ထားကြောင်း သိရသည်။




နိုင်ငံခြားငွေကြေး အရန်ထားရှိမှုကို တိုးမြှင့်ရန်၊ ငွေကြေးလဲလှယ်နှုန်းရော ငွေကြေးဖောင်းပွမှု အပေါ်ပါဖိအားများကိုလျှော့ပါးသက်သာစေရန် နောက်ထပ်အစီအမံများကိုလည်း ချမှတ်သွားမည်ဖြစ်သည်။

**ဆင်ဟွာ**

# ဂါဇာဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယာယီတဲများ ရေမြုပ်

**ဂါဇာ နိုဝင်ဘာ ၁၅**

ဂါဇာကမ်းမြောင်ဒေသ၌ နိုဝင်ဘာ ၁၄ ရက်က မိုးသည်းထန်စွာရွာသွန်းမှုဖြစ်ပေါ်ခဲ့ပြီး ပါလက်စတိုင်းဒုက္ခသည်များနေထိုင်ရာ ယာယီတဲများ ရေမြုပ်မှုဖြစ်ပေါ်ခဲ့သည်။

ဂါဇာမြို့မြောက်ပိုင်းရှိ လမ်းများတွင် ရေလွှမ်းမိုးပြီး ယာယီတဲများအနီးတွင် ရွှံ့ရေများဖြင့် ဖုံးလွှမ်းနေသည်ဟု အင်န်အိတ်ချ်ကေ၏ ဂါဇာရုံးခွဲမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

အလယ်ပိုင်း ဒီအာအယ်ဘယ်လာမြို့အနီးရှိ ဒေသခံများသည် ၎င်းတို့၏ ယာယီတဲများအတွင်းသို့ ရေဝင်ရောက်မှုကို တားဆီးရန် မြေများဖို့လျက်ရှိသည်။ မကြာမီအချိန်အတွင်း ဆောင်းတွင်းသို့ ရောက်လာတော့မည်ဖြစ်ရာ ဒေသခံအင်န်ဂျီအို အဖွဲ့အစည်းသည် လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပေးပို့နိုင်ရေး ဖြတ်သန်းရေးဂိတ်များ ဖွင့်ပေးရန် အစ္စရေးကို တောင်းဆိုခဲ့သည်။

လွန်ခဲ့သည့်လအတွင်းက အပစ်အခတ်ရပ်စဲရေး စတင်ခဲ့သော်လည်း ဆောင်းတွင်းကာလအတွင်း အသက်ရှင်ရပ်တည်ရန် လိုအပ်သည့် ထောက်ပံ့ရေးပစ္စည်းဝင်ရောက်မှုမှာ နှောင့်နှေးလျက်ရှိသည်။

စောင်၊ မွေ့ရာများ မရှိသည့်အတွက် ကလေးငယ်အအေးဒဏ်ခံစားနေရသည်ကို တွေ့မြင်နေရသည်မှာ မခံစားနိုင်ဟု ဒေသခံတစ်ဦးက ပြောသည်။ ဒေသခံများသည် စောင်နှင့် တဘက်စောင်များကဲ့သို့ လိုအပ်သည့် ပစ္စည်းများ ပံ့ပိုးပေးရန် တောင်းဆိုခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# အာဖဂန်အရှေ့ပိုင်း၌ ရေပေးဝေရေးကွန်ရက်အသစ် ဖွင့်လှစ်

**ကဘူးလ် နိုဝင်ဘာ ၁၅**

အာဖဂန်နစ္စတန် အာဏာပိုင်များသည် နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ ရေပေးဝေရေးကွန်ရက်အသစ် ဖွင့်လှစ်လိုက်ကြောင်း နိုင်ငံပိုင် ဘတ်ခ်ထာသတင်းအေဂျင်စီ၏ နိုဝင်ဘာ ၁၅ ရက် ဖော်ပြချက်အရ သိရသည်။

နန်ဂါဟာပြည်နယ် လာလ်ပူခရိုင်တွင် တည်ဆောက်ထားသည့် အဆိုပါစီမံကိန်းသည် မကြာသေးမီက ရေပြတ်လပ်မှုနှင့် ဆိုးရွားစွာကြုံတွေ့ခဲ့သည့် မိသားစု ၆၆၅ စုအတွက် သန့်ရှင်းသော သောက်သုံးရေ ထောက်ပံ့ပေးရန် ရည်ရွယ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။ ထို့အပြင် အဆိုပါကွန်ရက်သည် ရေရှားပါးမှုဒဏ်ခံစားနေရသော ဒေသခံများ၏ နေ့စဉ်ဘဝ အခက်အခဲများကို လျှော့ပါးသက်သာစေဖွယ်ရှိသည်။

အာဖဂန်နစ္စတန် နိုင်ငံသည် နှစ်ပေါင်းများစွာ မိုးခေါင်ရေရှားမှုဒဏ်ကို ထပ်ကာတလဲလဲကြုံတွေ့ရလျက်ရှိကာ နိုင်ငံတစ်ဝန်းရှိ လူမှုအသိုက်အဝန်းများကိုလည်း ထိခိုက်နစ်နာမှု ဖြစ်ပွားစေသည်။ မကြာသေးမီနှစ်များအတွင်း နိုင်ငံ၏ မြို့တော် ကဘူးလ်အပါအဝင် အဓိကမြို့အများအပြားမှာ သန့်ရှင်းသော သောက်သုံးရေပြတ်လပ်မှုများနှင့် ဆိုးရွားစွာ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

**ဆင်ဟွာ**

# နယ်သာလန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွား မွေးမြူရေး တိရစ္ဆာန်ကောင်ရေ ၁၁၇၀၀၀ ကို ရှင်းလင်းမည်

**ဟိတ် နိုဝင်ဘာ ၁၅**

နယ်သာလန်နိုင်ငံ ဒရိုဂျီဟမ်ကျေးရွာ မြောက်ပိုင်း မွေးမြူရေးခြံတစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ တွေ့ရှိခဲ့သဖြင့် မွေးမြူရေးတိရစ္ဆာန်ကောင်ရေ ၁၁၇၀၀၀ ကို ရှင်းလင်းရန် တိုက်တွန်းထားကြောင်း ဒတ်ချ်အစိုးရက နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ရောဂါကူးစက်စေတတ်သော ဗိုင်းရပ်စ်ကို ဟန့်တားရန် ဒရိုဂျီဟမ်မွေးမြူရေးခြံတစ်လျှောက် ၁၀ ကီလိုမီတာခန့်တွင် ကြက်၊ ဘဲ၊ ငှက် စသည့် မွေးမြူရေးတိရစ္ဆာန်များ၊ ဥများ၊ မြေသြဇာများနှင့် ကောက်ရိုးအခင်းများ သယ်ယူပို့ဆောင်ခြင်း တားမြစ်ချက်များ ချမှတ်ထားကြောင်း သိရသည်။

အခြားမွေးမြူရေးခြံတစ်ခုသည်လည်း ရောဂါတွေ့ရှိသည့်နေရာမှ ၁ ကီလိုမီတာအကွာအတွင်းနှင့် နောက်ထပ် ခြံသုံးခုသည်လည်း ၃ ကီလိုမီတာအတွင်း တည်ရှိသောကြောင့် ပြီးခဲ့သည့်သီတင်းပတ်မှ နောက်ထပ် ၁၄ ရက်အတွင်း စောင့်ကြည့်သွားမည်ဖြစ်ကြောင်း အစိုးရက ထုတ်ပြန်ချက်တွင် ပြောကြားသည်။

နယ်သာလန်နိုင်ငံသည် မကြာသေးမီ သီတင်းပတ်များအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမကြာခဏ ကြုံတွေ့ခဲ့ရကြောင်း၊ ဂယ်ဒါလန့်၊ ဖလီဗိုလန့်၊ ဖရိုက်စ်လန့်ပြည်နယ်တို့ရှိ မွေးမြူရေးခြံများတွင် ကြက်ငှက်တုပ်ကွေးရောဂါ အတည်ပြုတွေ့ရှိခဲ့သောကြောင့် သောင်းနှင့်ချီသည့် ကြက်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ဆွစ်ဇာလန်နိုင်ငံကို အခွန် ၁၅ ရာခိုင်နှုန်းစည်းကြပ်ရန် အမေရိကန်သဘောတူ

**ဝါရှင်တန် နိုဝင်ဘာ ၁၅**

ဆွစ်ဇာလန်နိုင်ငံမှ အမေရိကန်သို့ တင်ပို့သည့်ကုန်ပစ္စည်းများအပေါ် အခွန်စည်းကြပ်မှုနှုန်းကို ၃၉ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအထိ လျှော့ချရန် အမေရိကန်အစိုးရအဖွဲ့က သဘောတူခဲ့သည်ဟု နိုဝင်ဘာ ၁၄ ရက်တွင် အိမ်ဖြူတော်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

လပေါင်းများစွာကြာ ဆွေးနွေးညှိနှိုင်းမှုများအပြီးတွင် အမေရိကန်သည် လက်ချင်စတိန်းနိုင်ငံ၊ ဆွစ်ဇာလန်နိုင်ငံတို့နှင့် ကုန်သွယ်ရေး သဘောတူညီချက်မူဘောင်ရရှိခဲ့သည်။

သဘောတူညီမှုအစိတ်အပိုင်းအဖြစ် လက်ချင်စတိန်း ကုမ္ပဏီများနှင့် ဆွစ်ကုမ္ပဏီများသည် အမေရိကန်နိုင်ငံတွင် ၂၀၀ ဘီလီယံဝန်းကျင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဖြစ်သည်။ ၂၀၂၆ ခုနှစ်တွင် ၆၇ ဘီလီယံခန့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည်ဖြစ်သည်။

အမေရိကန်ရှိ ပြည်နယ်ပေါင်း ၅၀ တွင် အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုများကို ဆေးဝါး၊ စက်ယန္တရားများ၊ ဆေးဘက်ဆိုင်ရာကိရိယာများ၊ အာကာသယာဉ်၊ ဆောက်လုပ်ရေး၊ အဆင့်မြင့် ကုန်ထုတ်လုပ်မှု၊ စွမ်းအင်ဆိုင်ရာ အခြေခံအဆောက်အအုံများအပါအဝင် ကဏ္ဍအသီးသီးတွင် ဖြန့်ကြက်သွားမည်ဟု အိမ်ဖြူတော်က ပြောသည်။

၂၀၂၆ အစောပိုင်းတွင် ကုန်သွယ်ရေးသဘောတူညီမှု ဆွေးနွေးညှိနှိုင်းမှုများကို အဆုံးသတ်သွားမည်ဟု ရည်မှန်းထားကြသည်။ ဆွစ်ဇာလန်နိုင်ငံမှ သွင်းကုန်ပစ္စည်းများအပေါ် ၁၅ ရာခိုင်နှုန်း အကောက်ခွန်စည်းကြပ်မှုသည် ဥရောပသမဂ္ဂကို သတ်မှတ်သည့် အခွန်စည်းကြပ်မှုနှင့်အတူတူပင်ဖြစ်သည်ဟု အိမ်ဖြူတော်၏ အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**

# ကာဇက်စတန်နိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုများကြောင့် လူပေါင်း ၁၉၁၆ ဦး သေဆုံး

**အယ်လ်မာတီ နိုဝင်ဘာ ၁၅**

၂၀၂၅ ခုနှစ်မှစကာ ကာဇက်စတန်နိုင်ငံ၌ ယာဉ်မတော်တဆမှု ၂၉၀၀၀ ကျော်ဖြစ်ပွားရာ လူ ၁၉၁၆ ဦး သေဆုံးခဲ့ကြောင်းနှင့် ၄၀၀၀၀ ကျော် ဒဏ်ရာရရှိကြောင်း ပြည်ထဲရေးဝန်ကြီးဌာန (အမ်အိုင်အေ) မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး Kazinform သတင်းအေဂျင်စီက နိုဝင်ဘာ ၁၄ ရက်တွင် ထုတ်ပြန်ထားသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားရသည့် အဓိကအကြောင်းရင်းများမှာ ယာဉ်ကို အရှိန်လွန်မောင်းနှင်ခြင်း၊ ယာဉ်ကို မျက်နှာချင်းဆိုင်လမ်းကြောင်းမှ မောင်းနှင်ခြင်းနှင့် မူး၍ မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း သိရသည်။

ကာဇက်စတန် ရဲတပ်ဖွဲ့သည် ယခုနှစ်အတွင်း ယာဉ်စည်းကမ်းချိုးဖောက်မှု ၁၂ သန်းကျော် မှတ်တမ်းတင်ထားသည်ကို တာဝန်ရှိသူများက မှတ်ချက်ပြုထားသည်။

**ဆင်ဟွာ**

# အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့၏ (၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး စင်ကာပူနိုင်ငံ၌ ကျင်းပ အဆိုပါအဖွဲ့၏ စာရင်းစစ်အဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအား အတည်ပြုခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၁၅**

စင်ကာပူနိုင်ငံ၌ နိုဝင်ဘာ ၁၂ ရက်မှ ၁၄ ရက်အထိ ကျင်းပသည့် အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI)၏ (၈)ကြိမ်မြောက် ထိပ်သီးအစည်းအဝေးသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။







ထိပ်သီးအစည်းအဝေးတွင် စင်ကာပူနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီး Ms. Indranee Rajah က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ASEANSAI ကော်မတီအသီးသီး၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်လုပ်ငန်းတိုးတက်မှုအစီရင်ခံစာ၊ ၂၀၂၆–၂၀၂၉ ခုနှစ် မဟာဗျူဟာစီမံချက်၊ ပြင်ဆင်ထားသော ASEANSAI စည်းမျဉ်းနှင့် လုပ်ထုံးလုပ်နည်းများ၊ ASEANSAI သင်တန်းပို့ချရေးမူဘောင်၊ ၂၀၂၅–၂၀၂၇ ခုနှစ်အတွက် ASEANSAI ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ အတည်ပြုခန့်အပ်ခြင်း၊ ၂၀၂၄ ခုနှစ် နှင့် ၂၀၂၅ ခုနှစ်များအတွက် ASEANSAI ၏ ဘဏ္ဍာရေးရှင်းတမ်းများ စစ်ဆေးမည့် စာရင်းစစ်အဖြစ် မြန်မာနိုင်ငံ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအား အတည်ပြုခန့်အပ်ခြင်း၊ ၂၀၂၆–၂၀၂၇ ခုနှစ်အတွက် ကော်မတီ(၃)ရပ်တို့၏ ဥက္ကဋ္ဌများ အတည်ပြုခန့်အပ်ခြင်း၊ ASEANSAI ကော်မတီများနှင့် အတွင်းရေးမှူးချုပ်တို့၏ ၂၀၂၆–၂၀၂၇ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များ၊ ၂၀၂၆–၂၀၂၇ ခုနှစ် ASEANSAI လုပ်ငန်းများအတွက် အဆိုပြုဘတ်ဂျက်များ အတည်ပြုခြင်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အစီရင်ခံစာအပေါ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ထိပ်သီးအစည်းအဝေးတွင် ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးက အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (ASEANSAI)၏ စာရင်းစစ်အဖြစ် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအား ခန့်အပ်မှုအတွက် ဝမ်းမြောက်မိပါကြောင်း၊ မိမိတို့ရုံးအနေဖြင့် ASEANSAI ၏ ၂၀၁၃ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခဲ့သည့် အတွေ့အကြုံရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတကာ စာရင်းစစ်ချုပ်ရုံးများ လိုက်နာရမည့်စံများနှင့်အညီ စစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ခန့်အပ်တာဝန်ပေးရန် ထောက်ခံပေးခဲ့သည့် အဖွဲ့ဝင်စာရင်းစစ်ချုပ်ရုံးများအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ထိပ်သီးအစည်းအဝေးသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စာရင်းစစ်ချုပ်များ၊ အရှေ့တောင်အာရှနိုင်ငံများဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့မှ အတွင်းရေးမှူးချုပ်နှင့် ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာ အာဆီယံနိုင်ငံများ၏ သံအမတ်ကြီးများ၊ သံရုံးတာဝန်ခံများ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံပညာမူလတန်းနှင့် အခြေခံပညာအလယ်တန်းပြီးမြောက်ခြင်း စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်း ဆောင်ရွက်

**ရန်ကုန် နိုဝင်ဘာ ၁၅**

မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက ဦးစီးကျင်းပပြုလုပ်သည့် အခြေခံပညာမူလတန်းနှင့် အခြေခံပညာအလယ်တန်း ပြီးမြောက်ခြင်း စာမေးပွဲဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲနှင့် အမျိုးသားပညာရည်စစ်ဆေးအကဲဖြတ်ခြင်း၊ လမ်းညွှန်ချက်များ ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်ပညာရေးတက္ကသိုလ် Learning Hub ၌ ကျင်းပသည်။



အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အလုပ်ရုံဆွေးနွေးပွဲသည် ယမန်နှစ်က လုပ်ငန်းများ၏ အားသာချက် အားနည်းချက်များကို လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးကြရန်ဖြစ်ပါကြောင်း၊ ထို့ပြင် ပညာရေးဝန်ကြီးဌာနက ချမှတ်အကောင်အထည်ဖော်နေသည့် အမျိုးသားပညာရေး မဟာဗျူဟာ အစီအစဉ် (NESP ၂၀၂၁–၂၀၃၀) ထဲမှ အဓိက ကဏ္ဍတစ်ခုဖြစ်သည့် စစ်ဆေးအကဲဖြတ်ခြင်းကို တိုးတက်ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် ယခုကျင်းပပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲသည် အလွန်အရေးကြီးပါကြောင်း။

စစ်ဆေး အကဲဖြတ်ခြင်း၊ စာမေးပွဲ ကျင်းပခြင်းသည် ကျောင်းသား ကျောင်းသူများ၏ လေ့လာသင်ယူမှုကို ပိတ်ပင်တားဆီးခြင်းမျိုးမဟုတ်ဘဲ သင်ယူတတ်မြောက်မှုကို အားပေးပြီး ပညာရေးခရီးမှာ ရှေ့ဆက်ရန် အထောက်အကူပြုသည့် လုပ်ငန်းစဉ်ဖြစ်ရမည် ဖြစ်ပါကြောင်း။

အလယ်တန်းအဆင့် Grade–9 ပြီးမြောက်ခဲ့ပါက ပုံမှန် အခြေခံပညာရေးတွင် ဆက်လက်ပညာသင်ကြားနိုင်သလို မိမိဝါသနာပါရာ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်း ကျောင်းများတွင် တက်ရောက်ပြီး အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ယူဆည်းပူးနိုင်သည့် အခွင့်အလမ်းလည်း ရှိနေပြီဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအတွက် စူးစမ်းလိုစိတ်ကို လှုံ့ဆော်နိုင်သည့်၊ ကြိုးစားအားထုတ်မှုကို အသိအမှတ်ပြုနိုင်သည့်၊ သင်ယူမှု၏ နောက်တစ်ဆင့်ကို တံခါးဖွင့်ပေးနိုင်သည့် မေးခွန်းများ ပြုစုပေးကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသက်လွင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းသည် G– 5, G – 9 ဆိုင်ရာ မေးခွန်းများ အဆင့်မီစွာ ဆောင်ရွက်နိုင်ရေး သာတူညီမျှမှုရှိစေရေး လုပ်ဆောင်သည့် ဆွေးနွေးပွဲဖြစ်ပြီး ဆွေးနွေးပွဲသို့ Grade–5, Grade–9 မေးခွန်းထုတ်ပြန်နိုင်ရေး ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမ ၅၇၀ တက်ရောက်ကြပြီး သုံးရက်တာ ဆွေးနွေးကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အခြေခံပညာကျောင်းများ၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် ခရစ်ယာန်ကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

၂၀၂၅–၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက် သင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေးနှင့် တက္ကသိုလ်များ၊ ပညာရေးကောလိပ်များနှင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အပါအဝင် မြို့နယ် ၁၆ မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်တို့၌ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက အခြေခံပညာကျောင်းများ အတွင်း/အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းနှင့် ကျန်းမာရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်အပါအဝင် မြို့နယ် ငါးမြို့နယ်တို့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနိကအဆောက်အအုံများနှင့် ခရစ်ယာန်ဘုရားကျောင်းများ၌ နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများ ခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့် နေရာများကို ခြင်ဆေးဖျန်းခြင်းများ စုပေါင်းဆောင်ရွက်ကြသည်။



ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခေတ်သစ်ပြည်သူ့ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၅

**ခေတ်သစ်ပြည်သူ့ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးအောင်မျိုးက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ခေတ်သစ်ပြည်သူ့ပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူး-၁ ဦးအောင်မျိုး ဖြစ်ပါတယ်။ ခေတ်သစ်ပြည်သူ့ပါတီဟာ မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲဝင် နိုင်ငံရေးခေါင်းဆောင်ကြီးများရဲ့ နိုင်ငံရေး မျိုးဆက်ပါတီ ဖြစ်ပါတယ်။ လူတွေမှာ မျိုးဆက်မကင်းနိုင်သလို နိုင်ငံရေးမှာလည်း မျိုးဆက်မကင်းနိုင်လို့ ဖြစ်ပါတယ်။ ခေတ်သစ်ပြည်သူ့ပါတီကို အဘိဓမ္မာရေး၊ သဘောတရားရေး မူဝါဒလမ်းစဉ်လုပ်ငန်းစဉ်များနဲ့ ခိုင်မာစွာ တည်ဆောက်ပြီး ပါတီဝင်ကျင့်ဝတ် (၁၀)ပါးကို ခံယူကျင့်သုံးပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီဟာ ထိုက်တန်သူတွေအတွက် တံခါးဖွင့်ထားတဲ့ ပြည်သူ့တပ်ဦးပါတီသာ ဖြစ်ပါတယ်။ ပါတီရဲ့ တံဆိပ်ဖြစ်တဲ့ ကမ္ဘာလုံးပေါ်က သေးလတ်ကြီး အနီရောင် ကြယ်သုံးပွင့်မှာ ကမ္ဘာလောကကြီး ငြိမ်းချမ်းရေးဒီမိုကရေစီရေး ခေတ်သစ်သိပ္ပံ ဆိုရှယ်လစ်လောကနိဗ္ဗာန်ခေတ်သို့ တက်လှမ်းရေးဖြစ်ပါတယ်။ ကြယ်သုံးပွင့်အနီရောင်မှာ ရဲရင့်မှု၊ သွေးစည်းညီညွတ်မှု ဖြစ်ပါတယ်။ ပါတီအလံရဲ့ အောက်ခံ အစိမ်းနုရောင်မှာ တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပါတယ်။

သဘောတရားဟာ လူထုကို ချုပ်ကိုင်မိသည်နဲ့တစ်ပြိုင်နက် ရုပ်ဝတ္ထုအင်အားစု ဖြစ်လာတယ်။ Theory becomes a material force when it grips the masses လို့ လူမှုသိပ္ပံတရားက ဆိုပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီက အကြွင်းမဲ့ငြိမ်းချမ်းရေးလမ်းစဉ်ကို ခံယူပါတယ်။ ပါတီဗဟိုအလုပ်အမှုဆောင်ဥက္ကဋ္ဌကြီးကတော့ ဦးထွန်းအောင်ကျော် ဖြစ်ပါတယ်။ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၅)ဦး၊ အရန်ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်(၂)ဦး၊ ဗဟိုကော်မတီဝင်(၁၁)ဦးတို့က ပါတီကို ဦးဆောင်နေပါတယ်။ ဒီကနေ့ ပါတီကို ရော၀တီတိုင်းဒေသကြီး အဆင့် ဖွဲ့စည်းရပ်တည်ထားသော်လည်း တစ်နိုင်ငံလုံး အတိုင်းအတာအထိ ဆက်လက်ဖွဲ့စည်းရပ်တည်သွားနိုင်ဖို့ ဆောင်ရွက်နေပါတယ်။

**လမ်းညွှန်သဘောတရား**

"အမြင်မှာ မကြည်လင် အလုပ်မှာ မပြတ်သားဘူး သဘောတရားဟာ ကြည်လင်ပြတ်သားတဲ့ အလားအလာကို ပေးတယ်၊ အမှားအမှန်ဆုံးဖြတ်နိုင်စွမ်းကို ပေးတယ်၊ အလုပ်မှာ စိတ်ချမှုကို ပေးတယ်။ နောက်ဆုံး မိမိတို့ ခံယူချက် အောင်ရမယ်ဆိုတဲ့ ယုံကြည်ချက်ကို ပေးတယ်" ဆိုတဲ့အတိုင်း ပါတီရဲ့ လမ်းညွှန်သဘောတရားကို တင်ပြသွားပါမယ်။ ခေတ်သစ်ပြည်သူ့ပါတီက ခံယူကျင့်သုံးတဲ့ ပြည်သူကို ဗဟိုပြုသော လူမှုသိပ္ပံတရား(၄)ပါး၊ လောကပါလတရား(၄) ပါးနဲ့ ပါတီရဲ့ ပညာနိုင်ငံရေးအလုပ် လမ်းညွှန်တရား(၄)ပါးရှိပါတယ်။ ပြည်သူကို ဗဟိုပြုသော လူမှုသိပ္ပံတရား(၄)ပါးနှင့် လောကပါလတရား (၄)ပါးမှာ -

(၁) လူထုတွေ မပါရင်ဘာမှမလုပ်နိုင်၊ (၂) လူထုရွေးကောက်ပွဲတွေ မပါရင် ဘာမှမလုပ်နိုင်၊ (၃) လူထုတွေရဲ့ အခြေခံအကျိုးစီးပွားနဲ့ ကိုက်ညီမှန်ကန်တဲ့ မူဝါဒလမ်းစဉ်တစ်ရပ်ကို လူထုကို ကင်းကင်းလွတ်လွတ် ရွေးချယ်ခွင့် ပြုရမယ်၊ (၄) အဲဒီလို ရွေးချယ်ခွင့်မပြုရင် လူထုတွေ သူ့လမ်းသူ ရွေးချယ်သွားလိမ့်မယ်။

**ခေတ်သစ်ပြည်သူ့ပါတီရဲ့ ပညာနိုင်ငံရေး အလုပ်လမ်းညွှန်တရား(၄)ပါး**

၁။ အကန်းယုံ အရမ်းယုံ မယုံကြဘဲ သိပ္ပံပညာမျက်စိနဲ့သာ ဆင်ခြင်ကြပါစို့။

၂။ ဆင်ခြင်တုံတရားမဲ့ ဆန္ဒစွဲယုံကြည်မှုတွေကို စွန့်လွှတ်ပြီး အသိအလိမ္မာဉာဏ်ပညာကိုသာ အားကိုးကြပါစို့။

၃။ စနစ်တကျလေ့လာသုံးသပ်မှုကင်းမဲ့တဲ့ ဘ၀ကိုစွန့်လွှတ်ပြီး လေးနက်တဲ့ အဘိဓမ္မာပေါ်မှာသာ အခြေခံကြပါစို့။

၄။ ဆင်ခြင်တုံတရားမဲ့ အစွဲအလမ်းဟောင်းတွေပေါ်မှာ မျက်စိမှိတ်ဆုပ်ကိုင်ထားသူတွေနဲ့စာရင် အရိုးခံသက်သက် သာမန်ပြည်သူတွေကမှ အမှန်တရားနဲ့ ပိုလို့နီးစပ်ပါသေးတယ်။ လူတွေဟာ သင်အံ့တတ်မြောက်ပြီးသား အဆင်သင့်မွေးဖွားလာခြင်း မဟုတ်ပါ။ လုပ်ရင်းသင် သင်ရင်းတတ်တဲ့ သတ္တဝါသာ ဖြစ်ပါတယ်။ ဒါကြောင့် လူ့အဖွဲ့အစည်းကြီးဟာ အရေအတွက်အရရော အရည်အချင်းအရပါ ပြောင်းလဲတိုးတက်နေတာ ဖြစ်ပါတယ်။ ဘယ်လိုပင် ကပ်ဘေးအမျိုးမျိုးကို ဖြတ်သန်းခဲ့ရသော်လည်း ရှေးကျောက်ခေတ်လူသားမှ ဒီကနေ့ အဆင့်အတန်းအမြင့်ဆုံးသော အီလက်ထရွန်နစ်နည်းပညာ ခေတ်လူသားအထိ ဖြစ်လာပါတယ်။ အဲဒီလို ပြောင်းလဲတိုးတက်ရာမှာ ရှေးဘုံဝါဒစနစ်(ကျောက်ခေတ်) ကျေးပိုင်ကျွန်ပိုင်စနစ် (သံစပေါ်သောခေတ်) ပဒေသရာဇ် ဓေရာဇ်စနစ် (လက်မှုအတတ်ပညာထွန်းကားလာသောခေတ်) ဒီကနေ့ အရင်းရှင်စနစ် (အဆင့်အတန်းအမြင့်ဆုံးသော အီလက်ထရွန်နစ်နည်းပညာခေတ်) ဖြစ်ပြီး ဆက်လက်ပြီးလည်း ခေတ်သစ်သိပ္ပံဆိုရှယ်လစ်လောကနိဗ္ဗာန်ခေတ်သို့ တက်လှမ်းသွားမှာဖြစ်ပါတယ်။ ဒီကနေ့ဟာ ဈေးကွက်စီးပွားရေးနှင့် အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေကြိုးပမ်းသွားရမှာ ဖြစ်ပါတယ်။

**မူဝါဒလမ်းစဉ် လုပ်ငန်းစဉ်များ**

**စီးပွားရေး** ။ ။ စီးပွားရေးကုန်လုပ်စွမ်းအားစုတွေရဲ့ တိုးတက်ဖြစ်ပေါ်ရေးဟာ လူ့အဖွဲ့အစည်း ရှေ့တန်းတက်လှမ်းရေးရဲ့ အဆင့်အတန်းအမြင့်ဆုံးသော မှတ်ကျောက်ညွှန်လက်ဖြစ်ပါတယ်။ ဒါကြောင့် ပြည်သူတို့ရဲ့ စီးပွားရေးကုန်လုပ်မှုကို အာမခံချက်ပေးနိုင်တဲ့ တံခါးဖွင့် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးမယ်။ ပြည်တွင်း ပြည်ပမှာ လွတ်လပ်စွာပြိုင်ဆိုင်ထုတ်လုပ်ရောင်းဝယ်ခွင့်ပြုမယ်။ တိုင်းရင်းသားပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများ သန်းကြွယ်သူဌေးကြီးများ ပေါ်ထွန်းလာရေးကို ဆောင်ရွက်မယ်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ပြည်သူတွေ အသိဉာဏ်ရည်မြင့်မားရန် လိုပါတယ်။ အသိဉာဏ်ရည်မြင့်မားရေးအတွက် လူနေမှုအဆင့်အတန်းမြင့်မားရေးလိုပါတယ်။ လူနေမှုအဆင့်အတန်းမြင့်မားရေးအတွက် စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုးတိုးတက်ဖို့ လိုပါတယ်။

**နိုင်ငံရေး** ။ ။ ပြည်သူတို့ရဲ့ လူ့အခွင့်အရေးနဲ့ နိုင်ငံရေးလွတ်လပ်မှုကို အာမခံချက်ပေးနိုင်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးမယ်။ လွတ်လပ်ခွင့်အပြည့်အဝရရှိရေး တူညီသောအခွင့်အရေးရရှိရေး ပြည်သူဆန္ဒအရ အုပ်ချုပ်ရေးဆိုတဲ့ ဒီမိုကရေစီ ဦးတည်ချက်(၃)ရပ်ကို အကောင်အထည်ဖော်သွားမယ်။ သတင်းမီဒီယာနဲ့ လူမှုမီဒီယာများ လွတ်လပ်စွာဖော်ပြခွင့်ပြုမယ်။

**ဘာသာရေး** ။ ။ မိမိတို့ ကြိုက်နှစ်သက်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့်၊ သာသနာရေး၊ ဘာသာရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့်ပြုမယ်။ သို့သော် ဘာသာရေးကို နိုင်ငံရေးတွင် အသုံးချခွင့်မပြုပါ။

**တိုင်းရင်းသားလူမျိုးများအရေး** ။ ။ လူမျိုးကြီးဝါဒနဲ့ ကျဉ်းမြောင်းသော လူမျိုးစွဲဝါဒကင်းရှင်းစွာ တိုင်းရင်းသားလူမျိုးများ တန်းတူညီတူအခွင့်အရေးရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု ထူထောင်မယ်။

**ပြည်တွင်းငြိမ်းချမ်းရေး** ။ ။ လက်နက်ကိုင်ပဋိပက္ခဟာ သေခြင်းတရားလို ရှောင်လွှဲလို့မရတဲ့ အရာမဟုတ်။ ဒါကြောင့် အမျိုးသားသင့်မြတ်စည်းလုံးရေး ခါးသီးနာကြည်းနောင်ကြဉ်စရာ သမိုင်းသင်ခန်းစာကို ယူပြီးတော့ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရေး၊ ထာဝရပြည်တွင်းငြိမ်းချမ်းရေးကို မဖြစ်မနေ ကြိုးပမ်းသွားရမှာဖြစ်ပါတယ်။

**ကျား/မတန်းတူရေး** ။ ။ အမျိုးသား/အမျိုးသမီး ကျား/မ တန်းတူရေး မရှိရင် လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် အလှမ်းဝေးသွားနိုင်ပါတယ်။ ဒါကြောင့် ခေတ်သစ်ပြည်သူ့ပါတီက အမျိုးသမီးများ ဝန်ဒဏ်သုံးရပ်က လွတ်မြောက်ရေး (CEDAW) စာချုပ်ပါ သဘောတူညီချက်အတိုင်း အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး၊ အမျိုးသမီးများ စွမ်းဆောင်ရည်မြင့်မားရေး၊ ကျား/မ တန်းတူရေးကိုလည်း ဆောင်ရွက်မယ်။

**တောင်သူလယ်သမားများအရေး** ။ ။ စိုက်ပျိုးရေးကို အခြေခံတဲ့ မြန်မာနိုင်ငံတွင် တောင်သူလယ်သမားလူတန်းစားများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် လိုအပ်ပါတယ်။ တောင်သူလယ်သမားများ လွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်သိုလှောင်ရောင်းချခွင့်ပြုမယ်။ ပြည်ပသို့ လွတ်လပ်စွာ တင်ပို့ရောင်းချခွင့်ပြုမယ်။ တောင်သူလယ်သမားများအကျိုးကို တောင်သူလယ်သမားများ ဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက် ခွင့်ပြုမယ်။ အဆင့်မြင့် စက်မှုလယ်ယာ ထူထောင်ရေးကို ကြိုးပမ်းသွားမယ်။

**အလုပ်သမား လူတန်းစားများအရေး** ။ ။ လုပ်ငန်းရှင်နဲ့ အလုပ်သမားလူတန်းစားတို့ရဲ့ ပေါင်းစည်းစွမ်းအားဟာ လူ့အဖွဲ့အစည်း တိုးတက်ဖြစ်ပေါ်ရေးရဲ့ မောင်းနှင်အား ဖြစ်ပါတယ်။ လုပ်ငန်းရှင်မရှိရင် အလုပ်သမားမရှိနိုင်သလို အလုပ်သမားမရှိရင်လည်း လုပ်ငန်းရှင်မရှိနိုင်ပါ။ ဒါကြောင့် လုပ်ငန်းရှင်နဲ့ အလုပ်သမားပဋိပက္ခဟာ ပေါင်းစပ်ဖြေရှင်းလို့ မရတဲ့ ပဋိပက္ခမဟုတ်ပါ။ စီးပွားရေးကုန်လုပ်စွမ်းအားစုများ ခေတ်မီဖွံ့ဖြိုး တိုးတက်လာတာနဲ့အမျှ အလုပ်သမားများနဲ့ ဆင်းရဲသားများရဲ့ ဘဝဖွံ့ဖြိုးတိုးတက်လာမယ် ဖြစ်တယ်။ အလုပ်သမားများအကျိုးကို အလုပ်သမားများ ဖန်တီးနိုင်ရေးအတွက် အလုပ်သမားအစည်းအရုံးများ ဖွဲ့စည်းဆောင်ရွက်ခွင့်ပြုမယ်။

**ကျန်းမာရေး** ။ ။ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးကို ကြိုးပမ်းသွားနိုင်ရေးအတွက် အဆင့်မြင့်ဆေးရုံ၊ ဆေးပေးခန်းများ ဒေသအလိုက် ဖွင့်လှစ်သွားမယ်။ အဆင့်မြင့် ဆေးပညာရှင်များ ပေါ်ထွန်းလာရန် ကြိုးပမ်းမယ်။ ဆေးပညာသုတေသနလုပ်ငန်းများကို အားပေးမယ်။ တိုင်းရင်းဆေးများ အစွမ်းထက်ရေး၊ တိုင်းရင်းဆေးများ နိုင်ငံတကာအဆင့်မီထုတ်လုပ်နိုင်ရေးကို အားပေးမယ်။ ကျန်းမာရေးကဏ္ဍတွင် ပုဂ္ဂလိကများ လုပ်ပိုင်ခွင့်ပြုမယ်။

**ပညာရေး** ။ ။ ယနေ့ပညာခေတ်တွင် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်နိုင်သောပညာရေးစနစ်ကို ကျင့်သုံးမယ်။ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးသုတေသနလုပ်ငန်းများ လုပ်ကိုင်ပြီး ပညာတော်သင်များ ပြည်ပသို့ စေလွှတ်သင်ယူမယ်။ လူငယ်များ အနိမ့်ဆုံးအခြေခံပညာအထက်တန်း အောင်မြင်နိုင်ရေး ဆောင်ရွက်သွားမယ်။ ပညာရေးကဏ္ဍတွင် ပုဂ္ဂလိကများ လုပ်ကိုင်ခွင့်ပြုမယ်။

**ကာကွယ်ရေး** ။ ။ ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းဆောင်ရည်မြင့်မားသောမျိုးချစ်တပ်မတော်၊ အမျိုးသားတပ်မတော်၊ ပြည်ထောင်စုတပ်မတော်၊ ပြည်သူ့တပ်မတော်ဖြစ်ရမယ်။

**နိုင်ငံခြားရေး** ။ ။ လွတ်လပ်သောနိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမယ်။ ငြိမ်းချမ်းစွာယှဉ်တွဲနေထိုင်ရေး ဘန်ဒေါင်းမူကြီး(၅)ချက်နှင့်အညီ နိုင်ငံတကာဆက်ဆံရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေးများကို ကျယ်ပြန့်စွာလုပ်ဆောင်သွားမယ်။ နိုင်ငံတကာဖိုလ်ကျစိုးမိုးရေးဝါဒ၊ ကိုလိုနီလက်သစ်ဝါဒများကို ကာကွယ်တိုက်ဖျက်သွားမယ်။ အိမ်နီးချင်းနိုင်ငံများ၊ မိတ်ဖက်နိုင်ငံများ၊ အာဆီယံနိုင်ငံများနဲ့ ဆက်ဆံရေး ပူးပေါင်းဆောင်ရွက်ရေးများကို ပိုမိုကြိုးပမ်းသွားမယ်။

ကျွန်တော့်အနေနဲ့ နိဂုံးချုပ်တင်ပြရရင်တော့ နိုင်ငံနှင့်ပြည်သူ့အကျိုးကို ကြိုးပမ်းထမ်းဆောင်အောင်မြင်လာတာနဲ့အမျှ ပြည်သူလူထုအကျိုးဖြစ်ထွန်းလာတာနဲ့အမျှ ပြည်သူတွေက ပစ်ပယ်မထားဘဲ မေ့လျော့မနေဘဲ ခေါင်းဆောင်ကောင်းများအဖြစ် ပို့ဆောင်ကြမြဲဖြစ်တယ်။ ပြည်သူတို့က မိမိတို့ အားကိုးရာပုဂ္ဂိုလ်ကောင်းများအဖြစ် ရွေးချယ်လာကြမယ်ဖြစ်တယ်ဆိုတာ ခံယူပြီး ခေတ်သစ်ပြည်သူ့ပါတီက နိုင်ငံနဲ့ ပြည်သူ့အကျိုးကို ကြိုးပမ်းထမ်းဆောင်သွားမယ်ဆိုတာ တင်ပြရင်း နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

**ပါတီ၏ သီချင်းစာသား**

( ခေတ်စနစ်နဲ့အညီ တိုးတက်ခဲ့လေပြီ x x x x
ရွှေမြန်မာပြည် ပါတီစုံ ဒီမိုကရေစီ
ဈေးကွက်စီးပွား တံခါးဖွင့်လေပြီ x x အမျိုးသားအကျိုးစီးပွားဖြင့် မြင့်မားရစေမည်x
တိုးတက်အောင် ... ဖော်ဆောင်မည် x x ခေတ်သစ်မူဝါဒ တူညီမျှတစွာ x x
လမ်းပြတော့မည် x x
ခေတ်တစ်ခေတ်အတွက် စံနမူနာ အမှန်တူညီ x x ခေတ်အဆက်ဆက်
မြန်ဗမ္မာအသံတူညီ x x
( ခေတ်သစ်ပြည်သူ့ပါတီ ) ၂၊ ဒို့ ခေတ်သစ်ပြည်သူ့ပါတီ x x x )၂

# လေဘာပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၅

**လေဘာပါတီ ဥက္ကဋ္ဌ ဦးမြင့်သန်း က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -



"လေးစားအပ်ပါသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းလုံးမှ အလုပ်သမား၊ လယ်သမား၊ ပြည်သူလူထုတစ်ရပ်လုံး ခင်ဗျား"

ဒီကနေ့ ဤရုပ်မြင်သံကြားမှတစ်ဆင့် မေတ္တာဖြင့် နှုတ်ခွန်းဆက်သခွင့်ရသည့်အတွက် အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်ကတော့ လေဘာပါတီရဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်း ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပါတီဟာ အလုပ်သမား၊ လယ်သမား၊ ဆင်းရဲသားအခြေခံ လူတန်းစားများရဲ့ စစ်မှန်သော ကိုယ်စားပြုအဖွဲ့ အစည်းအဖြစ် ရပ်တည်နိုင်ဖို့အတွက် အားထုတ်ကြိုးပမ်းနေတာ နှစ်ကာလကြာမြင့်ခဲ့ပါပြီ။ ဒီကနေ့ ဒီနေရာမှရပ်တည်ပြီး ပြောကြားခွင့်ရခြင်းဟာ ကျွန်တော်တို့ လေဘာပါတီအတွက် သမိုင်းဝင်အခွင့်အရေးတစ်ခု ဖြစ်ပါတယ်။

**လက်ရှိရင်ဆိုင်နေရသော စိန်ခေါ်မှုများနဲ့ ပတ်သက်ပြီး ပြောပြရမယ်ဆိုရင် -**

"ချစ်ခင်လေးစားရတဲ့ ပြည်သူများ ခင်ဗျား"

ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး စိန်ခေါ်မှု ပေါင်းစုံနဲ့ လက်ရှိ ရင်ဆိုင်နေရပါတယ်။ အထူးသဖြင့် အလုပ်သမားများနဲ့ လယ်သမားများရဲ့ဘဝဟာ ကြမ်းတမ်းခက်ခဲနေဆဲ ဖြစ်ပါတယ်။

လုပ်ခလစာက စားဝတ်နေရေးအတွက် မလုံလောက်မှု၊ အလုပ်အကိုင် အခွင့်အလမ်းနည်းပါးမှု၊ မြေယာပိုင်ဆိုင်မှု အငြင်းပွားမှုတွေနဲ့ စိုက်ပျိုးစရိတ်ကြီးမြင့်ပြီး သင့်မြတ်တဲ့ ကုန်ဈေးနှုန်းနဲ့ သင့်တော်တဲ့ လုပ်ခဝင်ငွေ မရရှိမှုတွေဟာ နိုင်ငံရဲ့ ကျောရိုးဖြစ်တဲ့ အလုပ်သမားနဲ့ တောင်သူလယ်သမားထု ရင်ဆိုင်နေရတဲ့ အဓိကပြဿနာပါ။ ဒီအခြေခံ လူတန်းစားတွေရဲ့ ဘဝလုံခြုံမှုမရှိသရွေ့ ကျွန်တော်တို့ရဲ့ နိုင်ငံဟာလည်း စစ်မှန်တဲ့ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ရရှိမှာ မဟုတ်ပါဘူး။

**လေဘာပါတီ၏ ရည်မှန်းချက်**

ဒါကြောင့် ကျွန်တော်တို့ လေဘာပါတီဟာ အဓိကရည်မှန်းချက် (၃)ရပ်ကို ချမှတ်ထားပါတယ်။

(၁) မျှတသော လုပ်ခလစာ၊ အလုပ်သမားအခွင့်အရေးနှင့် လုံခြုံမှုရရှိရေး

(၂) လယ်ယာမြေနှင့် လယ်ယာထွက်ကုန် တန်ဖိုးမြှင့်တင်နိုင်ရေး

(၃) ပညာရေး၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေးစနစ် တည်ဆောက်နိုင်ရေးတို့ ဖြစ်ပါတယ်။

ဒီရည်မှန်းချက်တွေဟာ လူမှုတရားမျှတမှုနဲ့ စီးပွားရေးတန်းတူညီမှုကို အခြေခံတဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတော်ကို တည်ဆောက်ဖို့အတွက် ကျွန်တော်တို့ရဲ့ မဟာဗျူဟာပဲ ဖြစ်ပါတယ်။

**ပါတီ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များကို တင်ပြရမယ်ဆိုရင် -**

ပြည်သူလူထုကြီးခင်ဗျား - ကတိစကားသက်သက်မဟုတ်ဘဲ ကျွန်တော်တို့ပါတီဟာ လက်တွေ့ကျတဲ့ မူဝါဒတွေနဲ့ ပြည်သူများရဲ့ဘဝကို တိုးတက်စေရမယ်လို့ ယုံကြည်ပါတယ်။

ကျွန်တော်တို့ ပါတီရဲ့ နိုင်ငံရေးမူဝါဒသဘောထားကတော့ ပါတီစုံပါဝင်တဲ့ နိုင်ငံသားများ ဦးဆောင်သည့် နိုင်ငံရေးလမ်းစဉ်ကို ကျင့်သုံး နိုင်ရေး ဖြစ်ပါတယ်။

**ပါတီရဲ့ လုပ်ငန်းစဉ်များအဖြစ်**

* ပြည်သူ/ ပြည်သားအားလုံးနှင့် အလုပ်သမားများဥပဒေအရ ခံစားခွင့်နှင့် ရပိုင်ခွင့်များ ညီတူညီမျှခံစားနိုင်ရေး။

* သက်ကြီးရွယ်အိုများနှင့် အလုပ်အကိုင်မရှိသူများအား နိုင်ငံတော်ရန်ပုံငွေမှ အထောက်အပံ့ပြုနိုင်ရေး။

* ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ ကာကွယ်ရေးနှင့် စီးပွားရေးကဏ္ဍများတွင် ပြည်ထောင်စုဖွား နိုင်ငံသားများ၏ ဦးဆောင်နိုင်ခွင့်နှင့် ဦးစားပေး ရထိုက်ခွင့် ခံစားရရှိနိုင်ရေးနှင့် ပြည်ထောင်စုဖွား နိုင်ငံသားများကို အကျိုးဖြစ်ထွန်းစေမည့် စီးပွားရေးမူဝါဒလမ်းစဉ်များကို သင့်တော်သည့် နည်းလမ်းများဖြင့် ဖော်ထုတ်နိုင်ရေးတို့ ဖြစ်ပါတယ်။

**အထူးသဖြင့် အလုပ်သမားအခန်းကဏ္ဍအတွက်**

* အနည်းဆုံး လုပ်ခလစာတိုးမြှင့်ခြင်း၊ လက်ရှိကုန်ဈေးနှုန်းအပေါ်မူတည်၍ နေထိုင်စားသောက်နိုင်လောက်သော မျှတသည့် အနည်းဆုံးလုပ်ခလစာ (Minimum Salary) သတ်မှတ်နိုင်ရန် ဥပဒေကြမ်းကို တင်သွင်းပါမယ်။

* အလုပ်သမားသမဂ္ဂများ အားကောင်းစေခြင်း၊ အလုပ်ရှင်/ အလုပ်သမားများအကြား အငြင်းပွားမှုများတွင် အလုပ်သမားများဘက်မှ ရဲရဲတင်းတင်းရပ်တည်ကာကွယ်ပေးမယ့် လွတ်လပ်သော အလုပ်သမားသမဂ္ဂများကို ဥပဒေအရ အကာအကွယ်ပေးပြီး အားကောင်းလာအောင် ဆောင်ရွက်ပေးပါမယ်။

* လူမှုဖူလုံရေးကဏ္ဍမြှင့်တင်ခြင်းနှင့် အလုပ်သမားများအတွက် ပင်စင်လစာ၊ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ အလုပ်လက်မဲ့ အကျိုးခံစားခွင့်များကို အာမခံနိုင်မယ့် ခိုင်မာသော လူမှုဖူလုံရေးစနစ်ကို ချဲ့ထွင်ဖော်ဆောင်ပါမယ်။

* နိုင်ငံတော်ရဲ့ လူဦးရေ ၇၀% ဟာ ကျေးလက်ဒေသများတွင် စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်နေထိုင်သူများ ဖြစ်ပါတယ်။

**ဒါကြောင့် လယ်သမားအခန်းကဏ္ဍအတွက် -**

* မြေယာလုပ်ပိုင်ခွင့် ခိုင်မာစေခြင်း၊ မြေယာလုပ်ပိုင်ခွင့် အငြင်းပွားမှုတွေကို ဥပဒေအရ မြန်ဆန်စွာဖြေရှင်းပေးပြီး လယ်သမားများလက်ဝယ်ရှိ မြေယာများအတွက် ခိုင်မာသောလုပ်ပိုင်ခွင့်ကို ရရှိနိုင်ရေး အာမခံပါမယ်။

* စိုက်ပျိုးစရိတ်လျှော့ချရေး၊ ဈေးကွက်ရှာဖွေရေးနှင့် စိုက်ပျိုးရေးသွင်းအားစုများ ဖြစ်သည့် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးများကို ဈေးနှုန်းချိုသာစွာ ရရှိနိုင်ရန် ထောက်ပံ့ပေးပြီး လယ်ယာ ထွက်ကုန်များကို သင့်တင့်သောဈေးနှုန်း ရရှိစေရန်အတွက် ပြည်ပဈေးကွက်နဲ့ ချိတ်ဆက်ပေးပါမယ်။

* လယ်သမားကြွေးမြီပြဿနာဖြေရှင်းရေးနှင့် ဒုက္ခရောက်နေသော လယ်သမားများ၏ ကြွေးမြီများကို ဖြေလျှော့ပေးပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာသော ရေရှည်ချေးငွေစနစ်ကို စတင်ဖော်ဆောင်ပါမယ်။

ချစ်သော အလုပ်သမား၊ လယ်သမား ပြည်သူများတို့ ခင်ဗျား-

ကျွန်တော်တို့ လေဘာပါတီရဲ့ အနာဂတ်မျှော်မှန်းချက်ဟာ "ခေတ်နောက်ကျ ကျန်ရစ်သူ၊ အမြဲတမ်းမျက်ကွယ်ပြုခံနေရသူ၊ စစ်မှန်သော တိုးတက်မှုအသီးအပွင့်ကို မခံစားရသေးသူများ" အတွက် မွေးဖွားလာတဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ ဘယ်သူ့ကိုမှ မမုန်းတီးပါဘူး။ "လူမှုတရားမျှတမှုမရှိခြင်းနဲ့ ဆင်းရဲနွမ်းပါးမှု" ကိုသာ မုန်းတီးပါတယ်။

ကျွန်တော်တို့ လေဘာပါတီဟာ စီးပွားရေးစနစ်တစ်ခုလုံးကို အလုပ်သမားနဲ့ လယ်သမားများရဲ့ အကျိုးစီးပွားအတွက် ဦးတည်တဲ့ မူဝါဒတွေနဲ့ ပြောင်းလဲပစ်မှာပါ။ အလုပ်ကိုလေးစားတဲ့ နိုင်ငံ၊ ချွေးနဲ့စာကို တန်ဖိုးထားတဲ့နိုင်ငံကို တည်ဆောက်သွားပါမယ်။ ဒီလို အပြောင်းအလဲအတွက် ကျွန်တော်တစ်ဦးတည်း၊ တစ်ပါတီတည်းနဲ့ မရပါဘူး။ ပြည်သူအားလုံးရဲ့ အား၊ ပြည်သူအားလုံးရဲ့ မဲဆန္ဒလိုအပ်ပါတယ်။

ဒါကြောင့် ဒီတစ်ကြိမ်ရွေးကောက်ပွဲမှာ ပြည်သူတွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်စေဖို့ ကိုယ်စားလှယ်ကောင်းများကို ရွေးချယ်ကြပါ။ လူမှုဘဝ ဒုက္ခများကို ဖယ်ရှားနိုင်ရေးအတွက် လေဘာပါတီကို ရဲရဲတင်းတင်း မဲပေးကြပါ။ ဒီမဲဟာ သင်တို့ရဲ့ လုပ်ခလစာကို တိုးတက်စေမယ့် မဲ၊ သင်တို့ရဲ့ မြေယာလုပ်ပိုင်ခွင့်ကို လုံခြုံစေမယ့် မဲ၊ သင်တို့ရဲ့ သားသမီးတွေကို ပညာတတ်ဖြစ်စေမယ့် မဲ၊ သင်တို့ရဲ့ မိသားစုဘဝကို ဖွံ့ဖြိုးတိုးတက်စေမယ့် မဲဖြစ်ပါတယ်။ မဲဆန္ဒနယ်မြေအသီးသီးမှာ ဝင်ရောက်ယှဉ်ပြိုင်ကြတဲ့ လေဘာပါတီရဲ့ ကိုယ်စားလှယ်လောင်းများဟာ ပြည်သူပြည်သား များထဲက ထွက်ပေါ်လာသူများ ဖြစ်ပါတယ်။ သူတို့ဟာ သင်တို့ရဲ့ အခက်အခဲတွေကို အတူရင်ဆိုင်ဖြေရှင်းပေးသွားမယ့်သူတွေပါ။

ဒါကြောင့် နိဂုံးချုပ်အနေနဲ့ ပြောကြားချင်တာကတော့ -

"ဒီရွေးကောက်ပွဲဟာ သမိုင်းဝင်အခွင့်အရေးပါ။ ဒီအခွင့်အရေးကို လက်လွတ်မခံကြပါနဲ့။ တရားမျှတမှု၊ တန်းတူညီမျှမှု၊ ကောင်းမွန်တဲ့ လူမှုဘဝတစ်ခုအတွက် ဖော်ဆောင်နိုင်ဖို့ရန် လေဘာပါတီကို မဲပေးကြပါလို့ လေးစားစွာတိုက်တွန်းရင်း နိဂုံးချုပ်လိုက်ပါတယ်။"

**ပြည်သူပြည်သားအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ ကျေးဇူးတင်ပါတယ်ခင်ဗျား။**

## ညအပူချိန်လျော့နည်းခဲ့သော စခန်းများ၏ ၁၅-၁၁-၂၀၂၅ ရက်နေ့ အနိမ့်ဆုံးအပူချိန်များ

| မြို့အမည် | ဒီဂရီဆဲလ်စီးယပ် | ဒီဂရီဖာရင်ဟိုက် |
|---|---|---|
| ဟားခါးမြို့ | ၅.၂ | ၄၁.၄ |
| ကီးတိန်မြို့ | ၈.၃ | ၄၆.၉ |
| လွိုင်လင်မြို့ | ၁၀.၀ | ၅၀.၀ |
| ပင်လောင်းမြို့နှင့် မိုင်းယန်းမြို့ | ၁၁.၀ | ၅၁.၈ |
| ဟုမ္မလင်းမြို့နှင့် လားရှိုးမြို့ | ၁၂.၀ | ၅၃.၆ |
| နမ့်စန်မြို့ (ရှမ်းပြည်နယ်တောင်ပိုင်း) | ၁၂.၅ | ၅၄.၅ |
| တောင်ကြီးမြို့ | ၁၃.၀ | ၅၅.၄ |
| ဟဲဟိုးမြို့ | ၁၃.၃ | ၅၅.၉ |

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် နိုဝင်ဘာ ၁၅

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲနှင့် ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာခိုင်နှုန်း ၈၀ ဖြစ်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ နိုဝင်ဘာ ၁၃ ရက်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနားကို ကျင်းပရာ နေပြည်တော် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီဝင်များဖြစ်သည့် ဦးမင်းဦး၊ ဦးဟန်သူ၊ ဦးခင်မောင်လတ်၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စာပေပညာရှင်များနှင့် အကဲဖြတ်ဒိုင်များ၊ အလှူရှင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်သည်။

ဦးစွာ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မုခ်ဦးအား နေပြည်တော်ကောင်စီဝင်များနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို အဆိုပါကျောင်း သီရိမင်္ဂလာခန်းမတွင် ကျင်းပရာ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"၊ "ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးက စာတတ်ရုံ၊ အသိပညာ ပြည့်ဝရုံသာမက စဉ်းစားတွေးခေါ်ဉာဏ်နှင့် အသိပညာပြည့်ဝပြီး ဗလငါးတန်ပြည့်ဝသည့် လူငယ်များပေါ်ထွက်လာစေရေး တာဝန်ရှိသူများနှင့် မိဘများ၊ ဆရာ ဆရာမများက ကြိုးစားဆောင်ရွက်ပေးကြရန်နှင့် ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို အခြေခံပညာ၊ အဆင့်မြင့်ပညာကျောင်းများတွင် စဉ်ဆက်မပြတ်ကျင်းပနိုင်ရေး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် နေပြည်တော်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် လုပသာယာပြည်မြန်မာခတ်ပုံမှတ်တမ်းများ၊ စာအုပ်စာစောင်များနှင့် စာအုပ်အရောင်းဆိုင်၊ စာစီစာကုံးပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

**အောင်သူရဦး(ဒက္ခိဏ)**

## မုဒုံမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကျင်းပ

**မုဒုံ နိုဝင်ဘာ ၁၅**

မုဒုံမြို့နယ်တွင် ၂၀၂၅ ခုနှစ် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယမန်နေ့က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ရှင်အရဟံခန်းမ၌ ကျင်းပသည်။



ဦးစွာ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနား ဖွင့်လှစ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးပြည်သိမ်းက ဖတ်ကြားသည်။

ထို့နောက် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများကို ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ မြို့နယ်ပညာရေးမှူးက ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

**ရာမည(ပြန်/ဆက်)**

## ပေါက်ခေါင်းမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

**ပေါက်ခေါင်း နိုဝင်ဘာ ၁၅**

ပေါက်ခေါင်းမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယမန်နေ့က အခြေခံပညာ အထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၁၀၅) နှစ်မြောက် အမျိုးသား အောင်ပွဲနေ့သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးက ဖတ်ကြားသည်။

ဆက်လက်ပြီး (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ မူလတန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့် စာစီစာကုံး၊ ပန်းချီ၊ ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသူများအား မြို့နယ်စီမံခန့်ခွဲရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**

## မချမ်းဘောမြို့၌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**မချမ်းဘော နိုဝင်ဘာ ၁၅**

မချမ်းဘောမြို့တွင် (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့က အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားကို အထကမချမ်းဘောကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဝင်းက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် အထက မချမ်းဘောကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဂုဏ်ပြုခဲ့ကြသည်။

**ယောရွှေနီ(မချမ်းဘော)**

## သနပ်ပင်မြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကျင်းပ

**သနပ်ပင် နိုဝင်ဘာ ၁၅**

သနပ်ပင်မြို့နယ်တွင် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း ဇီဇဝါခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော အမျိုးသားအောင်ပွဲနေ့သဝဏ်လွှာအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက ဖတ်ကြားသည်။

ဆက်လက်၍ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**



## စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး၊ အထွက်နှုန်းကွာဟချက်များ ဆန်းစစ်လေ့လာခြင်း ဆင့်ပွားသင်တန်းဖွင့်

**နေပြည်တော် နိုဝင်ဘာ ၁၅**

နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ရုံး၌ စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေး၊ အထွက်နှုန်းကွာဟချက်များ ဆန်းစစ်လေ့လာခြင်း ဆင့်ပွားသင်တန်းကို နိုဝင်ဘာ ၁၃ ရက်က ဖွင့်လှစ်သည်။



အဆိုပါသင်တန်းတွင် နေပြည်တော်၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ကျော်ဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဒုတိယတိုင်းဦးစီးမှူး ဦးစိုးနိုင်က စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် အထွက်နှုန်းကွာဟချက်များ ဆန်းစစ်ခြင်းလုပ်ငန်းစဉ်များကို ဆွေးနွေးပို့ချခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်ငြိမ်းအိခိုင်က စပါးအထွက်နှုန်းကွာဟချက်များ ဆန်းစစ်လေ့လာခြင်းသုတေသနစစ်တမ်း မေးခွန်းလွှာဖြည့်စွက်နည်းများကို ဆွေးနွေးပို့ချခဲ့ရာ စိုက်ပျိုးရေးဦးစီးဌာန နေပြည်တော်အတွင်းရှိ မြို့နယ် ရှစ်မြို့နယ်မှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တက်ရောက်ခဲ့သည်။

**နီလာ(ပြန်/ဆက်)**



မိုးညိုမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများသို့ မြို့နယ်ကော်မရှင်အဖွဲ့နှင့် ရပ်/ကျေးကော်မရှင်အဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ပညာရေးဌာန၊ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းကစပြီး မဲဆန္ဒရှင်များအား အီလက်ထရောနစ် မဲပေးစက်ဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့ စမ်းသပ်မဲပေးခြင်းများ ကွင်းဆင်းဆောင်ရွက်စဉ်။ ကိုမင်း(ပြန်/ဆက်)

# ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တွေ့ဆုံအားပေး



**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၉)သို့ တက်ရောက်မည့် ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ နိုင်ငံ့သားကောင်းရတနာများအား ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်မှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တာဝန်ရှိသူများက ပုသိမ်တပ်နယ်အားကစားခန်းမ၌ သွားရောက်တွေ့ဆုံသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၉)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအတွက် အဝတ်အထည်များ ပေးအပ်ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်းရတနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ် - မြန်မာ - ထိုင်း - ကမ္ဘောဒီးယား - လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ပထမအကြိမ် အွန်လိုင်းလိမ်လည်မှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၅**

တရုတ် – မြန်မာ – ထိုင်း – ကမ္ဘောဒီးယား – လာအိုနှင့် ဗီယက်နမ်နိုင်ငံတို့အကြား ပထမအကြိမ် အွန်လိုင်းလိမ်လည်မှု ပူးပေါင်းတိုက်ဖျက်ရေးဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးကို နိုဝင်ဘာ ၁၄ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့ရှိ Hai Geng (ဟိုင်ဂင်)ဟိုတယ်၌ ကျင်းပပြုလုပ်ခဲ့သည်။




အစည်းအဝေးသို့ မြန်မာနိုင်ငံ၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လျိုကျုံးယီ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့၊ ကမ္ဘောဒီးယားနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ကျိုဗန်ထန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ လာအိုနိုင်ငံ ပြည်သူ့လုံခြုံရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာ ခမ်ကင်းဖွိလာ မနီဝုန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ လက်ထောက်ရဲချုပ် ဒုတိယ ရဲဗိုလ်ချုပ်ကြီး ဇီရာဘ်ဟော့ဘူရီဒတ်ချ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့၊ ဗီယက်နမ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန မှူခင်းရဲတပ်ဖွဲ့ ဒုတိယတပ်ဖွဲ့မှူး မစ္စတာ ဖန်မန်ထရုန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ခဲ့ကြပြီး ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး(UNODC)၊ စင်ကာပူနိုင်ငံ အခြေစိုက်အင်တာပိုလ်ရုံးခွဲနှင့် လန်ချန်း–မဲခေါင် တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာဗဟိုဌာန(LMLECC)တို့မှ ကိုယ်စားလှယ်များက လေ့လာသူအဖြစ် တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် သဘာပတိဖြစ်သူ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လျိုကျုံးယီက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက အမှာစကားများ ပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်က မြန်မာနိုင်ငံအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှုများ တိုက်ဖျက်ရန် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို အရှိန်မြှင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ လိမ်လည်မှုကွန်ရက်များနှင့် ရာဇဝတ်ဂိုဏ်းများကို ပြတ်ပြတ်သားသား နှိမ်နင်းဖယ်ရှားရန်၊ အဆိုပါကွန်ရက်များ၌ ပိတ်မိနေသူများကို ကယ်ဆယ်ရန်၊ ဒေသတွင်းတရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန် အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အွန်လိုင်းအသုံးပြု လိမ်လည်မှုတိုက်ဖျက်ရေးသည် လန်ချန်း–မဲခေါင် အသိုက်အဝန်း၏ ဘုံတာဝန်ဖြစ်ကြောင်း၊ လန်ချန်း–မဲခေါင် ပူးပေါင်းဆောင်ရွက်ရေးယန္တရားသည် စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် ပလက်ဖောင်းတစ်ရပ်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဆက်သွယ်ရေးစနစ်နှင့် အွန်လိုင်းတို့ကို အသုံးပြုပြီး လိမ်လည်သောမှုခင်းများ တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတကာမဟာမိတ်အဖွဲ့ ပူးတွဲတည်ထောင်ရေး၊ အွန်လိုင်းလိမ်လည်မှု လုပ်ကိုင်နေသောနေရာများအား ရှင်းလင်းဖယ်ရှားရေးနှင့် ပြည်နှင်လွှဲပြောင်းမှုတိုးမြှင့်ပြုလုပ်ရေး၊ အွန်လိုင်းလိမ်လည်မှုပြုလုပ်နေသော အဓိကနေရာများအား ပူးတွဲထိန်းချုပ်ရေး စသည့်ခေါင်းစဉ် ၃ ရပ်ဖြင့် ဆွေးနွေးမှုကို ဆက်လက်ပြုလုပ်ခဲ့ရာ အစည်းအဝေးတက်ရောက်လာကြသောနိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ဝင်များက ဝင်ရောက်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် သဘာပတိဖြစ်သူ တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်ထောက်ဝန်ကြီး မစ္စတာ လျိုကျုံးယီနှင့် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ မြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက နိဂုံးချုပ်အမှာစကား အသီးသီးပြောကြားခဲ့ကြသည်။

မြန်မာနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)၌ AI သုတေသနများနှင့် E-Library Web Portal Page ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၅**

လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့် နည်းပညာပြန့်ပွားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ နည်းပညာမြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန မော်တော်ယာဉ်နည်းပညာ သုတေသနဌာန၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နိုင်ငံ့ EV ကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ သုတေသနနှင့် နည်းပညာပြန့်ပွားရေး၊ နည်းပညာစွမ်းရည်မြှင့်မားရေး ဆောင်ရွက်ရန် ပြောကြားသည်။



ထို့နောက် အွန်လိုင်းထိန်းချုပ် EV ဆိုလာအားသွင်းစနစ် ပုံစံငယ်နှင့် လက်တွေ့အားသွင်းနေမှု၊ EV အစိတ်အပိုင်းများ ခွဲခြားပြီး အသေးစိတ်သုံးသပ်လေ့လာနေမှု၊ EV ဘက်ထရီစီမံခန့်ခွဲမှုစနစ်နှင့် ဘက်ထရီဆဲလ်များ ထိန်းညှိခြင်းစနစ်ဆိုင်ရာ သုတေသနလုပ်ငန်းများမှ ရလဒ်များကို ကြည့်ရှုစစ်ဆေးပြီး EV သုံးစွဲသည့် ပြည်သူများ ဘေးအန္တရာယ်ကင်းစွာ အသုံးပြုနိုင်ရေးအတွက် အသိပညာပြန့်ပွားရေး ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်၊ သုတေသနရလဒ်များမှ EV လုပ်ငန်းရှင်များထံ နည်းပညာများ ဖြန့်ဝေပေးနိုင်သည်အထိ ဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် အစိုးရစက်မှုလက်မှုသိပ္ပံ(ပြင်ဦးလွင်)၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒေသအကျိုးပြု နည်းပညာသင်တန်းများ အရည်အသွေးပြည့်မီစွာ စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေးမှာကြားပြီး သုတ၊ ရသ စာအုပ်များကို ပေးအပ်သည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) ပင်မဆောင်၌ သတင်းအချက်အလက်သိပ္ပံဌာန၊ အီလက်ထရောနစ် အင်ဂျင်နီယာမဟာဌာန၊ တိကျစက်ပစ္စည်းထုတ်လုပ်မှု အင်ဂျင်နီယာမဟာဌာန၊ အဆင့်မြင့် ဒြပ်ပစ္စည်းအင်ဂျင်နီယာမဟာဌာနတို့က ခင်းကျင်းပြသထားသော သုတေသနပရောဂျက်များကို ကြည့်ရှုအားပေးပြီး Smart City ၊ Eco–Tourism နှင့် MSME များ၊ စိုက်ပျိုးမွေးမြူရေး ကုန်ကြမ်းအခြေပြု စက်မှုကုန်ထုတ်လုပ်ငန်းများ အပါအဝင် ပြင်ဦးလွင်မြို့ ဒေသအကျိုးပြု စီမံကိန်းများနှင့် ကိုက်ညီသော နည်းပညာ သုတေသနလုပ်ငန်းများ အလေးထားဆောင်ရွက်ရန်၊ AI အပါအဝင် နည်းပညာအရွေ့နှင့်အတူ လိုက်ပါနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားပြီး သုတေသနထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တစ်ကမ္ဘာလုံးဆိုင်ရာ သုတေသနနှင့် ပညာရေးအတွက် ကဏ္ဍအစုံလင်ဆုံး အသုံးအများဆုံးဖြစ်သော အွန်လိုင်း Database ကြီး ငါးခုဖြစ်သည့် ProQuest Dissertations & Theses Global၊ ProQuest Central ၊ World Library eBooks Collection၊ OECD iLibrary နှင့် Asian Literature Collection တို့ကို တက္ကသိုလ် Website မှတစ်ဆင့် ဝင်ရောက်၍ Campus Network အတွင်း အသုံးပြုဖတ်ရှုနိုင်အောင် E–Library Web Portal Page ဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တန်ဖိုးထားသုံးစွဲကြရန်၊ နိုင်ငံ့အကျိုးစီးပွားဖြစ်ထွန်းစေသည့် သုတေသနလုပ်ငန်းများဖြင့် ရှင်သန်သက်ဝင်နေသော တက္ကသိုလ်ဖြစ်စေရေး ရည်မှန်းဆောင်ရွက်ရန် တိုက်တွန်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့နယ် မိကျောင်းရဲမြို့ ကွမ်းအုံ(မြောက်)ကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကျင်းပ

**မကွေး နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်ရရှိရေး၊ အိမ်ထောင်စုအလိုက် လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်မှုတိုးတက်မြင့်မားရေး၊ မီးမရရှိသေးသည့် ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် နှစ်အလိုက်ရန်ပုံငွေများ လျာထားခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ မကွေးမြို့နယ် မိကျောင်းရဲမြို့ ကွမ်းအုံ(မြောက်)ကျေးရွာ လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၃ ရက်က အဆိုပါကျေးရွာ ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာရှေ့၌ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံရပ်မိရပ်ဖများ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာကို တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်ခလုတ်နှိပ်၍ စတင်ဓာတ်အားလွှတ်ပေးကာ ကျေးရွာရှိ နေအိမ်များလျှပ်စစ်ဓာတ်အား စတင်အသုံးပြုနေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်အနေဖြင့် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲနိုင်ရေး နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားကို အကျိုးရှိစွာသုံးစွဲခြင်း၊ လိုအပ်သလောက်သာ ချွေတာသုံးစွဲခြင်း၊ မိမိတို့ကျသင့်သည့် ဓာတ်အားခများကို သတ်မှတ်ရက်များအတိုင်း အချိန်မီပေးသွင်းကြခြင်းဖြင့် နိုင်ငံတော်အတွင်း ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေး၊ လျှပ်စစ်မီးမရရှိသေးသည့် ဒေသများမှ ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ဆုံးရရှိရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးသယံဇာတရေးရာ ဝန်ကြီးက ကျေးရွာလျှပ်စစ်မီးလင်းရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒေသခံ ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။



**မောင်ခိုင်မင်း(ပြန်/ဆက်)**

# ပဲခူးမြို့၌ နှစ်စဉ်ရေဝင်ရောက်သည့် ကျောက်ကြီးစုရပ်ကွက်အတွင်း School Cam Shelter တည်ဆောက်

**ပဲခူး နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးမြို့တော် ဘက်စုံဖွံ့ဖြိုးတိုးတက်သာယာစေရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပဲခူးမြို့၌ နှစ်စဉ် ရေဝင်ရောက်သည့် ကျောက်ကြီးစုရပ်ကွက်အတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၇၇၆ ဒသမ ၈ သန်းဖြင့် School Cam Shelter (၁၃၀ x ၃၀) ပေ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သဘာဝဘေးကျရောက်လာပါက ပြည်သူများ အရေးပေါ်ခိုလှုံရန်အတွက်လည်းကောင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်းကောင်း၊ သာမန်အချိန်တွင် စာသင်ကျောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရန် ရည်ရွယ်တည်ဆောက်ပေးခြင်းဖြစ်၍ ကျား/မသန့်စင်ခန်းများ စနစ်တကျတည်ဆောက်ရန်၊ မသန်စွမ်းသူများပါ အသုံးပြုနိုင်ရေး ထည့်သွင်းတည်ဆောက်ရန်၊ ရေသန့်စနစ်တပ်ဆင်ရန်နှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။



ထို့နောက် ကမ္ဘောဇသာဒီနန်းတော်ရာအတွင်းရှိ အဆောက်အအုံများ ဘက်စုံအဆင့်မြှင့်တင်နေမှုနှင့် မြေယာရှုခင်းအလှဆောင်ရွက်နေမှု၊ ပဲခူးမြစ်ကူးတံတားဘေး ဇိုင်းဂနိုင်းမြောက်ပိုင်းရပ်ကွက်၌ အများပြည်သူ စိတ်လက်အပန်းပြေစေရေး ပန်းခြံတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ကမ်းနားပန်းခြံဖြစ်၍ ကမ်းထိန်းခြင်းလုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန်၊ ကျန်းမာရေးလေ့ကျင့်ခန်းသုံးပစ္စည်းများ ထားရှိပေးရန်နှင့် ညမီးအလှများတစ်ပါတည်း ထည့်သွင်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ပဲခူးမြို့ မဇင်းရပ်ကွက် တိုးချဲ့(၃)လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။ ဆက်လက်၍ မဇင်းရပ်ကွက်၌ ရွှေတရော်တံဆိပ်ဖြင့် မြန်မာ့ရိုးရာခေါင်းလျှော်ရည်ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးပြီး ထုပ်ပိုးမှုစနစ်ဖြင့် အဆင့်မြင့်နည်းပညာများ သုံးစွဲထုတ်လုပ်နိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ရှေးဟောင်းသမိုင်းဝင် ဆုတောင်းပြည့်ရွှေသာလျောင်းဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ ပါဒစေတီတော်အသစ်ပြန်လည်တည်ထားနေမှုအား သွားရောက်ကြည့်ညိုခဲ့ပြီး ဗုဒ္ဓစာပေကျမ်းဂန်နှင့်အညီ နာယကဆရာတော်ကြီးများ၏ ဩဝါဒအတိုင်း ဆောင်ရွက်ရန် မှာကြားခဲ့ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများအား ရှင်းရှင်းနီးနီး လိုက်လံနှုတ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဘုတ်ပြင်းမြို့၌ ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်

**ဘုတ်ပြင်း နိုဝင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့၌ ငလျင်ဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့ညနေပိုင်းက မောင်လေးဟိုတယ်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုကို တားဆီး၍ မရနိုင်သော်လည်း ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများကို လျော့နည်းအောင်နှင့် ဘေးဒဏ်ကို ရင်ဆိုင်တုံ့ပြန်နိုင်သည့် လူ့အသိုက်အဝန်းဖြစ်အောင် ဆောင်ရွက်နိုင်ကြောင်း၊ သဘာဝဘေးအန္တရာယ်၏ သဘောသဘာဝကို ကြိုတင်လေ့လာခြင်း၊ ပြင်ဆင်ခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုများကို အတတ်နိုင်ဆုံး လျှော့ချနိုင်မည်ဖြစ်ပြီး နယ်ပယ်ကဏ္ဍစုံက တစ်ဦးတစ်ယောက်ချင်းစီတွင် သဘာဝဘေးနှင့်ပတ်သက်သည့် အသိပညာများ ပြည့်ဝစွာဖြင့် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူကိုဗဟိုပြုအကာအကွယ်ပေး ချဉ်းကပ်မှုနည်းလမ်းများကို အသုံးပြုပြီး ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ အလေ့အကျင့်ကောင်းများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် သဘာဝဘေးကျရောက်ချိန်တွင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သရုပ်ပြလေ့ကျင့်မှုကို ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ကြက်ခြေနီတပ်ဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များက မီးငြိမ်းသတ်ယာဉ်၊ ရှာဖွေကယ်ဆယ်ရေးယာဉ်နှင့် လူနာတင်ယာဉ်များဖြင့် သရုပ်ပြခဲ့ကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘုတ်ပြင်းမြို့ အောင်မင်္ဂလာရပ်ကွက်ရှိ မာရ်အောင်ပရိယတ္တိစာသင်တိုက်နှင့် ရွှေဘုံသာရပ်ကွက်ရှိ အောင်မေတ္တာတောရကမ္မဋ္ဌာန်းကျောင်းသို့ သွားရောက်၍ ဆရာတော်သံဃာတော်များထံ ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သမဝါယမအသင်းသားတောင်သူများ၏ လယ်ယာမြေများ၌ မိုးစပါးများ ရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

**မော်လမြိုင် နိုဝင်ဘာ ၁၅**

မွန်ပြည်နယ်သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးနှင့် အဖွဲ့သည် နိုဝင်ဘာ ၁၃ ရက်တွင် မုဒုံမြို့နယ် ကော့ပရံကျေးရွာရှိ ကော့ပရံစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူများ၏ စိုက်ပျိုးထားရှိသည့် မိုးစပါးရိတ်သိမ်းမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုပြီး အသင်းတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် မော်လမြိုင်မြို့နယ် ကော့ခနိကျေးရွာ အေးချမ်းအောင်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်၏ အသင်းသားတောင်သူများ စိုက်ပျိုးထားရှိသည့် မိုးစပါးရိတ်သိမ်းမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မုဒုံမြို့နယ် ကော့ပရံစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေး သမဝါယမအသင်းအနေဖြင့် အသင်းသားတောင်သူ ၉၁ ဦး၊ စိုက်ဧက ၃၅၇ ဧကတွင် အောင်နိုင်တိုးမျိုးနှင့် ထိုင်းနံ့ကောက်မျိုးများကို စိုက်ပျိုးထားရှိကြောင်းနှင့် မော်လမြိုင်မြို့နယ် အေးချမ်းအောင်လယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းတွင် အသင်းသားတောင်သူ ၇၅ ဦး၊ စိုက်ဧက ၃၇၅ ဧကရှိပြီး ရွှေတစ်ဆုပ်မျိုးများစိုက်ပျိုးထားရှိပြီး အောင်နိုင်တိုးမျိုးအနေဖြင့် တစ်ဧက တင်း ၁၁၀ နှင့် ထိုင်းနံ့ကောက်မျိုးနှင့် ရွှေတစ်ဆုပ်မျိုးမှာ တစ်ဧက တင်း ၁၀၀ ထွက်ရှိကြောင်း သိရသည်။

**ခင်စန်းမြင့်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကျွန်းလှမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ နိုဝင်ဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ကန့်ဘလူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ကျွန်းလှမြို့နယ်ရှိ တစ်ရက်လျှင် ၃၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်သည့် သဖန်းဆိပ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ စက်ရုံဝန်ထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။



ယင်းနောက် သဖန်းဆိပ်ရေလှောင်တမံ ရှင်းလင်းဆောင်၌ ဆည်တာဝန်ခံအရာရှိက သဖန်းဆိပ် ရေလှောင်တမံအတွင်း နှစ်စဉ်ရေဝင်ရောက်မှု အခြေအနေများနှင့် စိုက်ပျိုးရေပေးဝေနေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး သဖန်းဆိပ်ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှုအခြေအနေ၊ ရေလှောင်တမံကြံ့ခိုင်မှုအခြေအနေ(**အပေါ်ပုံ**)နှင့် အကူရေပိုလွှဲ ကျောက်ရိုးစီပြင်ထိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျွန်းလှမြို့ စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ၍ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက အလေးထားကာ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အတွင်းရေးမှူးတို့က ကျွန်းလှမြို့နယ်ရှိ လုံခြုံရေးတာဝန်များ ထမ်းဆောင်နေကြသည့် တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများကို ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်းစီ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ကျွန်းလှမြို့ သစ်ရာမြိုင်ရပ်ကွက်ရှိ ကွင်းအမှတ် (၄၉၂) တောင်သူ ဦးခင်မောင်ညွန့် စိုက်ပျိုးထားရှိသည့် မကွေး-(၁၆)မြေပဲစိုက်ခင်းငါးဧကအတွင်းပြုလုပ်သည့် ဆီထွက်သီးနှံ (ဆောင်းမြေပဲ) ပန်းတိုင်အထွက်နှုန်း ပြည့်မီရေးအတွက် ယူရီးယား+လက်ချား (ဘိုရွန်) ပက်ဖျန်းခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်၍ ဒေသခံတောင်သူများနှင့်အတူ ကွင်းသရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် စိုက်ပျိုးသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့ကို မှာကြားသည်။

ယင်းနောက် ကျွန်းလှမြို့ အဝင် ကတ္တရာလမ်းကို ယခင် ၁၂ ပေမှ ၁၈ ပေချဲ့ကာ အဆင့်မြှင့်တင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လမ်းလုပ်ငန်းများ အရည်အသွေးကောင်းမွန်စွာဖြင့် အချိန်မီပြီးစီးရေးတို့ကို တာဝန်ရှိသူများအား မှာကြားကာ လိုအပ်သည်များအား တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

❖ *ကျော်ဖုံးမှ*

မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၁၁ ရက် ညနေပိုင်းတွင် တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး အေးမင်းထွေးနှင့် အဖွဲ့ဝင်များအား ရေဝတီရေတပ်စခန်းဌာနချုပ် အရာရှိရိပ်သာ၌ လာရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံရေတပ်နှစ်ရပ်အကြား အပြန်အလှန်ဆက်ဆံမှုကိစ္စရပ်များ၊ စစ်ရေယာဉ်များ ချစ်ကြည်ရေးခရီး အပြန်အလှန်လည်ပတ်မှုဆိုင်ရာ ကိစ္စရပ်များ၊ ရေကြောင်းလုံခြုံရေးသတင်းအချက်အလက်ဖလှယ်ခြင်းဆိုင်ရာကိစ္စရပ်များနှင့် လေ့ကျင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး ဆွေးနွေးပွဲအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့ပြင် တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင်ခန်းမ၌ ကျင်းပပြုလုပ်ရာ တပ်မတော်(ရေ)မှ စစ်ဦးစီးအရာရှိချုပ်(ရေ)နှင့် အရာရှိ၊ စစ်သည်များ၊ ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ်နှင့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး၊ လေ့လာသူများအဖြစ် ဖိတ်ကြားထားသည့် တရုတ်၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ ဖိလစ်ပိုင်၊ ထိုင်း၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာစစ်သံမှူးများ တက်ရောက်ကြပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါစစ်ရေယာဉ်များ ရန်ကုန်မြို့သို့ ရောက်ရှိနေစဉ်အတွင်း ချစ်ကြည်ရေးဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ ဘတ်စကက်ဘောပြိုင်ပွဲ၊ ရေကူးပြိုင်ပွဲနှင့် လွန်ဆွဲပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ ရွှေတိဂုံဘုရားသို့သွားရောက်ဖူးမြော်ခြင်း၊ ဗိုလ်ချုပ်ဈေးနှင့်Junction City သို့ သွားရောက်လည်ပတ်ခြင်း၊ နှစ်နိုင်ငံစစ်ရေယာဉ်များသို့ အပြန်အလှန်လေ့လာခြင်း၊ ရုရှားရေတပ်၏ ဖရီဂိတ်စစ်ရေယာဉ် Marshal Shaposhnikov ပေါ်တွင် ဂုဏ်ပြုညစာစားပွဲကျင်းပခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခြင်းများ ဆောင်ရွက်ကြသည်။



ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ် သုံးစင်းအား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ရုရှားဒုတိယရေတပ်ဦးစီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်စဉ်။

၎င်းနောက် နိုဝင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် ရုရှားရေတပ်မှစစ်ရေယာဉ်များသည် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ ပင်လယ်ပြင်၌ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းများ လက်တွေ့ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်းနှင့် နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် စစ်ရေယာဉ်(မုတ္တမ) ပေါ်၌ လေ့ကျင့်ခန်းပြန်လည်သုံးသပ်ခြင်းနှင့် ပိတ်ပွဲအခမ်းအနားကျင်းပပြီး ပြန်လည်ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ထားဝယ်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ထားဝယ် နိုဝင်ဘာ ၁၅**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် အမှတ်( ၄ ) အခြေခံပညာနှင့် စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ အကွက်အမှတ် (၃၁) အောင်နိုင်တိုးမျိုးသန့်စပါးစံပြကွက်တွင် ယမန်နေ့မွန်းလွဲပိုင်းက မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပသည်။



ထို့နောက် အောင်နိုင်တိုးမျိုးသန့်စပါးစံပြကွက် ၆ ဒသမ ၆ ပေ မိုးစပါးစံကွက်အား ရိတ်သိမ်းရာ အစိုထွက် ၁၂၈ ဒသမ ၈၉ တင်းနှင့် အကွက်ကျယ် ၆၆ ပေအား စက်မှုလယ်ယာဦးစီးဌာနမှ Combine Harvester နှင့် ရိတ်သိမ်းရာ အစိုတင်း၁၂၈ ဒသမ ၁၀ တင်း ထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းနေမှုအား မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

## မိုးစပါးစိုက်တောင်သူများအား သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ ရောစပ်အသုံးပြုခြင်း ပညာပေးသရုပ်ပြပွဲကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် စက်ပစ်တောင်ကျေးရွာ၌ မိုးစပါးစိုက်တောင်သူများ သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ ရောစပ်အသုံးပြုခြင်းပညာပေးသရုပ်ပြပွဲကို ယမန်နေ့က စက်ပစ်တောင်ကျေးရွာ တောင်သူ ဒေါ်အေးမော်၏ မိုးစပါးစိုက်ဧက ကွင်းအမှတ် (၇၄၀) ၌ ကျင်းပသည်။

ဦးစွာ မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာလင်းက ကွင်းသရုပ်ပြခြင်းနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နိုင်အေးက မိုးစပါးစိုက်ဧကများတွင် စပါးသက်တမ်းအလိုက် သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ (၃:၁) ရောစပ်အသုံးပြုခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



ထို့နောက် တောင်သူဒေါ်အေးမော်၏ မိုးစပါးစိုက်ဧက၌ သဘာဝမြေဩဇာနှင့် ပုလဲဓာတ်မြေဩဇာ (၃:၁) ရောစပ်၍ လက်တွေ့ ကြဲပက်ခဲ့ကြကြောင်း သိရသည်။ မိတ္ထီလာမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၃၂၂၃ ဧက စိုက်ပျိုးထားရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

# ဖျာပုံမြို့နယ် ရှမ်းကွင်းကျေးရွာ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ



**ဖျာပုံ နိုဝင်ဘာ ၁၅**

ဖျာပုံမြို့နယ် ကျုံတာရှမ်းကွင်းကျေးရွာအုပ်စု ရှမ်းကွင်းကျေးရွာ တောင်သူ ဦးနေမျိုးဝင်း ကွင်းအမှတ် ၄၅၇ A၊ ဦးပိုင်အမှတ် ၂၆/၇၊ လယ်မြေသုံးဧကတွင် ပေါ်ဆန်းရင် (ဘေးကြားတောင်ပျံ) စပါးမျိုး စံကွက်ရိတ်သိမ်းပွဲကို နိုဝင်ဘာ ၁၃ ရက်က အဆိုပါကျေးရွာ၌ ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲသို့ ဖျာပုံခရိုင် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ခရိုင် စိုက်တိုးမြှင့်အဖွဲ့များ၊ မြို့နယ် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌဦးမောင်မောင်ဝင်း နှင့် ကော်မတီဝင်များ၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဥမ္မာအေးနှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး ဒေသခံတောင်သူများအား မြို့နယ်ဦးစီးမှူးက မိုးစပါးအထွက်နှုန်း တိုးတက်ရရှိရေး၊ အရေအသွေး တိုးတက်ကောင်းမွန်သော စပါးမျိုးများရရှိရေးတို့ကို ဆောင်ရွက်ရမည့်အချက်များ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းကွင်းကျေးရွာ တောင်သူ ဦးနေမျိုးဝင်း၏ လယ်တွင် ဆောင်ရွက်ထားရှိသည့် ပေါ်ဆန်းမျိုး ယှဉ်ပြိုင်စမ်းသပ်ကွက်မှပေါ်ဆန်းရင်စပါး သုံးဧကကို တောင်သူများနှင့် စုပေါင်းစံကွက်ရိတ်သိမ်းခဲ့ရာ တစ်ဧကပျမ်းမျှအထွက်နှုန်း ၇၅ ဒသမ ၁၇ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သာယာဝတီ၌ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး



**သာယာဝတီ နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင်ဦးစီးမှူးရုံး၌ စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူး ဦးတိုးမင်းသည် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်ဦးစီးမှူး ၊ ခရိုင်(မြေ ၊ မျိုး၊ပိုး)တာဝန်ခံများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဝန်ထမ်းများအား ယနေ့မွန်းလွဲပိုင်းက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန စိုက်ပျိုးပညာပေးရေးဌာနခွဲ ညွှန်ကြားရေးမှူးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးနှံအလိုက် စိုက်ဧကနှင့် အထွက်နှုန်းများ ကိန်းဂဏန်းစာရင်းဇယား မှန်ကန်ရေး၊ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ပြည်ပပို့ကုန်သီးနှံများတွင် ပိုးသတ်ဆေးခတ်ကြွင်းကင်းစင်ရေး၊ စပါးသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် အထွက်နှုန်း ကွာဟချက်အပေါ် ဆန်းစစ် လေ့လာဆောင်ရွက်ရေး၊ ပြည်ပသို့တင်ပို့နိုင်ရန် ပေါ်ဆန်းမွှေးစပါး တိုးချဲ့စိုက်ပျိုးရေး၊ နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် ချမှတ်ထားသော SOP အတိုင်း လိုက်နာဆောင်ရွက်ရေး၊ ဓာတ်မြေဩဇာ၊ မျိုးစေ့နှင့် ပိုးသတ်ဆေး အရောင်းဆိုင်များကို ဥပဒေနှင့်အညီ ကြီးကြပ်ဆောင်ရွက်ရေး၊ သီးနှံစုံအကန့်လိုက်စိုက်ပျိုးခြင်းအား တောင်သူပညာပေး စိုက်ပျိုးပြသရေး၊ ဆီထွက်သီးနှံ(မြေပဲ၊နှမ်း၊ နေကြာ)များ အထွက်နှုန်းတိုးတက်ရေးနှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေး၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ တည်မြဲအမိန့်နှင့် ညွှန်ကြားချက်များ လိုက်နာဆောင်ရွက်ရေးတို့ကို ပြောကြားခဲ့ပြီး တက်ရောက်လာသူများက လုပ်ငန်း ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့် ရွှေဘိုမြို့နယ် မဲရုံများ မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုခြင်းနှင့် မီးဘေးလုံခြုံရေး သရုပ်ပြလေ့ကျင့်ခြင်း၊ မတော်တဆမှုများ ဖြစ်ပွားလာပါက အလျင်အမြန်ရှာဖွေရေးနှင့် ကယ်ဆယ်ရွှေ့ထုတ်မှု သရုပ်ပြလေ့ကျင့်ခြင်းကို နိုဝင်ဘာ ၁၀ ရက်က ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့် ရွှေဘိုမြို့နယ် မီးသတ်ဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်မြတ်တိုးတို့ ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များ၊ သိဃ်ဂုဏ်ရည်ပရဟိတအဖွဲ့နှင့် ရွှေဘိုမူလတန်းကြိုကျောင်းမှ ဆရာမများပူးပေါင်း၍ ဆောင်ရွက်ကြစဉ်။

ခရိုင်(ပြန်/ဆက်)





# စစ်တွေမြို့နယ်ရှိ ကျေးလက်လမ်းတံတားလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**စစ်တွေ နိုဝင်ဘာ ၁၅**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန နေပြည်တော်(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေနှင့် အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးကျော်ကျော်ထွေးတို့သည် ရခိုင်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မင်းဦးနှင့်အတူ ယမန်နေ့နံနက်ပိုင်းက စစ်တွေမြို့နယ် ဇောပူဂျာကျေးရွာသွား လမ်းတံတားကို ဘေလီသံပေါင်တံတား တည်ဆောက်နိုင်ရေးအတွက် သွားရောက်ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မင်းဦးက အဆိုပါဘေလီသံပေါင်တံတား တည်ဆောက်မည့် မြေပြင်အခြေအနေများအား ရှင်းလင်းတင်ပြရာ အင်ဂျင်နီယာချုပ်(မြို့ပြ) ဦးထွန်းဝေက လိုအပ်သည်များကို မှာကြားခဲ့သည်။

အဆိုပါတံတားကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းပြီးစီးပါက ကျေးရွာနှစ်ရွာမှ ပြည်သူများအား အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)

# ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေး နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်

**အမရပူရ နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့ အမှတ် (၁)၊ အခြေခံပညာအထက်တန်းကျောင်းရှိ အမရအောင်မြေခန်းမ၌ ယနေ့နံနက်ပိုင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အမရပူရမြို့နယ် ဦးစီးမှူးရုံးမှ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲကို ပြုလုပ်သည်။

အခမ်းအနားတွင် အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းက အမှာစကားပြောကြားသည်။ ထို့နောက် အမရပူရခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်ဦးနှင့်အဖွဲ့ဝင်များက နိုင်ငံသားစိစစ်ရေးကတ်များကို ပေးအပ်ခဲ့ကြသည်။ ယနေ့ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲတွင် အသက် ၁၀ နှစ်နှင့် ၁၈ နှစ်ကြား၊ ၃(က) ကတ် ၁၂ ဦး၊ ၁၈ နှစ်ပြည့် ၆(က) ကတ် ၁၀ ဦး၊ အသက် ၁၀ နှစ်မှ ၁၈ နှစ် လဲလှယ် ၇၉ ဦး၊ ပျောက်၊ ပျက် မိတ္တူ ၄၉ ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်း ကတ်လဲလှယ် ၂၃ ဦးတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကျန်ရှိသူများအား မဲပေးခွင့်မဆုံးရှုံးစေရေး ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင်ကိုကိုဝင်းထံမှ သိရသည်။

စိုးသီဟ(အမရ)




လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃


**ရေချွေတာရေး နည်းလမ်းများ**

- ပန်းပင်ရေလောင်းလျှင် ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော ရေလောင်းပုံး အသုံးပြုပါ။
- အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။
- အဝတ်လျှော်စက်အပြည့် အဝတ်ရှိမှသာ စက်ဖြင့်လျှော်ပါ။

**ကျေးရွာသစ်တော၊ ထင်းမျှောအိမ်တိုင်၊ လှိုင်လှိုင်ရဖို့၊ စိုက်ပျိုးစို့။**

**တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏**

## ထန်းတပင်မြို့နယ်၌ အခြေခံပညာ မူလတန်း၊ အလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေး

**ထန်းတပင် နိုဝင်ဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာ မူလတန်းနှင့် အလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို အခြေခံပညာ အထက်တန်းကျောင်း (ထန်းတပင်) ပင်လုံခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ပြုလုပ်ခဲ့သည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းထိုက်အောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ ဆွေးနွေးပွဲကိုပြုလုပ်ရာ ဆရာ ဆရာမများအနေဖြင့် မိမိသင်ကြားသည့် ဘာသာရပ်ကို အမြဲတမ်းလေ့လာနေစေရန်၊ သင်ကြားမှုများ ထိရောက်မှုရှိစေရန်နှင့် ဘာသာရပ်အလိုက်သင်ကြားမှု စွမ်းရည်များ မြင့်မားလာစေရေးအတွက် ဆွေးနွေးပွဲပြုလုပ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲကို မြို့နယ်အတွင်းရှိ မူလတန်းနှင့်အလယ်တန်းအဆင့် ဆရာ ဆရာမ ၅၃၇ ဦးတို့အား နည်းပြ ၃၆ ဦးတို့က သုံးရက်ကြာ ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တပ်ကုန်းမြို့၌ ကမ္ဘာ့ဆီးချို သွေးချို ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြော

**တပ်ကုန်း နိုဝင်ဘာ ၁၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် ခုတင် (၁၀၀)



ပြည်သူ့ဆေးရုံ၌ ကမ္ဘာ့ ဆီးချို သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းကို ယမန်နေ့ညနေပိုင်းက အဆိုပါ ဆေးရုံ၌ ကျင်းပသည်။

အဆိုပါဟောပြောပွဲတွင် တပ်ကုန်းမြို့နယ် ခုတင် (၁၀၀) ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာညွန့်ရွှေအောင်က ဆီးချို သွေးချိုရောဂါအကြောင်းသိကောင်းစရာများ၊ ဆောင်ရန် ရှောင်ရန်များနှင့် နောက်ဆက်တွဲ ဖြစ်တတ်သည့်ရောဂါများအကြောင်း ဟောပြောပြီးနောက် အထူးကု (ဆေးပညာ) ဆရာဝန် ဒေါက်တာသူရိန်ကျော်က တက်ရောက်လာသော ကျန်းမာရေးဝန်ထမ်းများအား ကိုယ်အလေးချိန်တိုင်းတာခြင်း၊ သွေးပေါင်ချိန်ခြင်း၊ ဆီးချိုတိုင်းတာခြင်းများနှင့် ကျန်မာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်**

## ဘီးလင်းမြို့နယ်၌ မူလတန်းနှင့်အလယ်တန်းအဆင့် ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေး

**ဘီးလင်း နိုဝင်ဘာ ၁၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ အခြေခံမူလတန်းနှင့် အလယ်တန်းအဆင့်



ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက အထက (ဘီးလင်း)ကျောင်း ပညာအားမာန်ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ဘီးလင်းမြို့နယ် ပညာရေးမှူး ဦးဝင်းရှိန် က ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲ ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ ဘာသာရပ်စွမ်းရည်မြှင့်ဆွေးနွေးပွဲကို အခြေခံပညာ မူလတန်းအဆင့် သင်တန်းသား၊ သင်တန်းသူ ၈၆၅ ဦး၊ အလယ်တန်းအဆင့် သင်တန်းသား၊ သင်တန်းသူ ၂၃၅ ဦးနှင့် သင်တန်းနည်းပြ ၇၄ ဦးတို့က နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ အထက (ဘီးလင်း)ကျောင်းနှင့် အထက (ကန်သာယာ) ကျောင်းတို့၌ စာတွေ့လက်တွေ့ သုံးရက်ကြာ သင်ကြားပို့ချဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## တံတားဦးမြို့နယ်၌ ၂၀၂၅ ခုနှစ် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကျင်းပ

**တံတားဦး နိုဝင်ဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အမှတ်(၂)ရပ်ကွက် ဆုံကုန်းရပ်ရှိ မြို့နယ်ခန်းမ၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်သော (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။



ဦးစွာ အခမ်းအနားကို တံတားဦးမြို့နယ် တောင်ဘီလူ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ဇာတိမာန်” သီချင်း သီဆို၍ ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာအား ဖတ်ကြားသည်။

ဆက်လက်၍ တံတားဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်းပြိုင်ပွဲတို့မှ ဆုရကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်သူအောင်နှင့် တပ်ဖွဲ့ဝင်များ နိုဝင်ဘာ ၁၅ ရက်က တံတားဦးမြို့နယ် ငါးဇင်ရိုင်း ကျေးရွာရှိ “အောင်သပြေ” စက်သုံးဆီဆိုင်၌ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ သဲပုံး၊ ရေ၊ မီးချိတ်၊ မီးကတ်များ ကွင်းဆင်းစစ်ဆေးပြီး အသိပညာပေးခြင်းများ ဆောင်ရွက်စဉ်။

မြို့နယ် (ပြန်/ဆက်)






## ရန်ကုန်အင်တာနေရှင်နယ် ကုန်စည် Trade Expo ၂၀၂၅ ပြပွဲ သုံးရက်ကြာ ခင်းကျင်းပြသ

**ရန်ကုန် နိုဝင်ဘာ ၁၅**

Silver Sea International Ltd မှ စီစဉ်ကျင်းပသည့် ရန်ကုန်အင်တာနေရှင်နယ် ၂၀၂၅ ကုန်စည်ပြပွဲကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၅နာရီထိ ရန်ကုန်မြို့ အင်းလျားကန် ဟိုတယ်ဝင်းအတွင်းရှိ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ(YCC) ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည်။

ယင်းပြပွဲတွင် ပြည်တွင်းမှ ထုတ်လုပ်ပြီး နိုင်ငံတကာသို့တင်ပို့လျက်ရှိသည့် ပြည်တွင်းထုတ်စက်ပစ္စည်းများနှင့် MSME များ၏ စားသောက်ကုန်များ၊ အဝတ်အထည်နှင့်လူသုံးကုန်များ၊ ပြည်ပမှ တင်သွင်းလာသည့် ဆန်စက်နှင့် ဆက်စပ်ပစ္စည်းများ၊ ဆိုလာ၊ ဘက်ထရီများ၊ အင်ဗာတာ၊ မီးစက်၊ EV မော်တော်ယာဉ်များကို ပါဝင်ပြသရောင်းချလျက်ရှိသည်။

ထို့ပြင် အထူးအစီအစဉ်အနေဖြင့် Myanmar E-commerce & IT Expo ကို ပထမဆုံးအဖြစ် ထည့်သွင်း ကျင်းပမည်ဖြစ်ပြီး အဓိကအားဖြင့် ပြည်တွင်းလူငယ်ပညာရှင်များ ရေးဆွဲထုတ်လုပ်ထားသည့် E-commerce platform၊ မိုဘိုင်းအက်ပလီကေးရှင်း၊ အေအိုင်၊ POS Software များကို မိတ်ဆက်ပြသလျက်ရှိသည်။

နိုဝင်ဘာ ၁၅ ရက် ပြပွဲဒုတိယမြောက်နေ့တွင် Myanmar E-commerce Day အဖြစ် ဆွေးနွေးဟောပြောပွဲများ၊ အက်ပလီကေးရှင်းများ၊ E -commerce platform များ၊ POS Software များကို ပြသမိတ်ဆက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## ယာယီနေရပ်စွန့်ခွာပြည်သူများ ဆန္ဒမဲပေးနိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေးနိုင်ရေး ဆွေးနွေး

**မော်လမြိုင် နိုဝင်ဘာ ၁၅**

မော်လမြိုင်မြို့နယ် အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် ရောက်ရှိနေထိုင်သော အသက် ၁၈ နှစ်အထက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ယာယီနေရပ်စွန့်ခွာ ပြည်သူများအနက် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး/ ပျက်စီး/ အသစ်ပြုလုပ်ရမည့်သူ ၁၇ ဦးရှိရာ ၎င်းတို့အနက် ခုနစ်ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခဲ့ပြီး ကျန် ၁၀ ဦးအား နိုင်ငံသားစိစစ်ရေးကတ်များ အမြန်ဆုံးရရှိနိုင်ရေးအတွက် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးရုံးခန်း၌ ညှိနှိုင်းဆွေးနွေးကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းနိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဦးခင်မောင်၊ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ (ရပ်/ကျေး) များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စစ်ကိုင်းမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

**စစ်ကိုင်း နိုဝင်ဘာ ၁၅**

(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်က စစ်ကိုင်းမြို့ ရွှေမင်းဝံ အထကကျောင်း ပညာ့ရောင်ခြည် ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီ သမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်က ဖတ်ကြားသည်။

ထို့နောက် လူမှုရေးရာဝန်ကြီး ဦးညွန့်ဝင်းအောင်နှင့် တာဝန်ရှိသူများက အမျိုးသား အောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **နေလင်းအောင်(ပြန်/ဆက်)**

## မြောင်းမြမြို့၌ အမှတ်(၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဖျော်ဖြေပွဲကျင်းပ

**မြောင်းမြ နိုဝင်ဘာ ၁၅**

မြောင်းမြမြို့တွင် အမှတ်(၂) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲမှ ဒေသခံတိုင်းရင်းသားပြည်သူများအား လာရောက်ဖျော်ဖြေပွဲကို ယမန်နေ့က စတင်၍ နယ်မြေခံတပ်ရင်း ဘောလုံးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အဆိုပါဖျော်ဖြေပွဲတွင် အမှတ် (၂) နယ်လှည့်ပြည်သူ့ဆက်ဆံရေး တပ်ခွဲမှ အနုပညာရှင်စစ်သည်၊ စစ်သမီးများက သီဆိုကပြဖျော်ဖြေရေး အစီအစဉ်များနှင့် တစ်ခန်းရပ်ဟာသပြဇာတ်များအား ကပြဖျော်ဖြေတင်ဆက်ခဲ့ရာ မြောင်းမြခရိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ မြို့မိ/ မြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။



**ဇေယျာ(မြောင်းမြ)**

## ရွှေတောင်မြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

**ရွှေတောင် နိုဝင်ဘာ ၁၅**

ရွှေတောင်မြို့နယ် အထက( ရွှေတောင်) ရတနာခန်းမ၌ ယမန်နေ့က (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပသည်။



အခမ်းအနားတွင် အထက(ရွှေတောင်) ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ဆက်လက်၍ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်ခဲ့သည်။

**ကိုကိုမင်း(ပြန်/ဆက်)**

## ကျေးသီးမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ကျေးသီး နိုဝင်ဘာ ၁၅**

ကျေးသီးမြို့နယ်တွင် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားဖွင့်လှစ်ပြီး (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်နောင်ဖြိုးက ဖတ်ကြားခဲ့သည်။ ထို့နောက် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်း အမှတ်



အထက်တန်းအဆင့်နှင့် အလယ်တန်းအဆင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲဆုရကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မြို့နယ်အဆင့် အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့် ဆရာ ဆရာမများ ဘာသာရပ်စွမ်းရည်မြှင့်သင်တန်းဖွင့်

**မော်လမြိုင်ကျွန်း နိုဝင်ဘာ ၁၅**

မော်လမြိုင်ကျွန်းမြို့နယ်၌ မြို့နယ်အဆင့်အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့် ဆရာဆရာမများ ဘာသာရပ်စွမ်းရည်မြှင့် ဆွေးနွေးပွဲသင်တန်းကို နိုဝင်ဘာ ၁၄ ရက်မှ ၁၆ ရက်အထိ အထက- (၁) ကျောင်း၊ အထက (၂) ကျောင်းနှင့် မြို့မ အလက ကျောင်းတို့၌ ပြုလုပ်လျက်ရှိသည်။

အဆိုပါ သင်တန်းတွင် တက်ရောက်နေကြသည့် ဆရာ ဆရာမများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



အဆိုပါသင်တန်းတွင် မော်လမြိုင်ကျွန်းမြို့နယ် အတွင်းရှိ အခြေခံပညာ ကျောင်းများမှ အလယ်တန်း၊ မူလတန်း၊ ဘာသာရပ်သင် ဆရာ ဆရာမ ၂၂၃၀ တက်ရောက်ကြပြီး သင်တန်းနည်းပြများက သင်ခန်းစာဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချ ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**



(၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဇေယျာသီရိခရိုင်အတွင်း အမှိုက်ကင်းစင် သန့်ရှင်းသာယာလှပစေရေးအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ စုပေါင်း၍ နိုဝင်ဘာ ၁၄ ရက်က ပုဗ္ဗသီရိမြို့နယ်ရှိ ချင်းတွင်းလမ်းမကြီး လမ်းဘေးဝဲ၊ ယာတစ်လျှောက်ရှိ မြက်ပင်များနှင့် ချုံနွယ်များအား ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်သရိုက်များအား စနစ်တကျသိမ်းဆည်းစွန့်ပစ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်စဉ်။ အောင်ကို(ပုဗ္ဗသီရိ)



ဖြူးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးကိုတင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဦးစီးအရာရှိ ဦးအေးဇော်အောင်နှင့် တာဝန်ရှိသူများက ဈေးအတွင်း ဈေးရောင်းဈေးဝယ် ပြည်သူများအား အီလက်ထရောနစ်မဲပေးစက် အသုံးပြု၍ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို နိုဝင်ဘာ ၁၄ ရက်က ဆောင်ရွက်စဉ်။ နေမျိုးလွင်(ပြန်/ဆက်)



တောင်ငူမြို့နယ် အထက (၂) ဆရာကွန်းခန်းမ၌ တောင်ငူခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဝန်ထမ်းများ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆရာ ဆရာမ ၁၀၀၀ ခန့်အား မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြုနည်းကို နိုဝင်ဘာ ၁၄ ရက်က ရှင်းလင်းပြောကြားကာ ဆရာ ဆရာမများက မြန်မာအီလက်ထရောနစ် မဲပေးစက်အသုံးပြု၍ လက်တွေ့မဲပေးခဲ့ကြစဉ်။ ခရိုင်(ပြန်/ဆက်)



ဝန်းသိုမြို့နယ်၌ မဲဆန္ဒရှင်ပြည်သူများ အီလက်ထရောနစ်မဲပေးစက် လက်တွေ့စမ်းသပ်မဲပေးနိုင်ရေးနှင့် နိုဝင်ဘာ ၁၅ ရက်မှစတင်၍ ဒုတိယအကြိမ် မဲစာရင်းများကို ကပ်ထားကြေညာထားရှိမည်ဖြစ်ကြောင်း နိုဝင်ဘာ ၁၂ ရက်တွင် တာဝန်ရှိသူများက လိုက်လံအသိပေးနှိုးဆော်စဉ်။ မြို့နယ်(ပြန်/ဆက်)

### ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် 8G/3815 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရမည်းသင်း)**

### မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ (နည်းဥပဒေ ၃၁၂)

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်-

(က) မီးပိတ်၍ စက်သတ်ထားရမည်။
(ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။
(ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။
(ဃ) မော်တော်ယာဉ်ပေါ်တွင်ပါရှိသူများ အသက်ကယ် ထိုင်ခုံ ခါးပတ်ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/11190 Honda Scoopyi 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှိုင်ဝင်း ၉/ပဘန(နိုင်) ၁၆၇၆၀၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

**သွေးသည်အသက်**

## မကွေးမြို့၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ နိုဝင်ဘာ ၁၄ ရက်က လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။


ဖြစ်စဉ်မှာ နိုဝင်ဘာ ၁၄ ရက် မွန်းလွဲ ၁ နာရီ မိနစ် ၄၀ အချိန်တွင် မကွေးမြို့ အမှတ်(၄) ယာဉ်ထိန်းရဲဒုတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များက ရောဝတီတံတား(မကွေး)ပူးပေါင်းစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ် စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် မကွေး မြို့ဘက်မှ မင်းဘူးမြို့ဘက်သို့ မင်းလှမြို့ ဘက်စုံရပ်ကွက်နေ မင်းသိန်းထွန်း (၃၆)နှစ် မောင်းနှင်လာသော YGN-34 7G/xxxx TOYOTA CROWNအဖြူရောင်မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရာ အဆိုပါယာဉ်နှင့် ပတ်သက်သည့် အထောက်အထားတစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့မော်တော်ယာဉ်ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် မင်းသိန်းထွန်းအား မကွေးမြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

## နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့


# မြန်မာရေးရာ
# Myanmar Affairs

မြန်မာရေးရာ(၃၃)
(အောက်တိုဘာ၊ ၂၀၂၅)
ထွက်ပြီ




"မဲရုံကိုသွားကြစို့ - မြန်မာနိုင်ငံ၏အနာဂါတ်ကို မဲတစ်ပြားဖြင့် တရားဝင်ပုံဖော်ခွင့်ရခြင်း"

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလထုတ် မြန်မာရေးရာ အမှတ်စဉ်-၃၃ တွင်

- မဲရုံကို ဒီတစ်ခါ... လေးနက်ပျော်ရွှင်စွာနဲ့
- အမျိုးသားအကျိုးစီးပွားဆိုသည်မှာ
- မင်းတုန်းမင်းလက်ထက် သတင်းစာဘာသာပြန်
- "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်စာတမ်းဖတ်ပွဲအတွေ့အကြုံ
- ကြက်တူရွေးစာအံမှသည် လူဆန်သော လေ့ကျင့်ပေးသည့် မြန်မာ့ပညာရေးသို့
- ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ နိုင်ငံတော်သို့အပ်နှံခြင်းနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည့် အချက်များ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၈၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈


### ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁၈၊ (၆/၁၄)ရပ်ကွက်၊ စစ်ကိုင်း(၁)လမ်း၊အမှတ်-၈၂(က) ဦးဇော်နိုင်အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော အကျယ်အဝန်းပေ(၂၀)x(၆၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် ရေမီတာ၊ မီးမီတာနှင့်မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်စာတမ်းများ မှန်ကန်ပါကြောင်း ပိုင်ရေးဆိုင်ခွင့်ရှိ၍ လက်ရှိ လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြု၍ ရောင်းချသူ ဒေါ်တာရာ(၁၀/ကထန(နိုင်)၀၇၀၉၉၉)က ကမ်းလှမ်းလာပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်လင်းထွန်း (၁၂/ရပသ(နိုင်)၀၇၆၄၉၉)မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စအဝဝအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ယဉ်ယဉ်စိုး(LLB) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၉၄၆)
အမှတ်-၂၁၆/ခ၊ မန္တလေးလမ်း၊(၆/၉)ရပ်ကွက်
ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၆၂၂၂၂၁၀

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၈၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- (၈၅)၊ အမှတ် (၁၄၅၆)၊ ဦးအောင်လင်း (၁၄/ပသရ(နိုင်) ၀၇၀၉၂၄) မြေချပါမစ်အမည်ပေါက် အကျယ်အဝန်း (အလျား x အနံ)(၄၀x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးအောင်လွင်ဦး (၉/တကန(နိုင်) ၁၁၅၇၈၀) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူသည် (၁၃-၁၁-၂၀၂၅)ရက်နေ့တွင် အပြီးအပိုင်ဝယ်ယူရန် အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစတင်၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ချမ်းမြေ့ဦး (LL.B, D.B.L, D.I.L, D.M.L)(တရားလွှတ်တော်ရှေ့နေ)
(စဉ်-၁၂၅၁၄) (၁၆-၅-၂၀၀၇)
ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်၊
ရုံးဖုန်း-၀၁-၃၆၄၃၂၉၆၊ ၀၉-၂၆၂၃၄၅၈၃၉

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လယ်ယာထွက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။


မန္တလေးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၁ ရက်တွင် စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၈ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၉၅၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ တကောင်းရပ်ကွက် ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်တွင် ကျောက်ဆည်မြို့နယ်၊ ပြင်ဦးလွင်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၄၉၉ တန်၊ အခြားသစ် ၇ ဒသမ ၁၈၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၉၈၁၂၈)နှင့် အဆိုပါ သစ်များတင်ဆောင်လာသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကို သစ်တောဥပဒေအရလည်းကောင်း၊ မိတ္ထီလာမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၃၉၈၁၂၈ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ဗိုလ်တထောင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ခြောက်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် မြိတ်မြို့နယ် ရှမ်းချောင်းလမ်းမကြီး ကလွင်ကျေးရွာ၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၇၈၆၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Sunglong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀)ကို လည်းကောင်း၊ ဘုရားကြီးမြို့နယ် ဝက်ဘော်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Hyundai KMJRL Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း သုံးမျိုး၊ လယ်ယာထွက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆၃၅၂၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၁၆၃၈၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

နိုဝင်ဘာ ၆ ရက်၊ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၅၃၃၆၁၂၈)ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဖြစ်သူ ဦးသီဟလွင် (တာမိုးညဲသီဟလွင်) တို့သည် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများအား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြပါသဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟိုအသင်းကြီးမှ ပေးအပ်ချီးမြှင့်သော **"အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ"** ဘွဲ့ကို အသီးသီးဆွတ်ခူးရရှိခဲ့ခြင်းအတွက် လိုက်လှဲစွာ အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

**မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

TMH Telecom Public Co., Ltd ၏ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးသီဟလွင် (တာမိုးညဲသီဟလွင်) တို့သည် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများအား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြပါသဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)ဗဟို အသင်းကြီးမှ ပေးအပ်ချီးမြှင့်သော **"အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ"** ဘွဲ့ကို အသီးသီးဆွတ်ခူးရရှိခဲ့ခြင်းအတွက် လိုက်လှဲစွာအထူးဝမ်းမြောက်ဂုဏ်ယူကြောင်းဖော်ပြအပ်ပါသည်။

**TMH Telecom Public Co., Ltd**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

Tah Moe Hnye Chan Thar Group of Companies ၏ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် Deputy Managing Director ဖြစ်သူ ဦးသီဟလွင် (တာမိုးညဲသီဟလွင်)တို့သည် သာသနာတော်ပြန့်ပွားရေးလုပ်ငန်းများအား စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြပါသဖြင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဗဟို အသင်းကြီးမှ ပေးအပ်ချီးမြှင့်သော **"အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ"** ဘွဲ့ကို အသီးသီးဆွတ်ခူးရရှိခဲ့ခြင်းအတွက် လိုက်လှဲစွာ အထူးဝမ်းမြောက်ဂုဏ်ယူကြောင်း ဖော်ပြအပ်ပါသည်။

**Tah Moe Hnye Chan Thar Group of Companies**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

မုန်းဝန်းဗမာတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဦးမြင့်လွင်နှင့် ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးဖြစ်သူ ဦးသီဟလွင် (တာမိုးညဲသီဟလွင်)တို့သည် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)ဗဟို အသင်းကြီးမှ ပေးအပ်ချီးမြှင့်သော **"အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ"** ဘွဲ့ကို အသီးသီးဆွတ်ခူးရရှိခဲ့ခြင်းအတွက် လိုက်လှဲစွာ အထူးဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူအပ်ပါသည်။

**အလင်္ကာကျော်စွာ၊ မဟာသဒ္ဓမ္မဇောတိကဓဇ**
**စင်ရော်မောင်မောင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် -၅ နည်းဥပဒေ -၂၀ )**
**ရွှေဘိုခရိုင်တရားရုံးတော်**
**၂၀၂၅-ခုနှစ်၊တရားမကြီးမှုအမှတ် - ၁၆**

ဦးအောင်ကြည် (တရားလို) နှင့် ဦးမောင်မောင် (တရားပြိုင် )

မဟာမြိုင်အပိုင်း(၁)၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့နေ ဦးမောင်မောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးအောင်ကြည်က"အိမ်ဝင်းမြေအရောင်းအဝယ်စာချုပ် ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု " လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၈ရက်)မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့်စာရွက်စာတမ်းများ၊ သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်သူအောင်)**
**ခရိုင်တရားသူကြီး**
**ရွှေဘိုခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ် ၂၄၊ ဧရိယာ(၀.၂၀၈)ကေအား ဒေါ်ဖြိုးဇင်ဦး (ဘ) ဦးအုန်းရွှေ(ခ)ဦးအန်းကောက် ၉/တကန(နိုင်)၁၁၇၈၇၃မှ တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၆၁၈/၂၀၂၅၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့်တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ်(၁၃၁) (ဒါဘာအလယ်) ဟု ခေါ်တွင်သော (အလျား ၁၂.၅ ပေ x အနံ ၅၀ ပေ) အကျယ်ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးပြည့်ဖြိုးလွင် (၁၄/မမက(နိုင်)၂၈၃၀၂၇) ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးသက်ဝေဦး (၁၂/အစန(နိုင်)၁၉၁၂၆၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်မောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ(စဥ်-၁၃၈၅၈)**
**တိုက်(၄)၊ အခန်း(၃၁)၊ ပထမထပ်၊ မြို့ပြအိမ်ရာ(တောင်)ဘက်ခြမ်း၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၅၀၃၉၈၄၁၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဝါဆိုဦးကျောင်းလမ်း၊ ၄/က ရပ်ကွက်၊ အမှတ်(၃၅)၊ စတုတ္ထထပ်(အေ) (ခြေရင်းခြမ်း)(ဒါဘာ)၊ အကျယ်အဝန်း(၁၇ပေx၅၅ပေ)အကျယ်ရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သောအကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆက်အစပ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှလှမေ (၁၂/မဂတ(နိုင်)၁၂၆၂၁၀)(AKB-၂၂၆၄၁၀)မှ ၎င်းလက်ဝယ်ထားပိုင်ဆိုင် ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အိစန္ဒာဝင်း (၁၂/သဃက(နိုင်)၁၅၁၈၃၅)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ဒေါ်အိစန္ဒာဝင်း(၁၂/သဃက(နိုင်)၁၅၁၈၃၅)၏လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးအောင်ကိုကို LL.B** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၈၂)
**ဒေါ်ပိုပိုချစ် LL.B** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၁၄၀)

**ရုံး - ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉-၄၄၄၅၀၅၆၃၆၊ ၀၉-၂၅၉၁၀၈၇၉၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ (ဒဂုံမြို့သစ်အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၅၊ မြမေတ္တာလမ်း၊ မြေကွက်အမှတ်(၃၁၃/ခ)၊ မြေအကျယ်အဝန်း(၂၀x၆၀)ပေ ဦးသန်းထွန်း အမည်ပေါက် မြေချပါမစ်မူရင်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားမြေချပါမစ်မူရင်း နှစ်ဦးသဘောတူစာချုပ် အဆက်စပ်မူရင်းများ၊ ယင်းအိမ်နှင့်မြေနှင့် သက်ဆိုင်သောစာရွက်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူဒေါ်ယဉ်မင်းသန့် (၁၂/ဒဂမ(နိုင်)၀၁၈၀၁၃၁)မှ အရှုပ်အရှင်းကင်းရှင်းစွာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေငြာပါသည့်ရက်မှစ၍ (၁၀)ရက်အတွင်း သက်ဆိုင်သည့်အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားအချက်အရ**
**ဒေါ်ဒေဝီ LL.B အထက်တန်းရှေ့နေ (စဉ်-၅၃၄၃၁/၂၀၂၀)**
**အမှတ်(၉၀၃)၊ရေသန့်လမ်း (၁၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၇၇၇၂၉၇၇၆၀**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ် ၂၄၊ ဧရိယာ(၀.၀၂၈)ကေအား ဒေါ်ဖြိုးဇင်ဦး (ဘ) ဦးအုန်းရွှေ (ခ) ဦးအန်းကောက် ၉/တကန(နိုင်)၁၁၇၈၇၃ မှ တပ်ကုန်းမြို့နယ် မြေစာရင်းဦးစီးဌာနထောက်ခံချက်၊ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၆၁၈/၂၀၂၅၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်များတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံမြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ဦးအေးလွင်-ဒေါ်သိန်းငွေးတို့၏ သမီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အောင်သစ္စာရပ်ကွက်နေ မဆုမြတ်စန္ဒီမိုး အား မသက်ဆုမြတ်နိုး ၅/ကလထ(နိုင်) ၃၀၇၅၇၉ ဟု ပြောင်းလဲခေါ်ပါရန်။

**မသက်ဆုမြတ်နိုး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပျော်ဘွယ်မြို့နယ်၊ အထက(တွင်းရွာ) G-11 မှ မသင်းယုလှိုင်၏ မိခင် ဒေါ်ခင်ပြုံး(ခ)ဒေါ်ပြုံး မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 63W/43023 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ထွေး ၉/အမရ(နိုင်) ၁၄၁၂၀၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/5190, Lifan-250(250 CC), T/W ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဇော် ၈/ပခက(နိုင်)၀၅၀၇၉၃က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်စံပြရပ်ကွက်၊ ဣစာသယလမ်း၊ အမှတ် (၁၁)ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၅)ထပ်တိုက်၏ ၃-လွှာ (ခြေရင်းခန်း)၊ အခန်းအမှတ် (၃/B)၊ အကျယ်အဝန်း (အလျား ၁၂ $\frac{၁}{၂}$ ပေ x အနံ ၅၅ ပေ) ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော မီတာ၊ ကိုယ်ပိုင်ရေမော်တာ၊ အဲကွန်း(၁)လုံးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၃၀-၃-၂၀၂၅) ရက်တွင် နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ် " ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးကျော်သန်း (၁၁/ကဖန(နိုင်) ၀၄၈၃၈၇)နှင့် ဒေါ်ခင်ချိုသန်း (၁၁/ကဖန(နိုင်) ၀၉၀၈၇၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်အေးမင်းသန့်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၅၉)**
**အမှတ်- ၈၃၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း- ၀၉-၄၅၀၀၂၇၈၃၃**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၊ ကျစ်ကိုင်းကျေးရွာအုပ်စု၊ မအူလေးပင်ကျေးရွာနေ ဦးဆွေသိန်း၏သမီး မသက်သက်လှိုင် ၈/ပဖန(နိုင်)၁၆၇၉၆၇၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉- ၆၇၆၇၉၆၂၄၃

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/4869 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

# အထူးဝမ်းမြောက်ပါကြောင်းနှင့် အထူးကျေးဇူးတင်လွှာ

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့၊ နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသော ပဋ္ဌမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဖြစ်မြောက်ရေးအတွက် သာသနာချစ်စိတ်ဖြင့် ဆောင်ရွက်ပေးကြသော ပူဇ္ဇာကဆရာတော်၊ စာစစ်ဆရာတော်၊ ကြီးကြပ်ဆရာတော်၊ သံဃာတော်များ၊ စာဖြေသံဃာတော်များ၊ စေတနာသဒ္ဒါထက်သန်စွာဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက် ထောက်ပံ့လှူဒါန်းပေးကြသော အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဗဟိုအကြံပေးအဖွဲ့ အဖွဲ့ဝင် ခွန်စံလွင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းအမျိုးသားခေါင်းဆောင် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)နာယက ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ပြည်နယ်ဒေသမြို့နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ပအိုဝ်းဒေသလူမှုအဖွဲ့အစည်းနှင့်တကွ ရပ်နီးရပ်ဝေး ပစ္စည်းလေးပါး ဆွမ်းကွမ်းအလှူရှင်များ၊ ကျောင်းဆောင်နှင့် ကုဋီသန့်စင်ခန်း လှူဒါန်းပေးကြသော အလှူရှင်များ၊ ဆွမ်းကွမ်းစီမံဆောင်ရွက်ပေးကြသော ဝေယျာဝစ္စအဖွဲ့များ၊ ရေ၊ မီး၊ ထင်း၊ ဟင်းသီးဟင်းရွက်၊ သစ်ခွဲသား၊ ဝါးများ လှူဒါန်းပေးကြသော ရပ်နီးရပ်ဝေးအလှူရှင်များ၊ ဆွမ်းစားဆောင် တည်ဆောက်ရေးနှင့် ယာယီမဏ္ဍပ်များဆောက်လုပ်ပေးကြသော ရပ်နီးရပ်ဝေး လက်သမားအဖွဲ့များနှင့် ရပ်ရွာဒါယကာ ဒါယိကာမများအား ဝိုင်းဝန်းဆောင်ရွက်ထောက်ပံ့လှူဒါန်းပေးကြသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ပြုပါကြောင်းနှင့် ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နောင်တောင်း ပရဟိတဆရာတော်**
**နာဂပုရသာသနာလင်္ကာရအသင်းကြီး**
**ဟိုပုံးမြို့**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1W/61959 HONDA C90 CUSTOM (M/C) ယာဉ်လက်ဝယ်ရှိသူ ဦးပေါ်ဦး ၅/အရတ(နိုင်)၀၇၁၈၆၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)ရွှေဘိုမြို့**

## ယာဉ်မှတ်ပုံတင် (ကမ-၃)စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/57532 ယာဉ်လက်ဝယ်ရှိသူ ဦးဝေဖြိုးထက် ၉/မခန(နိုင်)၂၄၄၅၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SGG/15803, Harly Divison, M/C ယာဉ်လက်ဝယ်ရှိသူ ဦးညီဝင်းဇော် ၅/ခကန(နိုင်)၀၀၂၅၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/9019, Zong Shen 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းငွေ ၇/ရတရ(နိုင်)၀၈၇၇၂၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(မုံရွာ)မြို့**

## ဦးရှိုင်းထက်အောင်(၉/တသန(နိုင်)၂၀၉၇၁၈)၊ ဒေါ်ခိုင်သဇင်မိုး (၉/ခအဇ (နိုင်) ၀၃၈၅၄၄) နှင့် အများသိစေရန်ကြေညာခြင်း

ဒေါ်စံပယ်စိုး(ဘ)ဦးသန်းမင်းအောင် (၁/ကမန(နိုင်)၀၃၂၉၀၂) စ-၁၊ သိမ်မူရပ်ကွက်(၃)၊ ဖားကန့်မြို့ နေထိုင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စံပယ်စိုးမှ ဦးရှိုင်းထက်အောင် (၉/တသန(နိုင်)၂၀၉၇၁၈)နှင့် ဇနီးဖြစ်သူ ဒေါ်ခိုင်သဇင်မိုး (၉/ခအဇ(နိုင်)၀၃၈၅၄၄) လင်မယား(၂)ဦး၏လုပ်ငန်းတွင် ငွေကြေးများထည့်ဝင်ထားသည့်အပြင် ပုဂ္ဂိုလ်ရေးခင်မင်မှုအရလည်း ငွေများချေးငှားပေးခဲ့ပါသည်။ ဦးရှိုင်းထက်အောင်နှင့် ဒေါ်ခိုင်သဇင်မိုးတို့ လင်မယား(၂)ဦးအားဒေါ်စံပယ်စိုးမှ ၎င်းငွေကြေးထည့်ဝင်ထားသည့် လုပ်ငန်းအခြေအနေ၊ အရှုံးအမြတ်စာရင်းတို့အား စာရင်းရှင်းလင်းပေးရန် တောင်းဆိုသည့်အခါ စာရင်းရှင်းလင်းမှုမရှိဘဲ ရှောင်တိမ်းနေပြီး ပုဂ္ဂိုလ်ရေး ခင်မင်မှုအရ ချေးငှားထားသည့်ငွေကြေးများကိုလည်း ပြန်လည်ပေးဆပ်ခြင်းမရှိဘဲ ရှောင်တိမ်းနေပါသည်။ သို့ဖြစ်ပါ၍ ယခုသတင်းစာကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း အောက်ဖော်ပြပါကျွန်ုပ်၏လိပ်စာသို့ ဆက်သွယ်ဖြေရှင်းပေးပါရန် ဒေါ်စံပယ်စိုး၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း ဆက်သွယ်ဖြေရှင်းပေးခြင်းမရှိပါက တရားမကြောင်းအရသော်လည်းကောင်း၊ ရာဇဝတ်ကြောင်းရသော်လည်းကောင်း၊ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်စံပယ်စိုး** | **ဦးငြိမ်းချမ်းမောင်** |
| **၁/ကမန(နိုင်)၀၃၂၉၀၂** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၂၀၅)** |
| | **အမှတ်(၅၇/၁)၊ (၃၅-ဘီ)လမ်း၊(၇၇x၇၈)လမ်းကြား၊ မန္တလေးမြို့** |
| | **ဖုန်း-၀၉-၉၇၄၄၈၈၅၀၄** |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (စ-၅၊ နန္ဒဝန်(စက်မှုဇုန်)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ်(၃၉-လမ်း(၁၀၆-က))၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၃၄၈၅/ ၁၉၉၄-၁၉၉၅ အရ ဦးမြင့် အမည်ဖြင့် ၁-၁၂-၁၉၉၄ မှ ၃၀-၁၁-၂၀၂၄ နှစ်(၃၀) ရရှိခဲ့သော မြေငှားစာချုပ်အား ဒေါ်စန်းစန်းအေး အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၁၀-၁၁-၂၀၂၅ ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင် ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေ နှင့်အခွန်စည်းမျဉ်း ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (အမည်ပြောင်း၊ သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## နိုင်ငံသားစိစစ်ရေးကတ်အမှန်နှင့်မိခင်အမည်မှန်

(ဘ)ဦးသိန်းထွန်း၏သမီး မစိုးအိန္ဒြာ၏နိုင်ငံသားစိစစ်ရေးကတ်အမှန်မှာ ၇/ဒဥန(နိုင်)၂၂၅၁၈၃ နှင့် မိခင်ဒေါ်အိခိုင်ထွန်း၏ အမည်မှန်မှာ ဒေါ်အိအိခိုင်ထွန်း ၁၂/မဂဒ(နိုင်)၁၀၈၃၁၇ ဖြစ်ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ကျည်တောင်အုပ်စု၊ ကျည်တောင်ကျေးရွာနေ၊ ဦးမြပဟန်-ဒေါ်စန်းစန်းအေး တို့၏သား မောင်သူရဟန် ၉/ပမန(နိုင်)၂၃၂၁၅၃ သည် မိဘများ၏ ပြောဆိုဆုံးမမှုကို နာခံမှုမရှိသော ကြောင့် ၁၄-၁၁-၂၀၂၅ ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စရပ်ကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးခင်မောင်ဦး(LL.B) (စဉ်-၁၈၄၁၁/၂၃)**
**တရားလွှတ်တော်ရှေ့နေ**
**ဖုန်း-၀၉ ၇၇၆ ၈၄၄ ၇၈၈**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/9935 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရွှေဘို)ရွှေဘိုမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃/၃၉၊ နန္ဒဝန်(စက်မှုဇုန်))၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် [၂၈-လမ်း(၇၉)]၊ ဧရိယာ၀ ဒသမ ၁၁၀ဧကရှိ မြေကွက်သည် မြို့မြေအမှုတွဲအမှတ် ၆၂ V ငှား ၂၀၁၆-၂၀၁၇ အရ ဦးတင်အောင်မြင့် အမည်သို့ ၂၀-၂-၂၀၁၇ရက်မှစ၍ မူလမြေငှားစာချုပ် သက်တမ်း ၁၁-၅- ၁၉၉၄ရက်မှ ၁၀-၅-၂၀၂၄ရက်အထိ နှစ်(၃၀) အမည်ပြောင်းထုတ်ပေးခဲ့သောမြေအား ဦးတင်အောင်မြင့် အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၁၁-၁၁-၂၀၂၅ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး)ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နတ်လူထိပ္ပန်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၆၈၇၊ ဆားပေါက်ကုန်း)၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် (၁၃/၁၀၆-၂) ဧရိယာ ၀ ဒသမ ၁၂၉ ဧကရှိမြေအား မြေအမှုတွဲအမှတ် 62 VRP 2019-2020 အရ (၁၀-၄-၁၉၉၆)မှ (၉-၄-၂၀၂၆)ထိ ဦးစိုးမြင့်အမည်ဖြင့် နှစ် (၃၀) မြေငှားစာချုပ်ရရှိထားသော မြေအား ဦးစိုးမြင့် အမည်ဖြင့် မြေငှားစာချုပ် (သက်တမ်းတိုး) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ ကန့်ကွက်လွှာကြော်ငြာသည့် ၇- ၁၁-၂၀၂၅ ရက်မှစ၍ (၁၅) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည် မြေနှင့်အခွန်စည်းမျဉ်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ် (သက်တမ်းတိုး) ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၁၇၇၈၂ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်နိုင် ၅/ဘတလ(နိုင်)၀၃၆၆၁၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/98115 Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်သူသူထက် ၅/မရန(နိုင်)၃၆၀၂၅၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ပင်းတယမြို့နယ်၊ ၄က်ပျောတောရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၄၆/နှုန်းစစ်ကန်ရပ်)၊ (၆၇/၂၇၀)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧက ရှိမြေအား တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေငှားဂရန်အမှုတွဲအမှတ်(၁/၁၉၉၅)အရ ဗိုလ်မှူးသန်းထွန်း အမည်ဖြင့် ၂၀-၁၂-၁၉၉၅ မှ ၁၉-၁၂-၂၀၂၅ အထိ မြေငှားဂရန်ရရှိထားသည့်မြေ ဖြစ်ပါသည်။ အဆိုပါမြေကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနေမျိုးထွေး ၁၃/ပတယ(နိုင်)၀၄၈၃၇၉ မှ တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၄/၂၀၂၄) ဖြင့် တရားဝင်ဝယ်ယူလက်ရှိ ထားပြီးဖြစ်ပါသည်။ ယခုအခါ ဦးနေမျိုးထွေးမှ ယင်းမြေအား မြေငှားစာချုပ်အမည်ပြောင်းလဲရန်နှင့် သက်တမ်းတိုးရန် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ ထိုသို့ဆောင်ရွက်ထားခြင်းအပေါ် ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာဌာနများသို့ဖြစ်စေ ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ယခုကြေညာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ (၇)ရက်ကျော်လွန်ပြီးပါက ဥပဒေနှင့်အညီ မြေငှားစာချုပ်အမည်ပြောင်းလဲရန်နှင့် သက်တမ်းတိုးရန် ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးနေမျိုးထွေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇာနည်ကျော်ထွေးမြင့် (LL. B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၉၉၈၈ (၂၄-၆-၂၀၁၄)**
**အမှတ်(၁၀/၁၇၉)၊ ၁၀- ရပ်ကွက်၊ ဥမင်လမ်း၊ ကလောမြို့**
**ဖုန်း-၀၉-၄၂၈၃၅၂၄၈၀**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့် -၅ ၊နည်းဥပဒေ -၂၀ ) ပုသိမ်ကြီးမြို့နယ်တရားရုံးတော် ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၂

| | | |
|---|---|---|
| ဒေါ်ဝတ်ရည်ထက် | နှင့် | ၁။ ဒေါ်သီသီဖေ<br>၂။ ဒေါ်မဥ္ဈူ |
| (တရားလို) | | (တရားပြိုင်များ) |

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းသာယာရပ်ကွက်နေ ၁။ ဒေါ်သီသီဖေနှင့် ၂။ဒေါ်မဥ္ဈူ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဝတ်ရည်ထက်က ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု” လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်(၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဥမ္မာသန်း)**
**မြို့နယ်တရားသူကြီး(တာဝန်)**
**ပုသိမ်ကြီးမြို့နယ်တရားရုံး**

## မိဘအမည်မှန်

မိုးညှင်းမြို့နယ်၊ အထက နန်းမာ G-11 မှ မဝေဝေထွန်းနှင့် မောင်ဝေယံတို့၏ မိဘအမည်မှန်မှာ ဦးစိုးသိုက်ဝင်း ၁/မညန(နိုင်)၁၀၂၁၇၄၊ မသီတာဝင်း ၁/မညန(နိုင်)၁၄၈၈၉၀တို့ ဖြစ်ပါကြောင်း။

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

## "(၇၀)ကြိမ်မြောက် စကြာဝဠာအဖေကြီး ဦးအောင်ချမ်းသာ ပြည်တော်ဝင်ပွဲ"

ရန်ကုန်တိုင်းဒေသကြီး၊မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊(ပ. လ. ရ)ရပ်ကွက်၊(၁)နံပါတ်တွင်တည်ထားသော "အောင်ချမ်းသာ ကပ်ကျော်ဆုတောင်းပြည့်" စေတီတော်ကြီး၏မူလဘုရားဒါယကာကြီး၊"စကြာဝဠာအဖေကြီး ဦးအောင်ချမ်းသာ"၏ (၇၀)ကြိမ်မြောက် ပြည်တော်ဝင်အရိယာတက်ပွဲ အခမ်းအနားကို (၁၃၈၇)ခု၊ တန်ဆောင်မုန်းလကွယ်နေ့၊ (လပြည့်ကြီးနေ့)၊(၁၉-၁၁-၂၀၂၅) ဗုဒ္ဓဟူးနေ့နံနက်(၁၁း၀၀)နာရီ "အောင်ချမ်းသာ ကပ်ကျော်ဆုတောင်းပြည့်စေတီ" မူလ"အဖေကြီး ဦးအောင်ချမ်းသာဓာတ်နန်း"တွင် နှစ်စဉ်အစဉ်အလာမပြတ် ခမ်းနားသိုက်မြိုက်စည်ကားစွာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မြန်မာပြည်အနှံ့အပြားရှိ ပဌာန်းဆက် ဆွေတော်မျိုးတော် အပေါင်းနှင့်တပည့် သား/သမီးများအား ကြွရောက်နိုင်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

အောင်ချမ်းသာကပ်ကျော်ဆုတောင်းပြည့်စေတီ၊ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

### တစ်ဦးတည်းဖြစ်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်ခရိုင်၊ကျုံပျော်မြို့နယ်၊ ဆင်ကောင်းကြီးကျေးရွာနေ (ဘ)ဦးကျော်ကျော်နိုင်၏သမီး စီးပွားရေးတက္ကသိုလ်(ပထမ)နှစ်ဖြစ်သူ မပေရယ်ချို(ခ)နန့်ခန့်ပေရယ်ချို ၁၄/ကပန(နိုင်)၂၉၈၉၃၃တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မပေရယ်ချို (ခ)နန့်ခန့်ပေရယ်ချို**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၁၄)အခြေခံပညာအလယ်တန်းကျောင်းမှ (အလယ်တန်းပြ) ၏ တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်တွင် မောင်ဦးတင်ဝင်း၊ နိုင်ငံသားမှတ်ပုံတင်တွင် ဦးတင်ဝင်း၊ အမှုထမ်းစာအုပ်တွင် ဦးဦးတင်ဝင်း ၁၁/ရသတ(နိုင်)၀၀၂၃၂၂ သည် တစ်ဦးတည်းဖြစ်ကြောင်း။

**ဦးဦးတင်ဝင်း(ခ)ဦးတင်ဝင်း**

### ပတ်စ်ပို့ပျောက်

ထွန်းထွန်းလင်း ၁၄/ပတန(နိုင်)၂၆၄၂၇၅၏ နိုင်ငံကူးလက်မှတ်အမှတ် (MD-741495) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4P/1765 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

### ပတ်စ်ပို့ပျောက်

တောင်ကြီးမြို့၊ စဝ်စံထွန်းရပ်ကွက်နေ (ဘ)ဦးကျော်ဆန်းဝင်း၏သား မောင်ဇာနီလင်း ၁၃/တကန(နိုင်)၁၉၄၈၅၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (MI-587132)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၁၂၄၈၇**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် SHN/44770 Honda Shadow 400 ယာဉ်လက်ဝယ် ရှိသူ ဒေါ်နန်းဝင်းဝါ ၁၃/တကန(နိုင်)၃၇၉၁၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန(အောင်ပန်း)**

### ပညာရေးဝန်ကြီးဌာန
### ရန်ကုန်အဝေးသင်တက္ကသိုလ်
### လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန

Diploma in Intellectual Property Law (DIPL) (Online)

### သင်တန်းသားလျှောက်လွှာခေါ်ယူခြင်း

၁။ စီးပွားရေးကဏ္ဍတွင် အရေးပါသော မူပိုင်ခွင့်နှင့် ပတ်သက်၍ မူပိုင်ခွင့်ဆိုင်ရာအခွင့်အရေးများ၊ မူပိုင်ခွင့်ဆိုင်ရာ ခံစားခွင့်များ မူပိုင်ခွင့်ကို ဥပဒေအရ အကာအကွယ်ပေးခြင်းများကို သိရှိနားလည်စေရန်လည်းကောင်း၊ (MSMEs) အသေးစားအလတ်စား လုပ်ငန်းများကဏ္ဍတွင် လုပ်ငန်းရှင်တိုင်းသိရှိနားလည်စေရန်လည်းကောင်း ရည်ရွယ်၍ ရန်ကုန်အဝေးသင်တက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန အစီအစဉ်ဖြင့် ဥပဒေပညာဌာနက ဦးစီး၍ Diploma in Intellectual Property Law (DIPL) သင်တန်းကို လုပ်ငန်းခွင်မပျက် တက်ရောက်နိုင်ရန် Blended Learning System (Online + Face-to-Face) ဖြင့် သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

၂။ 2nd Batch, Diploma in Intellectual Property Law (DIPL) သင်တန်းအတွက် သင်တန်းသားများ ခေါ်ယူမည်ဖြစ်ပါသည်။

၃။ အဆိုပါသင်တန်းအတွက် အောက်ပါအရည်အချင်းများနှင့်ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်။ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရပါမည်။

၄။ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်းသော အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) **စတင်ဖွင့်လှစ်မည့်ရက်** - ၁၇-၁၂-၂၀၂၅ ရက်
(ခ) **သင်တန်းကာလ** - (၁၂)လ
(ဂ) **လျှောက်လွှာစတင်လက်ခံမည့်ရက်** - ၂၆-၁၁-၂၀၂၅ရက်
(ဃ) **လျှောက်လွှာပိတ်မည့်ရက်** - သတ်မှတ်ဦးရေပြည့်ပါကပိတ်ပါမည်။
(င) ဝင်ခွင့်လျှောက်လွှာတွင် အထောက်အထားများဖြင့် ပူးတွဲတင်ပြ၍ လျှောက်ထားရမည်။

၅။ သင်တန်းဝင်ခွင့် လျှောက်လွှာနမူနာပုံစံကို https://lawhrd.yude.edu.mm website တွင် ဝင်ရောက်ကြည့်ရှု နိုင်ပါသည်။

၆။ သင်တန်းဝင်ခွင့်လျှောက်လွှာများကို ရန်ကုန်အဝေးသင်တက္ကသိုလ် ၏ https://lawhrd.yude.edu.mm website မှတစ်ဆင့် ၂၆-၁၁-၂၀၂၅ ရက် နံနက် ၉နာရီမှစ၍ Online Registration ပြုလုပ်၍ လျှောက်ထားနိုင်ပါသည်။

၇။ သင်တန်းသားဦးရေကန့်သတ်ထားပါသဖြင့် သတ်မှတ်ဦးရေပြည့်ပါက Registration ပိတ်ပါမည်။ Online Registration အောင်မြင်ပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအားဝင်ခွင့်ရရှိကြောင်း email ဖြင့် အကြောင်းကြားပါမည်။

၈။ သင်တန်းနှင့်ပတ်သက်၍ ဖုန်း-၀၉-၆၈၀၈၉၉၈၅၉၉၊ ၀၁-၂၃၀၅၉၃၈၊ ၀၁-၅၂၅၁၆၄ တို့သို့ ရုံးချိန်အတွင်း အသေးစိတ်ကို မေးမြန်းစုံစမ်းနိုင်ပါသည်။

၉။ ဆက်သွယ်ရန်လိပ်စာမှာ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ဥပဒေပညာဌာန၊ သထုံလမ်းတွင် ဆက်သွယ်နိုင်ပါသည်။

**သင်တန်းကြီးကြပ်မှုကော်မတီ**
**ရန်ကုန်အဝေးသင်တက္ကသိုလ်**
**၄၇ (က)၊ အင်းလျားလမ်း၊ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**

### ကြော်ငြာစာ
### ( အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ )
### မရမ်းကုန်းခရိုင်တရားရုံး
### ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၁၀၈

**ကွယ်လွန်သူဦးသောမတ်(ခ)ဦးတင်ရွှေ၏ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၂)ရပ်ကွက်၊ သီရိ(၈)လမ်း၊ အမှတ်-၁၉၆၅ နေထိုင်ခဲ့သော ကွယ်လွန်သူဦးသောမတ်(ခ)ဦးတင်ရွှေ ၏ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊(၂)ရပ်ကွက်၊ သီရိ(၉)လမ်း၊ အမှတ်-၁၃၁တွင်နေထိုင်သူ ဦးစိုးဝင်းက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထား သဖြင့် ဤအမှုကို ၂၀၂၅ခုနှစ်၊ နိုဝင်ဘာလ ၂၄ရက် (၁၃၈၇ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးသောမတ်(ခ)ဦးတင်ရွှေ၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း၁ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင်ရုံးတော်က လျှောက်ထားသူ ဦးစိုးဝင်း၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ရဲကိုကို)
ဒုတိယခရိုင်တရားသူကြီး(၅)
မရမ်းကုန်းခရိုင်တရားရုံး

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ မကျီးချောက်ကျေးရွာနေ ဦးမျိုးဝင်း-ဒေါ်မြင့်ငွေတို့၏သား မောင်ထွန်းထွန်းဦး ၉/မထလ(နိုင်)၂၈၉၅၄၇ သည် မိဘဆိုဆုံးမမှုများအား နာခံခြင်းမရှိဘဲ မိဘများစိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးဝင်း-ဒေါ်မြင့်ငွေ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ကျန်းမာရေးဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်
### ဆေးဝါးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တွင် ဆေးကုသခံယူလျက်ရှိသော လူနာများအတွက် အသုံးပြုရန်လိုအပ်သည့် FDA အသိအမှတ်ပြု ဆေး၊ ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ မည်ဖြစ်၍ လိုင်စင်ရကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **တင်ဒါအမှတ်** - ၂/၂၀၂၅-၂၀၂၆
**တင်ဒါတင်သွင်းလွှာပုံစံ ရောင်းချမည့်ရက်နှင့်အချိန်** - ၁၇-၁၁-၂၀၂၅ ရက် (တနင်္လာနေ့) နံနက် ၉း၀၀နာရီ
**တင်ဒါပိတ်သိမ်းမည့် ရက်နှင့်အချိန်** - ၁-၁၂-၂၀၂၅ရက်၊ (တနင်္လာနေ့)၊ မွန်းလွဲ ၂း၀၀နာရီ
**နမူနာပစ္စည်းများ အပ်နှံရမည့်ရက်** - တင်ဒါတင်သွင်းသည့်နေ့

တင်ဒါအောင်မြင်ပါက တင်သွင်းမည့်ဆေးနှင့်ဆေးပစ္စည်းများသည် **နမူနာပစ္စည်းနှင့် တူညီရပါမည်။**

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ ဆေးနှင့်ဆေးပစ္စည်းများ စာရင်းအသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဆေးသိုလှောင်ရေးဌာနရုံးခန်း၊ ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ ရန်ကုန်တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါ/ ဆေး၊ ဆေးပစ္စည်းများ**
**ဝယ်ယူရရှိဆောင်ရွက်ရေးလုပ်ငန်းကော်မတီ**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ဆောက်လုပ်ရေးဝန်ကြီးဌာန
### တံတားဦးစီးဌာန
### (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

**တင်ဒါအမှတ် - (1) 3T/PROCUREMENT/REINFORCED STEEL BAR/ASTM A615,Grade 60/2025-2026(Lot-1)**
**(2) 3T/PROCUREMENT/REINFORCED STEEL BAR/ASTM A706,Grade 60/ 2025-2026(Lot-2)**
**(3) 4T/PROCUREMENT/P.C Wire & Accessories/2025-2026 (Lot-1)**
**(4) 4T/PROCUREMENT/P.C Wire & Accessories/2025-2026 (Lot-2)**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ (၂၀၂၅-၂၀၂၆) ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်မည့်တံတားများတွင် အသုံးပြုရန်အတွက် ASTM A615 (Grade 60), ASTM A706 (Grade 60) သံချောင်းလုံးအရွယ်စုံများ၊ P.C Wire နှင့် ဆက်စပ်ပစ္စည်းများအား ရန်ကုန်မြို့ရှိ တံတားလေး သိုလှောင်ဝန်းနှင့် ပျဉ်းမပင်စတို(နွယ်ခွေ) သိုလှောင်ဝန်းအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၇-၁၁-၂၀၂၅ ရက်(ရုံးချိန်အတွင်း)။
၃။ **တင်ဒါပုံစံပိတ်သိမ်းမည့်ရက်** - ၂၆-၁၁-၂၀၂၅ ရက်(ရုံးချိန်အတွင်း)။
၄။ (က) **သံချောင်းလုံးနမူနာအား Lab သို့နောက်ဆုံးပေးပို့ရမည့်ရက်** - ၂၈-၁၁-၂၀၂၅ ရက်။
(ခ) **P.C Wire & Accessoriesများ နမူနာနှင့် Mill Certificate နောက်ဆုံးပေးပို့ရမည့်ရက်** - ၂၈-၁၁-၂၀၂၅ ရက်။
၅။ **နမူနာသံချောင်းလုံးများ၏ Lab Test Result များ နောက်ဆုံးပေးပို့ရမည့်ရက်** - ၃-၁၂-၂၀၂၅ ရက်။
၆။ **တင်ဒါဖွင့်မည့်ရက်** - (တင်ဒါဖွင့်လှစ်မည့်ရက်နှင့်အချိန်အား အကြောင်းကြားပါမည်။)
၇။ တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များအား အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။
၈။ သတ်မှတ်ရက်ထက် နောက်ကျတင်သွင်းသည့် အိတ်ဖွင့်တင်ဒါများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**တံတားဦးစီးဌာန၊ ဖြည့်တင်းရေးဌာနခွဲ**
**ရုံးအမှတ် (၁၁) နေပြည်တော်၊**
**ဖုန်း-၀၉-၄၄၈၅၄၅၃၅၊ ၀၉-၄၀၁၆၄၈၃၂၆**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားတောင်၊ ပုလဲ(၃)ရပ်ကွက်၊ သရဖီလမ်း၊ အမှတ်(၇၉၅) ဟုလိပ်စာခေါ်တွင်သော မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ပတ္တမြားတောင်၊ မြေကွက်အမှတ်(၇၉၅ + ၇၉၈)ရှိ အကျယ်အဝန်း ပေ( ၆၀ x ၅၀) ရှိ ဗိုလ်ကြီးဇင်ဟူး ၂/လကန(နိုင်)၀၂၀၂၆၆ အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရား ဝင်မခွဲစိတ်ရသေးသော၊ မြေကွက်အမှတ်(၇၉၅)ဘက်အခြမ်း၊ အကျယ်အဝန်း ပေ(၃၀x၅၀)ရှိ မြေကွက် နှင့် မြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ရှင် ဗိုလ်ကြီးဇင်ဟူး ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်ခင်စန်းဝင်း ၂/လကန(နိုင်)၀၂၀၄၃၇ က အရှုပ်အရှင်းမရှိ တရားဝင် ပိုင်ဆိုင်လာခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချလို ကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးပြတ်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးမြင့်ခင် LL.B, M.A (Business Law)**
**D.B.L, D.M.L, D.I.L, D.L (101) WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၁၈)**
**အမှတ် - ၁၅-၁၇ F၊ ပန်းလှိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၃၅၄၄၃၉ ၊ ayemyintkhin84@gmail.com**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

### စက်မှုဝန်ကြီးဌာန
### မြန်မာ့ဆေးဝါးလုပ်ငန်း
### ဆေးဝါးစက်ရုံ(အင်းစိန်)အတွက်
### ဆေးဝါးကုန်ကြမ်း(၃)မျိုး အဝယ်တင်ဒါ

၁။ ဝယ်ယူမည့်ပစ္စည်းအမည်နှင့် အရေအတွက်

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| | ဆေးဝါးကုန်ကြမ်း(၃)မျိုး | |
| (က) | Azithromycin Dihydrate | ၅၂၅ kg |
| (ခ) | Brown Dye | ၃ kg |
| (ဂ) | Metronidazole BP(100 mesh) | ၅၀၀ kg |

၂။ နိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီဖြစ်ရမည်။ နိုင်ငံတော်မှ သတ်မှတ်ထားသည့်အခွန်များပေးဆောင်ပြီးသည့် ကုမ္ပဏီဖြစ်ရမည်။

၃။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၇-၁၁-၂၀၂၅ရက်၊
၄။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၁၁-၂၀၂၅ရက်၊ (၁၆း၀၀)နာရီ
၅။ **ပစ္စည်းပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ(အင်းစိန်)
၆။ **တင်ဒါပေးသွင်းရမည့်နေရာ** - ဥက္ကဋ္ဌ၊ တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ၊ မြန်မာ့ဆေးဝါးလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၇။ တင်ဒါပုံစံ၊ တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏စံချိန်စံညွှန်း၊ အရည်အသွေးသတ်မှတ်ချက်များနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမြန်းနိုင်ပါသည်-

| | |
|---|---|
| **မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)** | **တယ်လီဖုန်းအမှတ်** |
| **စက်မှုဝန်ကြီးဌာန၊** | **ဖုန်း-၀၆၇၃-၄၀၈၃၈၈** |
| **ရုံးအမှတ်(၃၇)၊ နေပြည်တော်။** | **ဖုန်း-၀၆၇၃-၄၀၈၃၅၄** |

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၃၆၄)၊ ဧရိယာ ၀ ဒသမ ၀၉၂ ဧကရှိ မြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ မြို့ကွက်သစ်(၃)နေ ဦးစံလင်းဦးမှ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမှုနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ လျှောက်ထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစံလင်းဦး**
**၁၄/ပတန (နိုင်) ၀၉၅၇၀၇**
**မြို့ကွက်သစ်(၃)၊ မြို့ကွက်သစ်ရပ်ကွက်၊ ပန်းတနော်မြို့**

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ အကွက်အမှတ်(၂ မြို့ကွက်သစ်)၊ ဦးပိုင်အမှတ်(၃၆၃)၊ ဧရိယာ ၀ ဒသမ ၀၉၂ ဧကရှိမြေအား မအူပင်ခရိုင်၊ ပန်းတနော်မြို့၊ မြို့ကွက်သစ်ရပ်ကွက်၊ မြို့ကွက်သစ်(၃)နေ ဦးစံလင်းဦးမှ မြေငှားဂရန်အမည်ပြောင်း လျှောက်ထားမှုနှင့် ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထားများနှင့်အတူ မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြလျှောက်ထား ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ဤကြော်ငြာစာပါသည့်ရက်မှ (၁၅)ရက်အတွင်း ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးစံလင်းဦး**
**၁၄/ပတန (နိုင်) ၀၉၅၇၀၇**
**မြို့ကွက်သစ်(၃)၊မြို့ကွက်သစ်ရပ်ကွက် ၊ ပန်းတနော်မြို့**

### ဒေါ်သူဇာအေး (၆/ကသန (နိုင်) ၀၅၄၃၈၇)
### (ဘ) ဦးငွေအောင် သိရှိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့နယ်၊ မြို့မရပ်ကွက်၊ (၂)လမ်း၊ အမှတ်(၃၄)နေ ဦးရန်နိုင်ထွန်း ၇/အဖန(နိုင်)၀၈၄၆၁၇၏ လွှဲအပ် ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးရန်နိုင်ထွန်းနှင့်ဒေါ်သူဇာအေးတို့သည် ၂၅-၁၂- ၂၀၁၉ ရက်တွင် အုတ်ဖိုမြို့နယ်၌ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ လက်ထပ်ထိမ်းမြားခဲ့ပြီး သားသမီးတစ်စုံတစ်ဦး ထွန်းကားခဲ့ခြင်းမရှိပါ။ ဒေါ်သူဇာအေး သည် ၂၅-၁-၂၀၂၃ ရက်တွင် ဦးရန်နိုင်ထွန်းနှင့် ပေါင်းသင်းနေထိုင်ရာနေအိမ်မှ နှစ်ဦးပိုင်လက်ထက်ပွားပစ္စည်းအရပ်ရပ်အား တစ်ဦးတည်းယူဆောင်ကာ ထွက်သွားခဲ့ပြီး ဦးရန်နိုင်ထွန်းနှင့်အတူ နေထိုင်ခြင်းမရှိတော့သလို အကြင်လင်မယား ဆက်ဆံရေး ပြတ်တောက်ခဲ့သည်မှာ (၂)နှစ်ကျော်(၃)နှစ်နီးပါးကာလရှိပြီဖြစ်သဖြင့် အဆိုပါကာလအတွင်း ဒေါ်သူဇာအေးနှင့် ဦးရန်နိုင်ထွန်းတို့သည် မည်သည့်ကိစ္စအဝဝနှင့်မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ကြောင်း ဦးရန်နိုင်ထွန်းမှ တင်ပြပြောဆိုလာခဲ့ပါသည်။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးရန်နိုင်ထွန်းသည် ဒေါ်သူဇာအေး နှင့် လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့သောကြောင့် တရားဝင် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲလိုသည့် ဆန္ဒရှိနေပါသည်။

ဒေါ်သူဇာအေး သည် မိတ်ဆွေတစ်ဦးမှတစ်ဆင့် ဦးရန်နိုင်ထွန်း ထံ ဆက်သွယ်၍ လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးမည်ဖြစ်ကြောင်းနှစ်ကြိမ်တိုင်တိုင် ဆက်သွယ်ပြောဆိုလာခဲ့ပြီး ကွာရှင်းပြတ်စဲပေးရန် နေ့ရက်များအား ချိန်းဆိုလာခဲ့သော်လည်း အဆိုပါနေ့ရက်များတွင် လာရောက်၍ ဦးရန်နိုင်ထွန်း နှင့် လင်မယား ကွာရှင်းခြင်းကို ဆောင်ရွက်ပေးခြင်းမရှိကြောင်း ကျွန်ုပ်ထံ ဦးရန်နိုင်ထွန်းမှ တင်ပြပြောဆိုလာခဲ့ပါသည်။

ဒေါ်သူဇာအေးအနေဖြင့် ဦးရန်နိုင်ထွန်းနှင့် လင်မယားကွာရှင်းရန် ဆန္ဒရှိသော်လည်း ယနေ့တိုင် ကွာရှင်းပြတ်စဲခြင်းအား ပြုလုပ်ဆောင်ရွက်ပေးခြင်း မရှိသဖြင့် ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လင်မယားကွာရှင်းခြင်းကိစ္စကို အေးချမ်းသိက္ခာရှိစွာပြီးဆုံး၍ ကျွန်ုပ်မိတ်ဆွေ ဦးရန်နိုင်ထွန်းနှင့် တရားဝင်ကွာရှင်းနိုင်ရန်အတွက်ကျွန်ုပ်ထံသို့ ဆက်သွယ်အကြောင်း ပြန်ကြားပေးပါရန် အသိပေးအပ်ပါသည်။ လိုက်နာဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း တစ်ပါတည်းအသိပေး လိုက်ပါသည်။

**ဦးရန်နိုင်ထွန်း၏တင်ပြလွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးရန်လင်းမောင် LL.B,D.B.L,D.M.L, D.I.L** | **ဒေါ်ပွင့်ခိုင်ဖြူ LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ် -၁၂၂၇၂ /၂၀၁၇** | **စဉ်-၁၂၂၄၅/၂၀၁၇** |

**အမှတ်-၂၃၁၊ ကမ်းနားလမ်း၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်**
**ကြည့်မြင်တိုင်မြို့နယ်၊ဖုန်း -၀၉-၅၁၀၇၆၂၀၊ ၄၂၃၇၂၈၂၂၅**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4R/9188 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်နယ်အစိုးရအဖွဲ့ ကယားပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်အစိုးရအဖွဲ့ရုံး၏ ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေ ၅။ အခြား (ပြန်လည်ထူထောင်ရေး လုပ်ငန်းများ)ဖြင့် ဆောင်ရွက်မည့် လုံခြုံရေးဆိုင်ရာ စက်ကိရိယာဝယ်ယူခြင်း လုပ်ငန်း(၁)ခုအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၁၆-၁၁-၂၀၂၅) ရက်မှ (၂၉-၁၁-၂၀၂၅) ရက်ထိ
**တင်ဒါလျှောက်လွှာ ပိတ်မည့်ရက်နှင့်အချိန်** - (၃၀-၁၁-၂၀၂၅)ရက်၊ (၁၆:၀၀)နာရီ
**တင်ဒါတင်သွင်းရမည့် နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
တင်ဒါဖွင့်လှစ်မည့်ရက်နှင့် အချိန်နေရာတို့အား ထပ်မံကြေညာပါမည်။

၃။ ဆောင်ရွက်မည့်လုပ်ငန်း၏ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံးသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

**တင်ဒါကော်မတီ၊ ကယားပြည်နယ်အစိုးရအဖွဲ့ရုံး**

## အမည်မှန်

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ ဘ/က-၁၅ (Grade-2) မှ မလင်းလက်ချို (ဘ) ဦးဆန်းဝင်းဦး ၏ အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ မအိမ့်မြတ်နိုးချို ဖြစ်ပါကြောင်း။ **မအိမ့်မြတ်နိုးချို**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/54736 Wuyang Honda 125 ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်တိုး ၇/ပတန(နိုင်)၁၀၇၇၇၀က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ တိလောစခန်းကြီးကျေးရွာအုပ်စု၊ စခန်းကြီးကျေးရွာအတွင်းရှိ အောက်ဖော်ပြပါ မြေကွက်များအား ဦးကိုကို ၁၂/ရကန(နိုင်)၀၂၄၆၃၇ အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးထားရှိပြီး အဆိုပါမြေကွက်များအား ဦးကိုကိုထံမှ ဒေါ်ချိုချိုဇင်လှိုင် ၁၂/ထတပ(နိုင်)၀၆၃၈၅၈ သည် မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ရောင်းချ/ဝယ်ယူပြီးဖြစ်၍ အောက်ပါအတိုင်း မြေငှားဂရန်သစ်လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

| စဉ် | အမှုတွဲအမှတ် | လျှောက်ထားသူ အမည် | တည်နေရာ (ကျေးရွာအုပ်စု) | ကွင်း/အကွက် အမှတ်နှင့်အမည် | ဦးပိုင် အမှတ် | ဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၁၆၁/၂၀၂၅ | ဒေါ်ချိုချိုဇင်လှိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၂/၁-ဈ | ၀.၁၆၉ | ဂရန်သစ် |
| ၂ | ၁၆၂/၂၀၂၅ | ဒေါ်ချိုချိုဇင်လှိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၂/၁-ဏ | ၀.၁၄၉ | ဂရန်သစ် |
| ၃ | ၁၇၇/၂၀၂၅ | ဒေါ်ချိုချိုဇင်လှိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၂/၂-ဇ | ၀.၁၃၅ | ဂရန်သစ် |
| ၄ | ၁၇၈/၂၀၂၅ | ဒေါ်ချိုချိုဇင်လှိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၂/၁-ဆ | ၀.၁၆၉ | ဂရန်သစ် |
| ၅ | ၁၇၉/၂၀၂၅ | ဒေါ်ချိုချိုဇင်လှိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၂/၂-ဆ | ၀.၁၅၃ | ဂရန်သစ် |
| ၆ | ၁၈၀/၂၀၂၅ | ဒေါ်ချိုချိုဇင်လှိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၂/၁-တ | ၀.၁၁၈ | ဂရန်သစ် |
| ၇ | ၁၈၁/၂၀၂၅ | ဒေါ်ချိုချိုဇင်လှိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၂/၂-ဈ | ၀.၁၃၅ | ဂရန်သစ် |

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ညောင်ရွှေမြို့နယ်၊ တိလောစခန်းကြီးကျေးရွာအုပ်စု၊ စခန်းကြီးကျေးရွာအတွင်းရှိ အောက်ဖော်ပြပါ မြေကွက်များအား ဒေါ်ယဉ်လဲ့ဖြူ ၁၂/သဃက(နိုင်)၁၆၁၀၀၀ အမည်ဖြင့် မြေပေးမိန့်ထုတ်ပေးထားရှိပြီး အဆိုပါမြေကွက်များအား မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆိုကာ ရောင်းချ/ ဝယ်ယူပြီးဖြစ်၍ အောက်ပါအတိုင်း မြေငှားဂရန်သစ် လျှောက်ထားလာမှုအပေါ် မည်သူမဆိုကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကလောခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်-

| စဉ် | အမှုတွဲအမှတ် | လျှောက်ထားသူ အမည် | တည်နေရာ (ကျေးရွာအုပ်စု) | ကွင်း/အကွက် အမှတ်နှင့်အမည် | ဦးပိုင် အမှတ် | ဧရိယာ | မှတ်ချက် |
|---|---|---|---|---|---|---|---|
| ၁ | ၁၆၃/၂၀၂၅ | ဦးမောင်မောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ယ | ၀.၁၅၃ | ဂရန်သစ် |
| ၂ | ၁၆၄/၂၀၂၅ | ဒေါ်စံနှင်းခိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ခ | ၀.၁၈၀ | ဂရန်သစ် |
| ၃ | ၁၆၅/၂၀၂၅ | ဒေါ်စံနှင်းခိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ဃ | ၀.၁၅၀ | ဂရန်သစ် |
| ၄ | ၁၆၆/၂၀၂၅ | ဒေါ်စံနှင်းခိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ဃ | ၀.၁၅၉ | ဂရန်သစ် |
| ၅ | ၁၆၇/၂၀၂၅ | ဒေါ်စံနှင်းခိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ဋ | ၀.၁၅၁ | ဂရန်သစ် |
| ၆ | ၁၆၈/၂၀၂၅ | ဒေါ်စံနှင်းခိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-င | ၀.၁၅၀ | ဂရန်သစ် |
| ၇ | ၁၆၉/၂၀၂၅ | ဒေါ်စံနှင်းခိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ဇ | ၀.၁၅၁ | ဂရန်သစ် |
| ၈ | ၁၇၀/၂၀၂၅ | ဒေါ်စံနှင်းခိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ဈ | ၀.၁၅၁ | ဂရန်သစ် |
| ၉ | ၁၇၁/၂၀၂၅ | ဒေါ်စံနှင်းခိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ဒ | ၀.၁၆၀ | ဂရန်သစ် |
| ၁၀ | ၁၇၂/၂၀၂၅ | ဦးမောင်မောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-မ | ၀.၁၅၃ | ဂရန်သစ် |
| ၁၁ | ၁၇၃/၂၀၂၅ | ဦးမောင်မောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ဘ | ၀.၁၅၁ | ဂရန်သစ် |
| ၁၂ | ၁၇၄/၂၀၂၅ | ဦးမောင်မောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ဖ | ၀.၁၂၅ | ဂရန်သစ် |
| ၁၃ | ၁၇၅/၂၀၂၅ | ဦးမောင်မောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ပ | ၀.၁၄၄ | ဂရန်သစ် |
| ၁၄ | ၁၇၆/၂၀၂၅ | ဦးမောင်မောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ဗ | ၀.၁၂၅ | ဂရန်သစ် |
| ၁၅ | ၁၈၂/၂၀၂၅ | ဦးဖြိုးအောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ဟ | ၀.၁၈၆ | ဂရန်သစ် |
| ၁၆ | ၁၈၃/၂၀၂၅ | ဦးဖြိုးအောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-လ၂ | ၀.၁၅၅ | ဂရန်သစ် |
| ၁၇ | ၁၈၄/၂၀၂၅ | ဦးဖြိုးအောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-သ | ၀.၁၅၆ | ဂရန်သစ် |
| ၁၈ | ၁၈၅/၂၀၂၅ | ဦးဖြိုးအောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-ရ | ၀.၁၅၃ | ဂရန်သစ် |
| ၁၉ | ၁၈၆/၂၀၂၅ | ဦးဖြိုးအောင်ဇင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁/၃-လ၁ | ၀.၁၅၅ | ဂရန်သစ် |
| ၂၀ | ၁၈၇/၂၀၂၅ | ဒေါ်စံနှင်းခိုင် | တိလောစခန်းကြီး | ၁/စခန်းကြီးရွာကွင်း | ၁၁ /၃-ဏ | ၀.၁၆၀ | ဂရန်သစ် |

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ကလောမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 51W /22556 Dayang 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မေလွင်ဦး ၈/မကန(နိုင်)၂၂၄၇၆၀ က (ကမ-၃)ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 44W/79801 Kuyak 125 ယာဉ်လက်ဝယ်ရှိသူ Sabai Thinn Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/80068 Wuyang Honda 125 ယာဉ်လက်ဝယ်ရှိသူ Mani Mandai Co.,Ltd က (ကမ-၃) ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ် ဆောင်ရွက်ပါရန်။

**ကညန၊ တိုင်းရုံး(မကွေး)**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဇေယျာသီရိမြို့နယ်၊ ဝဲကြီးကျေးရွာနေ ဒေါ်သင်းသင်းလှိုင်၏ သမီး မကေသီမျိုး ၉/ဇယသ(နိုင်)၀၂၆၆၃၆ သည် မိခင်စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသောကြောင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို တာဝန်မယူပါ။ **မိခင် ဒေါ်သင်းသင်းလှိုင်**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၅၅)၊ ရွှေပုပ္ပားလမ်း၊ အမှတ်(၇၁၁)၊ အကျယ်အဝန်း(၂၀' x ၆၀')ရှိသည့် (ခေါင်းရင်းခြမ်း)မြေကွက်နှင့် ဦးအောင်ရွှေထွန်း (I-TBN - ၀၃၉၁၆၄) အမည်ပေါက် မြေချပါမစ်မူရင်းနှစ်ရွက်တို့အားအရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးအောင်ထွန်းထွန်း ၁၂/သဃက(နိုင်)၁၈၇၉၁၄ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တိုးတိုးလှ ၁၂/ဥကတ(နိုင်)၀၆၅၄၇၆က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခဲ့ခြင်းမရှိခဲ့ပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီဂီအေး (စဉ်-၁၄၈၁၉) LL.B, DBL (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၈၇/ခ)၊ နန္ဒဝန်လမ်း၊ (၂၀/က)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာလမ်း၊ အမှတ် (၁၁၅)နေ ၁။ ဦးမြင့်ဇော် ၁၂/ဥကတ(နိုင်) ၀၀၅၄၄၅၊ ၂။ ဒေါ်ကြည်ကြည်ဝင်း ၁၂/ဥကတ(နိုင်) ၀၀၅၄၃၃၊ ၃။ ဒေါ်မို့မို့ခင် ၁၂/ဥကတ(နိုင်)၀၈၄၅၈၅)နှင့် ၄။ ဒေါ်ခင်ခင်ထွေး ၁၂/ဥကတ(နိုင်)၀၀၅၄၆၂ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မရာဇာလမ်း၊ အမှတ်(၁၁၅)ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ်-၁၁၅(က/ခ)၊ အကျယ်အဝန်း (၅၀ပေx၆၀ပေ)၊ နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် (၈)ထပ်(RC)၊ (၂၅ပေ x ၆၀ပေ)ရှိ အဆောက်အအုံသစ် (၂)လုံးကို အခန်းပေး၊ အခန်းယူစနစ်ဖြင့် ဆောက်လုပ်ရန်အတွက် "ရွှေလပ်ကီးနဂါး ဆောက်လုပ်ရေး" နှင့် မြေရှင် (၄)ဦးတို့ ၉-၈-၂၀၂၃ ရက်တွင် နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုခဲ့ကြပါသည်။ ယခုအခါတွင် နှစ်ဖက်စလုံးမှ တိုက်သစ်ဆောက်လုပ်ရန် ဆန္ဒမရှိတော့သဖြင့် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူကြ၍ (၁၄-၁၁-၂၀၂၅)ရက်စွဲပါ မြေရှင်နှင့် "ရွှေလပ်ကီးနဂါး ဆောက်လုပ်ရေး"တို့ တိုက်သစ်ဆောက်လုပ်ရန် ချုပ်ဆိုထားသည့် နှစ်ဦးသဘောတူစာချုပ်အား ဖျက်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

သို့ဖြစ်ပါ၍ ထိုမြေကွက်နှင့်ပတ်သက်၍ "ရွှေလပ်ကီးနဂါး ဆောက်လုပ်ရေး"မှ ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းများကို ရောင်းချခဲ့သည်များရှိခဲ့သော် မြေပိုင်ရှင်များနှင့် လုံးဝပတ်သက်ဆက်နွှယ်မှုမရှိဘဲ "ရွှေလပ်ကီးနဂါး ဆောက်လုပ်ရေး"မှ တာဝန်ယူဖြေရှင်းပေးရမည်ဖြစ်သောကြောင့် ကြိုပွိုင့်ဝယ်ယူထားသူများရှိခဲ့ပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်၍အကြောင်းကြားပေးပါရန်အတွက် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးအေးချို (LL.B) (စဉ်-၇၈၂၈) ဦးဇော်ဇော် (LL.B) (စဉ်-၁၉၄၅၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၁၁)၊ ၁၅၇လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်မြို့၊ Ph: 09-5278394, 09-254378207**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဓမ္မစိန္တာလမ်း၊ အမှတ်(၄၆) ဟုခေါ်တွင်သော (၂)ခန်းတွဲ (၈)ထပ်တိုက်၏ မြေညီထပ်(တိုက်ရှေ့မျက်နှာမူလျှင်-ယာဘက်)၊ အကျယ်အဝန်း ပေ(၁၅ x ၆၀)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါတိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်မြင့်မြင့်ဌေး ၉/မနတ(နိုင်)၀၇၈၀၇၅ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သီတာရွှေ ၁၁/ကဖန(နိုင်)၁၀၈၆၀၇ က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ပြုလုပ်သည့် တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ်ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းဇော်ဦး (LL.B) (စဉ် - ၁၂၄၆၉)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၁)၊ ပထမထပ်၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉-၅၁၁၅၉၉၀၊ ၀၉-၄၂၀၀၈၆၆၆၈၊ ၀၉-၉၅၅၃၅၅၃၅၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ကလောခရိုင်၊ ကလောမြို့နယ်၊ ကလောမြို့၊ အမှတ်(၂)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆/စခန်းသာရပ်)၊ ဦးပိုင်အမှတ် (၅၆)၊ မြေကွက်အမှတ်(67)၊ မြေဧရိယာ ၀ ဒသမ ၉၃၃ ဧကရှိမြေအား မူလက ဦးညွှန့်နိုင်(ခ) ဦးမြင့်ဆွေ ၁၃/ကလန(နိုင်)၀၀၇၈၁၉ အမည်ဖြင့် နှစ် (၃၀)သက်တမ်းရှိ မြေငှားဂရန် ထုတ်ပေးထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမြေကွက်၏ မြေဧရိယာ ၀ ဒသမ ၉၃၃ ဧကအနက်မှ ၀ ဒသမ ၂၁၈ ဧကအား ဦးညွှန့်နိုင်(ကွယ်လွန်)၏ ဇနီးဖြစ်သူ ဒေါ်ခင်လှဝင်းထံမှ ဦးအောင်ထက်ဝင်းသည် ကလောမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ၁၉-၉-၂၀၂၅ ရက်စွဲပါ စာချုပ်အမှတ် (၁၅၃/၂၀၂၅)ဖြင့် ရောင်းချ/ဝယ်ယူပြီးဖြစ်၍ ဦးအောင်ထက်ဝင်း ၁/မကတ(နိုင်)၀၇၂၇၅၈ မှ မြေငှား ဂရန်ခွဲစိတ်လျှောက်ထားခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် မည်သူမဆို ကန့်ကွက်လိုပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အတွင်း ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားလာမှုအား ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကလောမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ Estella Townhouses မြေနှင့်အဆောက်အအုံအမှတ် (၂၇၁)၊ လမ်းအမည် (Lane-5)၊ ခန့်မှန်းမြေဧရိယာ (၁၂၁၀) စတုရန်းပေ၊ ခန့်မှန်း အဆောက်အအုံ ဧရိယာ (၁၂၇၇) စတုရန်းပေရှိ မြေနှင့်အဆောက်အအုံတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဒေါ်ဆွေဆွေတင် ၁၂/မရက(နိုင်)၀၅၉၃၆၉ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာချုပ်စာတမ်းများနှင့်အတူ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးပုလဲသွယ်**
**၁၂/အစန(နိုင်)၂၀၃၆၂၉**
**ဖုန်း-၀၉-၄၅၆၀၅၁၉၉၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲမြို့ကွက်သစ်ရပ်ကွက်နေ ဦးဝင်းကြည် ၁၃/ဖခန (နိုင်)၀၃၅၁၀၀ နှင့် ဒေါ်စိန်ဥ ၈/နမန(နိုင်)၀၄၄၇၃၇ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝင်းကြည်နှင့် ဒေါ်စိန်ဥတို့၏ သမီးဖြစ်သူ မနေသူဇာ ၁၃/ဖခန(နိုင်)၀၆၀၄၉၂ သည်မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘများစိတ်ဆင်းရဲစေသောကိစ္စရပ်များကို အကြိမ်ကြိမ်အခါခါ ပြုလုပ်လျက်ရှိပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သော ကိစ္စဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းကြည်နှင့် ဒေါ်စိန်ဥ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီနီရဲဝင်း**
**(တရားလွှတ်တော်ရှေ့နေ - စဉ် ၁၆၁၂၁/၂၀၁၉)**
**တိုက်(၁)၊ အခန်း(၉)၊ တိုက် ၆လုံး ဝန်ထမ်းအိမ်ရာ၊**
**မင်္ဂလာဦးရပ်ကွက်၊ တောင်ကြီးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာ အတွင်းရှိ သန်လျင်ရိပ်မွန်အိမ်ရာ၊ Star City Condo တိုက်အမှတ် A-5၊ အခန်းအမှတ်(605)၊ အခန်းအမျိုးအစား 2 bedroom အကျယ်အဝန်းဧရိယာ (905)စတုရန်းပေရှိသော ကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းတွင်းပါရှိသော လျှပ်စစ်ပစ္စည်းများ၊ ပရိဘောဂများ တိုက်ခန်းတွင်ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ပိုင်ရှင်ဖြစ်သူ ဒေါ်ကြည်သာလင်း ၁၂/ဥကတ (နိုင်)၀၀၂၄၇၆ ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ် ဒေါ်သက်မာအေး ၁၂/တမန (နိုင်)၀၀၃၈၉၃ မှ စရန်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်လုပ်ဆောင်သွားပါမည်။

**ဒေါ်သက်မာအေး**
**ဖုန်း-၀၉-၇၅၂၅၈၉၀၁၁**

❖ **သစ်တောသယံဇာတပေါကြွယ်ဝမှုနှင့် နိုင်ငံ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးသည် တိုက်ရိုက်ဆက်စပ်နေတာဖြစ်သည့်အတွက် သစ်တောဖုံးလွှမ်းမှုတိုးပွားလာသည်နှင့်အမျှ ဂေဟစနစ်ဝန်ဆောင်မှုတွေ ပိုမိုကောင်းမွန်လာမည်ဖြစ်...**

❖ **သစ်၊ ဝါး၊ ကြိမ်အစရှိသည့် သစ်တောထွက်ပစ္စည်းအမျိုးမျိုး ပိုမိုထုတ်လုပ်လာနိုင်ကာ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၅ ခုနှစ် ဒုတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။**



တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်း ဆောင်ရွက်မှုကို တွေ့ရစဉ်။

# တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးလေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသည့် ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်း ပြန်လည်ထွက်ခွာ

**နေပြည်တော် နိုဝင်ဘာ ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ တတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်းဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီးလည်ပတ်ရန် နိုဝင်ဘာ ၁၀ ရက်တွင် ရန်ကုန်မြို့၌ရောက်ရှိနေသော ရုရှားရေတပ် Pacific Fleet မှ စစ်ရေယာဉ်သုံးစင်းတို့သည် ပင်လယ်ပြင်၌ လက်တွေ့လေ့ကျင့်ခန်းများဆောင်ရွက်ရန် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့်အတူ နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ လေ့ကျင့်ခန်းဧရိယာသို့ထွက်ခွာရာ တပ်မတော်(ရေ) မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ ချစ်ကြည်ရေးခရီးရောက်ရှိနေသည့် ရုရှားရေတပ်မှ ဒုတိယရေတပ်ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး Aleksei Anatolievich Kiiashko၊

*စာမျက်နှာ ၂၁ ကော်လံ ၁* ❖

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်

သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက် ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉၀၀ နာရီမှ ညနေ ၁၆၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကိုပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ခေတ်သစ်ပြည်သူ့ပါတီနှင့် လေဘာပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ဖော်ပြပါရှိ

နေပြည်တော် နိုဝင်ဘာ ၁၅

ခေတ်သစ်ပြည်သူ့ပါတီနှင့် လေဘာပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ နှင့် ၁၇ တို့တွင် ဖော်ပြပါရှိပါသည်။

မြန်မာ့အလင်း

